ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်၊ အင်္ဂါနေ့ (7-5-2013) (၇၄၇၃)

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

တစ်ဖက်နဲ့တစ်ဖက် အပြစ်တင်ခြင်းများ ရပ်တန့်ပြီး လက်တွေ့ကျတဲ့နည်းလမ်းများနဲ့ ကိုင်တွယ်ဖြေရှင်း အနာဂတ်မှာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာရေး လုပ်ဆောင်

ရခိုင်ပြည်နယ် ပဋိပက္ခများစုံစမ်းရေးကော်မရှင် အစီရင်ခံစာနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားသည့် မိန့်ခွန်း (၆-၅-၂၀၁၃)

ယနေ့ မြန်မာနိုင်ငံနဲ့ မြန်မာ့လူ့အဖွဲ့အစည်းအတွက် ကျွန်တော်တို့ အစိုးရအနေနဲ့ ကြိုးပမ်းဆောင်ရွက်နေတဲ့ အသွင်ကူးပြောင်းရေးဖြစ်စဉ်များဟာ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့မယ့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်၊ စစ်အုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီစနစ်အခြေပြု အုပ်ချုပ်ရေးစနစ်သို့ ကူးပြောင်းမှုဖြစ်စဉ်နဲ့ ဗဟိုချုပ်ကိုင်သော စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးရှင်သန်တဲ့ ခေတ်မီအမျိုးသားစီးပွားပုံစံချ တည်ဆောက်မှုဖြစ်စဉ်တွေကို ဖော်ဆောင်လျက်ရှိတဲ့ သုံးပွင့်ဆိုင် အပြိုင် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ အခုလိုကြီးမားတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေနဲ့ ပြည့်နက်နေတဲ့ အပြောင်းအလဲတွေကို အောင်မြင်အောင်ကြိုးပမ်း ဆောင်ရွက်နိုင်ကြမယ်ဆိုရင် နိုင်ငံသားတစ်ဦးချင်းစီရဲ့ မျှော်လင့်ချက်များ ရှင်သန်နိုင်တဲ့ ပွင့်လင်းလွတ်လပ်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ဒီလိုလှပတဲ့ အနာဂတ်ကို ပိုင်ဆိုင်နိုင်မယ်ဆိုရင် အခွင့်အလမ်းများရရှိထားပေမယ့် တစ်ချိန်တည်းမှာပဲ အမှားမခံနိုင်တဲ့ အခြေအနေ၊ အချိန်အခါမျိုးလည်း ဖြစ်တဲ့အတွက် စိတ်ခံစားမှုများကိုရှေ့တန်းတင်တဲ့၊ လွဲမှားတဲ့၊ အယူသီးအစွန်းရောက်တဲ့ လုပ်ရပ်တွေကြောင့် ဆုံးရှုံးမှုတွေနဲ့ အန္တရာယ်တွေကို ကြုံတွေ့နိုင်ပါတယ်။ ဒါတွေကိုရှောင်လွှဲနိုင်ဖို့ ကျွန်တော်တို့ တစ်ဦးချင်းစီမှာ တာဝန်ရှိကြောင်းကိုလည်း အလေးအနက် ပြောကြားလိုပါတယ်။

၂၀၁၂ ခုနှစ်အတွင်းမှာ ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေရဲ့ အကြောင်းအရင်းများကို စနစ်တကျ ရှာဖွေဖော်ထုတ်ဖို့နဲ့ အလားတူပဋိပက္ခများ ထပ်မံမဖြစ်ပွားစေဖို့ဆိုတဲ့ ရည်ရွယ်ချက်များနဲ့ ရခိုင်ပြည်နယ်ပဋိပက္ခများ စုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ယင်းကော်မရှင်ရဲ့ အစီရင်ခံစာကို ၂၀၁၃ ခုနှစ် ဧပြီလ ၂၉ ရက်နေ့မှာ တရားဝင်ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဒီအစီရင်ခံစာကို အသေအချာ လေ့လာဖတ်ရှုကြည့်တဲ့အခါမှာ ဘက်ပေါင်းစုံကနေ စနစ်တကျ အသေးစိတ်လေ့လာသုံးသပ် ပြထားတာကို တွေ့ရတဲ့အတွက် လက်တွေ့ကျပြီး ပြည့်စုံကောင်းမွန်တဲ့ အစီရင်ခံစာတစ်ခုဖြစ်တယ်ဆိုတာကို တွေ့ရှိရမှာဖြစ်သလိုနိုင်ငံတော်အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များရဲ့ စေတနာထားကြိုးပမ်းဆောင်ရွက်မှုများကိုလည်း အသိအမှတ်ပြုကြရမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

ရေနံချောင်းမှ ပင်းချောင်းတံတားသစ်ကြီး အောင်မြင်စွာ ဆောက်လုပ်ပြီးစီး

မကွေးတိုင်း ဒေသကြီးတွင် ချောင်းများမြောက်မြားစွာရှိသည်။ ထိုချောင်းများထဲမှ ယင်းချောင်း၊ ဒေါင်းနေချောင်းနှင့် ပင်းချောင်းတို့မှာ အကျယ်ဆုံးနှင့် အကြီးဆုံးချောင်းကြီး သုံးချောင်းဖြစ်သည်။ မိုးတွင်းကာလတွင် ထိုချောင်းကြီးများထဲတွင် ချောင်းရေကျပါက ခရီးသည်ကားများ၊ ကုန်ကားများ၊ ကိုယ်ပိုင်ကားများမှာ ချောင်းရေကျသည်အထိ နှစ်ည၊ သုံးည စောင့်အိပ်ကြရသည်။ ထို့အပြင် အတင့်ရဲ၍ ကားများ ချောင်းရေထဲဖြတ်ကူးပါက ချောင်းသဲနစ်၍ လူအင်အား၊ နွားလှည်းများဖြင့် ဆွဲယူရသည်အထိ ဒုက္ခရောက်ကြသည်။ တစ်ခါတစ်ရံ ချောင်းရေဖြင့် ကားများရေထဲမျောပါပြီး လူ့အသက်ကိုပါ ဆုံးရှုံးခဲ့ကြရသည်။ ထိုချောင်းကြီး သုံးချောင်း၏ ချောင်းရေဒဏ်ကို နှစ်ပေါင်းများစွာ ခံစားခဲ့ကြရသည်။ ချောင်းရေကြောင့် ကားသမားများ ဒုက္ခရောက်ကြသည်။ ခရီးသည်များ စားရေးသောက်ရေး ဆင်းရဲဒုက္ခရောက်ခဲ့ကြသည်။ ထိုချောင်းကြီးများ၏ ဘေးဒုက္ခဆိုးကြီးများကို နိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာနက ခေတ်မီတံတားကြီးများ ဆောက်လုပ် ပေးခဲ့သောကြောင့် ချောင်းရေဒဏ်မှ ကာကွယ်နိုင်ခဲ့သဖြင့် ကားသမားများနှင့် ခရီးသွားများမှာ စိတ်ချမ်းသာခဲ့ကြရသည်။

သတင်းမှတ်တမ်းနှင့် ဓာတ်ပုံ
တင်လှိုင်(မိတ္ထီလာ)

မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး-တောင်တွင်းကြီးကားလမ်းရှိ ယင်းချောင်းတံတားနှင့်မကွေး-ရေနံချောင်းကားလမ်းပေါ်ရှိ ဒေါင်းနေချောင်းတံတားများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ခေတ်မီတံတားသစ်ကြီးများ ဆောက်လုပ်ပေးခဲ့သဖြင့် ချောင်းရေ ဘေးဒုက္ခမှခရီးသွားများနှင့် ကားသမားများ ကင်းလွတ်ကြရသဖြင့်

စာမျက်နှာ ၃ ကော်လံ ၄ သို့ ✱

ဦးအောင်နိုင်
(ရွှေတံဆိပ်ဆုရှင်-CPA)
B.Com (Q); CPA; FLCCI (London-UK)
DA (LCCI-UK); FFA (IFA-UK)
22 June စနေနေ့စမည်။
ကျောင်းအပ်လက်ခံပြီ
LCCI
Level I,II,III
စာရင်းကိုင်သင်တန်းများ
FOR SERIES 4/2013
၂၄၄၊ တာတီသထင်၊ ဗိုလ်ချုပ်နှင့်ဆုံးတံတားကြား ပန်းဆိုးတန်း(ထက်)။ ☎: 01-377610, 09 730 99752, 09 730 66231, 09 515 1024

ကြေးမုံစာတည်းရှုထောင့် ၇-၅-၂၀၁၃၊ အင်္ဂါနေ့

အသေတတ်၊ အနေတတ်

ယုံကြည်ကိုးကွယ်ရာ ဆရာသမားများက အနေတတ်ကြပါ၊ အသေတတ်ကြပါဟု ဆုံးမသည့်စကားကို ကြားဖူးနားဝရှိမည်ဖြစ်သည်။ ကျွန်ုပ်တို့ ပုထုဇဉ်များအဖို့ အနေတတ်၊ အသေတတ်ဖို့ များစွာခက်ခဲကြလိမ့်မည်ဟု ထင်မြင်ယူဆမိပါသည်။

အမှန်တွင် မိမိတို့၏စိတ်အစဉ်ကို ကောင်းသည့်ဘဝင်တွင်ထားရှိ၍ မကောင်းသည့်စိတ်ထားများ ပင်မလာအောင်ပိတ်ပင်တားဆီးတန့်တားကာ မိမိတို့၏ထွက်သက်ဆုံးသည်အထိ ဆင်ခြင်ဉာဏ်ထားရှိမည်ဆိုလျှင် မည်သူမဆိုခက်လှမည် မထင်ပါ။

မိမိတို့၏စိတ်တွင် အကုသိုလ်ကင်းသော စိတ်ထားများကို ကျွမ်းကျင်သော မော်တော်ယာဉ်မောင်းနှင်နေသူတစ်ဦးကဲ့သို့ နေ့စဉ်စိတ်ထားထားရှိသွားမည်ဆိုလျှင် ဖြစ်နိုင်ပါသည်။ မော်တော်ယာဉ်မောင်းနှင်သူသည် မိမိယာဉ်ကို မောင်းနှင်နေစဉ်အတွင်း၌ နား၊ မျက်စိ၊ ခြေ၊ လက်တို့ကို မျက်ခြည်မပြတ် သတိချပ်ထားရသည် မဟုတ်ပါလော။

ယာဉ်မောင်းသည့် မော်တော်ယာဉ်မောင်းနှင်နေစဉ် မိမိယာဉ်ရှေ့၌ အန္တရာယ်ကို ကြုံတွေ့လိုက်လျှင် ၎င်း၏လက်က စတီယာရင်ကိုကိုင်၍ ခြေထောက်က ဘရိတ်ကို နင်းကာ ဘေးအန္တရာယ်မတွေ့အောင် ကာကွယ်သကဲ့သို့ ကောင်းသောစိတ်ထားများ နှလုံးသွင်းထားသူတစ်ဦးသည် ရှေ့စိတ်က ဖောက်ပြန်၍ အကုသိုလ်ဘက်သို့ ဆောလျင်စွာသွားလျှင် နောက်စိတ်ကလိုက်၍ တားဆီးတတ်သည့် သဘောပင်ဖြစ်၏။

ကုသိုလ်စိတ်များပွားနေသူသည် အကုသိုလ်စိတ်များဖြစ်ခွင့်မရ၊ ဖြစ်ခွင့်မရအောင် တားဆီးနိုင်သဖြင့် တရားသဘောအရ အောက်သို့ဆင်းသည်မရှိ၊ တစ်နေ့ထက်တစ်နေ့အထက်သို့သာ တက်လေသည်။ သူတော်ကောင်းတို့သည် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲသဖြင့် ပါရမီနည်းသေးလျှင် တစ်ဘဝ၊ များလျှင် ခုနစ်ဘဝဖြင့် နိဗ္ဗာန်ချမ်းသာသို့မျက်မှောက်ပြုနိုင်ပုံကို ကျမ်းဂန်များတွင် အခိုင်အမာပြဆိုထားရာ ယင်းသည် လူတစ်ဦးအတွက် အနေတတ်ပုံဖြစ်ပါသည်။

လူတိုင်း ခံစားမှုဝေဒနာကို ကိုယ်တွေ့ကြုံဖူးမည်ဖြစ်သည်။ နောက်ဆုံးအချိန် ခန္ဓာကြွေမည့်ကာလ၌ မည်သူမဆို ဝေဒနာဖောက်ပြန်မှု အနည်းနှင့်အများ ရင်ဆိုင်ကြရပါသည်။ ရှောင်လွှဲ၍ မရပါ။ ထိုအချိန်တွင် အတ္တတည်းဟူသော လောဘသံယောဇဉ်တပ်ငြိလျှင် လားရာဂတိလွဲ၍ အရင်းရှုံးမည်ကို သတိပြုရမည်ဖြစ်သည်။

ဘုရား၊ ဘုရားတရုံဖြင့် ဘဝပြတ်မည်မဟုတ်ချေ။ မိမိအားထုတ်ခဲ့သည့် ဝေဒနာသဘောကို ဆင်ခြင်၍ သည်းခံခြင်းနှင့် အသိတပ်ကာ ကောင်းသည့်ဘဝကို ရှေးရှုဖို့ဖြစ်သည်။ ကျောင်းသားတစ်ယောက်သည် စာမေးပွဲခန်းမဝင်မီကတည်းက ဖြေဆိုဖွယ်ရာများကို ကြိုတင်ပြင်ထားသဖြင့် အောင်ပွဲဝင်သကဲ့သို့၊ ကြိုတင်ပြင်ဆင် ကျက်မှတ်ထားခြင်းမရှိသော ကျောင်းသားတစ်ယောက်သည် စာမေးပွဲခန်းသို့ဝင်ရာတွင် ကိုးကွယ်ရာမရ ချွေးတဒီးဒီးကျပြီး ကျရှုံးရသကဲ့သို့ လူ့ဘဝနောက်ဆုံးအချိန်အတွက် ဖော်ပြပါ အသိ၊ သတိဖြင့် ကြိုတင်ပြင်ဆင်ထားမှသာ အသေတတ်မည်ဖြစ်ပါသည်။

လူတို့သည် ဘာဖြစ်လျှင် ဘာလုပ်မည်၊ ထီဆုကြီးပေါက်လျှင် ဘာလုပ်မည်ဟု တွေးတောထားခြင်းထက် ထိုက်ထူးမှုထက် ပို၍နီးစပ်သော တစ်နေ့မလွဲမသွေပေါက်မည့် မရဏထီပေါက်လျှင် မိမိဘာလုပ်မည်၊ မည်သို့ပြင်ဆင်ထားမည်ကို ကျွန်ုပ်တို့ မမေ့အပ်ချေ။

လူ့ဘဝဟူသည် တိုတောင်းလှသည်ဖြစ်၍ ကွေးသောလက်မဆန့်မီ ဆန့်သောလက် မကွေးမီ မိမိတို့ဘဝအတွက် အသေတတ်၊ အနေတတ်အောင် ကျင့်ကြံပွားများ အားထုတ်ကြဖို့လိုမည်ဖြစ်သည်။ မည်သည့်ယုံကြည်မှုရှိသည်ဖြစ်စေ ကံကံ၏ အကျိုးကိုယုံကြည်ပြီး တောင်းသောကံများတိုးပွားအောင်၊ ကောင်းသောစိတ်ထားများ၊ ကောင်းသောအားထုတ်မှုများ၊ ကောင်းသောစိတ်နှလုံးများ ထားရှိမွေးမြူသွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

ငပလီကမ်းခြေ ရေရှည်ဖွံ့ဖြိုးရေး ဆောင်ရွက်

နေပြည်တော် မေ ၆

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ရခိုင်ပြည်နယ် စီးပွားရေးဝန်ကြီး ဦးမြအောင်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့်အတူ ငပလီဟိုတယ်ဇုန်ဥက္ကဋ္ဌနှင့် ဟိုတယ်လုပ်ငန်းရှင်များအား မေ ၃ ရက် မွန်းလွဲပိုင်းတွင် Amazing Hotels & Resorts ၌တွေ့ဆုံကာ ငပလီကမ်းခြေခရီးစဉ်ဒေသ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေး ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာတွင် ပြီးခဲ့သောခရီးသွားရာသီအတွင်း ငပလီကမ်းခြေဒေသသို့ ပြည်တွင်းပြည်ပဧည့်သည်လာရောက်မှုမှာ ယခင်နှစ်ကထက် သိသာထင်ရှားစွာ တိုးတက်များပြားခဲ့ကြောင်း၊ အထူးသဖြင့် ပြည်ပဧည့်သည် ရောက်ရှိမှုသည် ၄၀ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း၊ ဧည့်သည်များအနေဖြင့် ကမ်းခြေတွင် အေးချမ်းစွာအပန်းဖြေ နိုင်ရုံသာမက ဒေသတွင်းရှိ ပြတွင်း ပြကွက်များ၊ အခြားစိတ်ဝင်စားဖွယ် နေရာများကိုပါ သွားရောက်ကြည့်ရှု နိုင်အောင် စီစဉ်ပေးကြရမည် ဖြစ်ကြောင်း၊ အထူးသဖြင့် ငပလီကမ်းခြေ ရေရှည်ဖွံ့ဖြိုးရေးအတွက် လက်ရှိစီမံကိန်းကို နှစ်စဉ်ပြန်လည် သုံးသပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီးပွားရေးဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ လုပ်ငန်းရှင်များက ဒေသဖွံ့ဖြိုးရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ဒေသခံများ ပိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၄ ရက် နံနက်ပိုင်းတွင် ငပလီကမ်းခြေရှိ တည်ဆောက်ဆဲဟိုတယ်များ၊ မကြာမီဖွင့်လှစ်မည့်ဟိုတယ်များနှင့် ယင်းဟိုတယ်များအတွက် ရေလှောင်တမံ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းနှင့် မြေစီမံကိန်းတိုးချဲ့မည့်နေရာများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၏အမှုဆောင်သစ်များ၊ ဟိုတယ်ဇုန်ဥက္ကဋ္ဌများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနသည် ကမ္ဘာလှည့်ခရီးသည်များ ပိုမိုတိုးတက်ရောက်ရှိရေး ဆောင်ရွက်လျက်ရှိရာ အသင်းအဖွဲ့များအနေဖြင့် ဝိုင်းပန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လုပ်ငန်းရှင်များအနေဖြင့် အကျိုးအမြတ်များရရှိခံစားကြရမည်ဖြစ်ကြောင်း၊ မိမိလုပ်ငန်းရှင်သန်ဖွံ့ဖြိုးလာသကဲ့သို့ CSR (Coorperate Social Responsibility) ဆိုသည့် လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရန်လည်း လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဤသို့ဖြင့် ဒေသခံပြည်သူလူထုအကျိုးစီးပွားဖြစ်ထွန်းရေးကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တကယ်လုပ် အဟုတ်ဖွတာပါ

ရန်ကုန် မေ ၆

ရန်ကုန်မြို့တော်အနှံ့အပြား မည်သည့်နေရာမျှ မတွေ့ဖူး၊ မမြင်ဖူးရသည့် မြင်ကွင်းတစ်ခုပါ။ တတယ်လုပ်တာပါ။ ထိုနေရာမှာ ရန်ကုန်မြို့ ဆူးလေ ကားမှတ်တိုင်တွင် ဖြစ်ပါသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် မြို့တော်အင်္ဂါရပ်နှင့် ညီစေရန် ရည်ရွယ်ပြီး ကွမ်း၊ တံတွေးထွေးရန်ပုံး၊ လမ်းသွားလမ်းလာများနှင့် လမ်းဘေးဈေးသည်များ စွန့်ပစ်ရန် ပုံးတို့ကို စနစ်တကျ ချထားပေးပါသည်။ ခရီးသည်နားနေဆောင်များ အနံ့အသက်ဆိုးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရန် သန့်ရှင်းရေးဝန်ထမ်းများသည် နေ့ဆိုင်း၊ ညဆိုင်းဖြင့် အချိန်နှင့်တစ်ပြေးညီ သန့်ရှင်းရေးလုပ်ကိုင်နေကြရသည်။ စွန့်ပစ်ပစ္စည်းများကို အမှိုက်ပုံးအတွင်း မရှိစေရန်နှင့် အနံ့အသက်ဆိုးများ ပျံ့လွင့်မှုမရှိစေရေးတို့အတွက် တစ်နေ့လျှင် နှစ်ကြိမ် အမှိုက်ပုံးကို ဆပ်ပြာရည်များဖြင့် ဆေးကြောသန့်စင်ကြပါသည်။

အမှိုက်များကို ပြည်သူများ စနစ်တကျစွန့်ပစ်ရန် လုပ်ဆောင်ပေးထားသော်လည်း ခရီးသွားပြည်သူများက အလွယ်တကူအမှိုက်လွှင့်ပစ်မှု၊ လမ်းဘေးဈေးသည်များ၊ ကားသမားများ မဆင်မခြင် အမှိုက်ဖွမှုတို့ကြောင့် အရာမထင်ဖြစ်နေခဲ့ရပါသည်။ ကမ္ဘာလှည့်နိုင်ငံခြားသားခရီးသည်များ ယခုကာလတွင် လာရောက်ကြသည်မှာ ပိုမိုလာပြီး မကြာခင်ကာလတွင် အမြောက်အမြား ဝင်လာတော့မည်ဖြစ်သောကြောင့် ပြည်သူအများ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။ **(၇၀၁)**

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၅-၂၀၁၃ (အင်္ဂါနေ့)

၅း၄၀	"မာတိကာမာတာ ဝတ္ထုတရားတော်" (ဝထမပိုင်း) [အောင်စကြာဆရာတော် အရှင်စန္ဒသိရီ]
၆း၁၅	Health Fix
၆း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်" (အပိုင်း-၅၄)
၇း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေလဆုံရာရွှေဖူးစာ" (အပိုင်း-၁၅)
၈း၁၅	တိုးတက်လာသောဆေးပညာနှင့် ကျန်းမာရေး (Relux & Health Centre)
၈း၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း-၉၈)
၉း၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်ခြင်းမှပေးစွမ်းသော" (အပိုင်း-၃၈)
၁၀း၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁း၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်ခြင်းမှပေးစွမ်းသော" (အပိုင်း-၃၈)
၂း၅၀	ကမ္ဘာ့စုံလင် အားကစားအစီအစဉ်

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများကို
ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချခင်းကျင်းပေးနေပါသည်။
အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
Ph : 01-8603151,01-8603389, 09-5426261, 09-73152381

ZYT
သင်္ဘောသား မှ အလုပ်ဖြစ်လိုသူများအတွက် သတင်းကောင်းတခု-
Zay Ya Theikdi Co.,Ltd
MARITIME TRAINING CENTRE
ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (DMA) မှ အသိအမှတ်ပြုသည့် အောက်ပါသင်တန်းများကို Zay Ya Theikdi Co.,Ltd ၏ MARITIME TRAINING CENTRE တွင် ဝင်လယ်လုဗိသုက် အတွေ့အကြုံများပြီးဝါရင့်ကျွမ်းကျင်သူ ရေယာဉ်မှူးကြီးများကိုယ်တိုင် ဦးစီး၍ သင်ထောက်ကူပစ္စည်းများဖြင့်စာတွေ့လက်တွေ့များသင်ကြားပို့ချပေးနေပါသည်။
ဖွင့်လှစ်သည့် သင်တန်းများ
1. BST (4 Tickets)
2. Pre-Sea (Deck Rating)
သင်တန်းများအား ဆင့်ဆက်မပျက် ဖွင့်လှစ်လျက်ရှိပြီး ကြိုတင်စာရင်းပေး အပ်နိုင်ပါပြီ။
Ph : 09 73173433, 01-565346, 09 5141156 01- 571556, 09 5008082 , 09 8641152

ပြစ်မှုဆိုင်ရာ အထူးအယူခံမှုနစ်မှုနှင့် တရားမအထူးအယူခံမှုလေးမှု စီရင်ချက်ချမှတ်

နေပြည်တော် မေ ၆

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံး ပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်ပြီး ပြစ်မှုဆိုင်ရာ အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု လေးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့အပြင် တရားမအထွေထွေလျှောက်ထားမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု(၄)မှုတို့ကို ရုံးထိုင် ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၆

ရန်ကုန်	ရွှေဈေး ၇၁၀၃၀၀-၇၁၁၃၀၀	
မန္တလေး	ရွှေဈေး ၇၀၉၈၀၀-၇၁၀၈၀၀	

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်ဂါလန်	၃၄၄၀	ကျပ်
(ခ) အောက်တိန်း၉၅	တစ်ဂါလန်	၄၂၈၀	ကျပ်
(ဂ) အောက်တိန်း၉၂	တစ်ဂါလန်	၃၄၄၀	ကျပ်
(ဃ) ဓာတ်ဆီ	တစ်ဂါလန်	၃၂၅၆	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	-	၈၉၃. ၀၀
(ခ) ဥရောပ	တစ်ယူရို	-	၁၁၇၁. ၅
(ဂ) တရုတ်	တစ်ယွမ်	-	၁၄၅. ၀၇
(ဃ) ထိုင်း	တစ်ဘတ်	-	၃၀. ၀၆၂
(င) မလေးရှား	တစ်ရင်းဂစ်	-	၂၉၄. ၂၈
(စ) အိန္ဒိယ	တစ်ရူပီး	-	၁၆. ၅၉၅
(ဆ) ဂျပန်	တစ်ရာယန်း	-	၉၀၁. ၀၆
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	-	၈၁. ၃၆၇
(ဈ) သြစတြေးလျ	တစ်ဒေါ်လာ	-	၉၂၀. ၄၇
(ည) စင်ကာပူ	တစ်ဒေါ်လာ	-	၇၂၅. ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

မန္တလေးတိုင်းဒေသကြီးရှိ ပရဟိတဂေဟာများသို့ အလှူငွေများထောက်ပံ့

နေပြည်တော် မေ ၆

မန္တလေးမြို့ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် မေ ၃ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၄ ရက်တွင် ပြင်ဦးလွင်မြို့နယ် ဘော်ကျေးရွာ၌ မိုးသောက်ပန်း သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေး အဖွဲ့ဝင်များအားတွေ့ဆုံ၍ **(ယာဝ်)** လူမှုဝန်ထမ်းဦးစီးဌာနနှင့် Help Age International တို့ ပူးပေါင်း ဆောင်ရွက်နေသည့် ကျေးရွာအခြေပြု သက်ကြီးရွယ်အို စောင့်ရှောက်ရေး လုပ်ငန်းများအတွက် ငွေကျပ်တစ်သိန်းနှင့် အင်းပုတ်ကျေးရွာ ဖူးပွင့်ဝေဆာ သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့အတွက် မတည်ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ထက်လင်းခန်းမ၌ကျင်းပသော ပြင်ဦးလွင်ခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် လူမှုဝန်ထမ်းဆိုင်ရာ မူဝါဒများနှင့်အညီ လုပ်ငန်းတာဝန်ကြီး(၈)ရပ်ကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့အချိန်ထိ တစ်နိုင်ငံလုံးတွင် ဝန်ကြီးဌာနမှ အသိအမှတ်ပြုထားပြီးသော စေတနာ့ ဝန်ထမ်းအဖွဲ့အစည်း စုစုပေါင်း ၁၁၉၂ ခုတို့ကို ၂၀၁၂-

၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း ငွေကျပ်သန်းပေါင်း ၅၄၇ ဒသမ ၈ သန်း ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မနှစ်ကထက် ၃ ဒသမ ၁၃ ဆ တိုးမြှင့်ပြီး စုစုပေါင်း ငွေကျပ်သန်းပေါင်း ၁၇၁၆ ဒသမ ၆ သန်း တိုးမြှင့် ထောက်ပံ့သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဘိုးဘွားရိပ်သာများ၊ ပရဟိတဂေဟာများနှင့် မျက်မမြင် ပညာသင်ကျောင်းများအတွက် အလှူငွေများကို တာဝန်ရှိသူများထံ ပေးအပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

*** ရေနံချောင်းမှ**

များစွာဝမ်းသာပျော်ရွှင်နေကြသည်။ ဤကဲ့သို့ နိုင်ငံတော် ဆောက်လုပ်ရေးဝန်ကြီးဌာနက တံတားများဆောက်လုပ်ပေးသဖြင့် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ခြင်း၊ စီးပွားရေးအခွင့်အလမ်းများရရှိခြင်း၊ ဒေသထွက်ကုန်များ အလွယ်တကူတင်ပို့ရောင်းချနိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကုန်စည်စီးဆင်းမှု လျင်မြန်ခြင်း၊ ဈေးနှုန်းသက်သာခြင်း စသော အကျိုးကျေးဇူးများကို ခံစားနေကြရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက ရေနံချောင်းမြို့၊ ချောက်မြို့နှင့် ကျောက်ပန်းတောင်းသွားကားလမ်းပေါ်ရှိ ပင်းချောင်းမှာ ချောင်းရေကျလျှင် ကားများခက်ခဲစွာ သွားလာရပြီး ခရီးသည်များ ဒုက္ခခံစားနေရသည်ကို သိရသဖြင့် ၁၉၇၂ ခုနှစ်က ပင်းချောင်းပေါ်တွင် အလျားပေ ၅၇၀၊ အကျယ် ၁၃ ပေရှိ ယာဉ်တစ်စီးချင်းသွားလာနိုင်သည့် ဘေလီတံတားတစ်ခုကို တည်ဆောက်ပေးခဲ့ရာ ၁၉၇၄ ခုနှစ် မေ ၁ ရက်တွင် ပြီးစီးခဲ့သည်။ ယင်း ပင်းချောင်းတံတားမှာ ဘေလီသံပေါင်တံတားဖြစ်ပြီး တစ်လမ်းမောင်းဖြစ်ကာ ယာဉ်တစ်စီးချင်းသာ ဖြတ်သန်းသွားလာနိုင်သဖြင့် တစ်ဖက်ယာဉ်ကြောမပြီးမချင်း တစ်ဖက်ယာဉ်မှ စောင့်ဆိုင်းနေကြရသဖြင့် အချိန်များစွာကြာသည်အထိ စောင့်ဆိုင်းနေခဲ့ကြရသည်။ ယခုအခါ ယာဉ်များတိုးပွားလာသဖြင့် ပင်းချောင်းတံတားပေါ်တွင် ကုန်ကား၊ ခရီးသည်တင်ကား၊ ကိုယ်ပိုင်ကား၊ သစ်လုံးကား၊ ကုမ္ပဏီကား၊ သုံးဘီးကား၊ ထော်လာဂျီ၊ ကွန်တိန်နာကား၊ ဆိုင်ကယ်များ တစ်ဖက်နှင့်တစ်ဖက်ယာဉ်ကြောပိတ်ဆို့နေသဖြင့် အချိန်များစွာ စောင့်ဆိုင်းပြီးမှ တစ်ဖက်ယာဉ်ကြောသို့ မောင်းနှင်နေကြရသည်။

ပင်းချောင်းတံတားမှာ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့အထွက် ရန်ကုန်-ပြည်-မန္တလေးလမ်း မိုင်တိုင်အမှတ် (၃၆၇/၀)တွင်တည်ရှိသော သံပေါင်ဘေလီတံတားတစ်စင်းဖြစ်သည်။ ရန်ကုန်-ပြည်-မန္တလေးလမ်းမှာ မော်တော်ယာဉ်သွားလာမှု များပြားသောလမ်းဖြစ်သောကြောင့် မကြာခဏ ယာဉ်ကြောပိတ်ဆို့မှုရှိသော တံတားတစ်စင်းဖြစ်သည်။

ပင်းချောင်းတံတားသစ်ကြီးမှာ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့အထွက် မန္တလေးသွားလမ်းပေါ်တွင် တည်ရှိသည်။ နှစ်လမ်းမောင်းတံတားသစ်ကြီးမှာ ပေ ၇၂၀ (ပေ ၉၀-ရှစ်ခန်း)ဖြစ်သည်။ ကားလမ်းအကျယ်မှာ ၂၄ ပေဖြစ်သည်။ လူသွားလမ်းအကျယ်မှာ တစ်ဖက်နှစ်ပေ ခြောက်လက်မဖြစ်သည်။ ယာဉ်တစ်စီးချင်း ဝန်အလေးချိန်မှာ ၇၅ တန်ဖြစ်သည်။ တံတားအမျိုးအစားမှာ တံတားအုတ်မြစ်နှင့် အောက်ထည် သံကူကွန်ကရစ်ဘိုးပိုင်နှင့် ကိုယ်ထည်ဖြစ်သည်။ တံတားအပေါ်ထည်မှာ ကြိုတင်အားဖြည့်သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်းဖြစ်သည်။ ပင်းချောင်းနှစ်လမ်းသွား တံတားသစ်ကြီးကို အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၊ နေ့စားအလုပ်သမားများ၊ စက်ယန္တရားကြီးများနှင့် နေ့မအား၊ ညမနား တည်ဆောက်ခဲ့ရာ ယခုအခါ လုံးဝပြီးစီးနေပြီဖြစ်သည်။ ပင်းချောင်းတံတားသစ်ကြီးကို ခြောက်လအတွင်း အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သဖြင့် မေ ၁၀ ရက်ကျော်လျှင် တံတားသစ်ကြီးပေါ်မှ ကားများဖြတ်သန်းသွားနိုင်တော့မည်ဖြစ်သည်။ နှစ်လမ်းသွား ပင်းချောင်းတံတားသစ်ကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး အထူးစီမံကိန်းကြီး(၃) လက်ပံခြေပေါ်က ပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့စေရန်အတွက် ခြောက်လအတွင်း ငွေကျပ် ၂၉၀၃ သန်း အကုန်အကျခံ၍ တည်ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။

နှစ်လမ်းသွား ပင်းချောင်းတံတားသစ်ကြီး ပြီးပါက ယခင်က ဘေလီတံတားပေါ်မှ ယာဉ်တစ်စီးချင်း သွားလာနိုင်သည့် ဘေးဒုက္ခမှကင်းဝေးပြီး ယာဉ်နှစ်စီး အသွားအပြန် လျင်မြန်စွာ ဖြတ်သန်းနိုင်တော့မည်ဖြစ်၍ ရန်ကုန်-ပြည်-မန္တလေးသွား အဆင့်မြင့်ခရီးသည်တင်ကားများနှင့် ကုန်တင်ယာဉ်မောင်းများက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေကြသည်။ နှစ်လမ်းသွား ပင်းချောင်းတံတားသစ်ကြီး ပြီးစီးသွားပါက ခရီးသည်များ သွားလာရေးအဆင်ပြေပြီး ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စွာ ကူးသန်းရောင်းဝယ်နိုင်တော့မည်ဖြစ်၍ နှစ်လမ်းသွား ပင်းချောင်းတံတားသစ်ကြီးကို ဂုဏ်ပြုကြိုဆို ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၅-၂၀၁၃ (အင်္ဂါနေ့)

၆:၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၈:၂၅	SEA Games ဇာတ်လမ်းတို "ကြိုးဝိုင်းရိုက်သံ" (မြင့်မြတ်၊ ကျော်ကျော်ဘို၊အိချောပို) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၁၀:၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုမငြီးတဲ့ချစ်သမီး" (အပိုင်း-၄၀) (ဇာတ်သိမ်း)
၁၁:၀၀	ရယ်စရာတစ်ကွက်စာ "Mr.Bean" ကာတွန်းအစီအစဉ်(Re-Run)
၁၂:၂၅	မြန်မာဗီဒီယိုဇာတ်လမ်း "အချစ်ရှိသည်ပွဲစားမလို" (လူမင်း၊ ထက်ထက်မိုးဦး၊ လိုင်းမြ[illegible] ထွက်း) (ဒါရိုက်တာ-ဇော်ဆက်)
၂:၄၀	"အရက်နှင့်ကျန်းမာရေး" (အပိုင်း-၁)
၃:၀၀	ပြည်တွင်းသတင်း
၃:၁၅	အိန္ဒိယရုပ်ရှင် "ဘယ်သူငြိမ်းမယ့် အကြောက်တရား" (ဇာတ်သိမ်း)
၄:၄၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဥပဒေအထူးပြု) (ဥပဒေပညာ)
၈:၃၅	ပြည်သူ့နိုက်"ရွှေသမက်လောင်း" [ဝင်းနိုင်(အနုပညာ)၊ မှူးသီဟသူ၊ ဝွမ်းပိုကြီး၊ ခင်ရတနာဦး၊ SB အဖွဲ့] [(ဒါရိုက်တာ-ဇော်ဝေမောင် (MRTV-4)]

ရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့ပြီးနောက် အောင်ပွဲခံလျက်ရှိသူ နာဂျစ်ရာဇတ်(ဝဲ)။

မလေးရှားဝန်ကြီးချုပ်အဖြစ် နာဂျစ် ကျမ်းသစ္စာကျိန်ဆိုမည်

ကွာလာလမ်ပူ မေ ၆

မလေးရှားနိုင်ငံ၏ အာဏာရညွန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌ နာဂျစ်ရာဇတ်သည် ဝန်ကြီးချုပ်အဖြစ် မေ ၆ ရက်နေ့ခင်းပိုင်းတွင် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကျမ်းသစ္စာကျိန်ဆို

နာဂျစ်သည် အမျိုးသားနန်းတော်၌ ကျင်းပမည့် အခမ်းအနားတွင် မလေးရှားဘုရင် စုလ်တန်အဗ္ဗဒူလ်ဟာလင်းမူဒမ်ရှား၏ ရှေ့မှောက်၌ ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုမည်ဟု မျှော်လင့်ရသည်။

၂၀၀၉ခုနှစ်တွင် ဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ယူခဲ့သူ နာဂျစ်သည် မေ ၅ ရက်က ကျင်းပသည့် အထွေထွေရွေးကောက်ပွဲ၌ အောင်ပွဲခံခဲ့သော အာဏာရဘာရီဆန်နေရှင်နယ်ညွန့်ပေါင်းအဖွဲ့ကို ဦးဆောင်ခဲ့သူဖြစ်သည်။

မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် နာဂျစ်၏ ညွန့်ပေါင်းအဖွဲ့က အမတ်နေရာ ၂၂၂ နေရာအနက် ၁၃၃ နေရာကို ရရှိခဲ့ပြီး အတိုက်အခံတို့က အမတ်နေရာ ၈၉ နေရာ ရရှိခဲ့သည်။

အေးရှားနယူးစ်

ဘယ်လ်ဂျီယံဓာတုပစ္စည်းတင်ရထား လမ်းချော် မီးလောင်

ဝင့်(ဘယ်လ်ဂျီယံ) မေ ၆

ဘယ်လ်ဂျီယံနိုင်ငံမြောက်ပိုင်း၌ ဓာတုပစ္စည်းများတင်ဆောင်လာသည့် ရထားတစ်စင်းလမ်းချော်၍ မီးလောင်ပေါက်ကွဲခဲ့ရာ ရှင်းလင်းရေးလုပ်ငန်းများ စတင် ဆောင်ရွက်လျက်ရှိပြီဖြစ်ကြောင်း မေ ၅ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဂင့်မြို့မှ အရှေ့ဘက်ကီလိုမီတာ ၂၀ အကွာရှိ လီဘယ်လီမြို့နှင့် ဝက်တီးရင်းမြို့အကြား၌ စနေနေ့ နံနက် ၂ နာရီခန့်တွင် ရထားလမ်းချော်ခဲ့ပြီး တွဲ၁၃တွဲအနက် ခြောက်တွဲတွင် မီးလောင်ခဲ့သည်။

အဆိုပါဒေသ၌နေထိုင်သူများကို ၎င်းတို့၏ နေအိမ် တံခါးများ၊ တံခါးပေါက်များအား ပိတ်ထားကြရန် တာဝန်ရှိသူများက သတိပေးခဲ့သည်။ လူ ၃၀၀ ခန့်သည် ၎င်းတို့၏နေအိမ်များမှ ထွက်ပြေးခဲ့ကြသည်။

မီးရထားလမ်းဘေး၌ နေထိုင်သူနှစ်ဦး သေဆုံးခဲ့ပြီး ၎င်းတို့မည်သို့မည်ပုံသေဆုံးရသည်ကို ရှင်းလင်းစွာ မသိရသေးပေ။ အခြား ၁၄ ဦးမှာလည်း ဒဏ်ရာရရှိခဲ့သည်။

အပျော်တမ်း ဗီဒီယိုရိုက်ကူးထားရာတွင် ညအချိန်၌ ရထားမှာမီးလောင်လျက်ရှိ၍ နေထွက်ချိန်၌ ရထားတွဲများမှာ ရထားလမ်းပေါ်၌ မြွေလိမ်မြွေကောက်ဖြစ်နေသည်ကို တွေ့ရသည်။

ရထားပေါ်တွင် ဓာတုပစ္စည်းအမျိုးမျိုးနှင့် အဆိပ်ဖြစ်သော ကုန်ကြမ်းများ တင်ဆောင်၍ တွဲတစ်တွဲပေါ်တွင် ဆိုင်ယာနိုက်များပါလာကြောင်း သတင်းများရရှိသည်ဟု ဘီဘီစီသတင်းထောက်က ပြောသည်။

ရထားသည် နယ်သာလန်မှ ဂင့်မြို့ပင်လယ်ဆိပ်ကမ်းသို့ ဦးတည်ခုတ်မောင်းလာခြင်းဖြစ်သည်။

ဗီဘီစီ

နျူကလီးယားဓာတ်အားစက်ရုံ လည်ပတ်လုပ်ကိုင်ရန် အိန္ဒိယတရားရုံးချုပ်က ခွင့်ပြုပေးပြီ

နယူးဒေလီ မေ ၆

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးပြည်နယ်၌ နျူကလီးယားဓာတ်အားပေးစက်ရုံတစ်ရုံ လည်ပတ်လုပ်ကိုင်ရန် တရားရုံးချုပ်က မေ ၆ ရက်တွင် ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း၊ နျူကလီးယားဆန့်ကျင်ရေး လှုပ်ရှားမှုအဖွဲ့များက အဆိုပါစက်ရုံ၏ ဘေးကင်းလုံခြုံမှုနှင့် ပတ်သက်၍ တရားဥပဒေကြောင်းအရ ကန့်ကွက်မှုများပြုလုပ်ခဲ့သော်လည်း တရားရုံးချုပ်က ယင်းသို့ ခွင့်ပြုပေးခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အများပြည်သူလူထု၏ အကျိုးစီးပွားအလို့ငှာ တမီလ်နာဒူးပြည်နယ်ရှိ နျူကလီးယားဓာတ်အားပေးစက်ရုံကို ဖွင့်လှစ်လုပ်ကိုင်ခွင့်ပြုကြောင်း တရားရုံးချုပ်၏ ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။

ကူဒန်ကူလမ်အမည်ရှိ နျူကလီးယားဓာတ်အားပေးစက်ရုံသည် အိန္ဒိယနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက်အရေးပါကြောင်း တရားရုံးချုပ်၏ ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ နျူကလီးယားစက်ရုံကို ရုရှားနိုင်ငံက တည်ဆောက်ပေးခဲ့ပြီး အိန္ဒိယနိုင်ငံ၏ အကြီးဆုံးသော နျူကလီးယားစွမ်းအင်စီမံကိန်းဖြစ်သည်။

အေအက်ဖ်ပီ

အိန္ဒိယနိုင်ငံ တမီလ်နာဒူးပြည်နယ်ရှိ နျူကလီးယား ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

ဩစတြေးလျ၏ စီးကရက်ထုပ်ပိုးမှုဆိုင်ရာဥပဒေ ကျူးဘား ကန့်ကွက်မည်

ဂျိနီဗာ မေ ၆

ဩစတြေးလျနိုင်ငံ၏ စီးကရက်ထုပ်ပိုးမှုဆိုင်ရာ ဥပဒေကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)တွင် ကန့်ကွက်သွားရန် ကျူးဘားနိုင်ငံက စီစဉ်ဆောင်ရွက်ထားလျက်ရှိကြောင်း ဆွစ်ဇာလန်နိုင်ငံ ဂျိနီဗာမြို့ အခြေစိုက် ဒဗလျူတီအိုက မေ ၆ ရက်တွင် ထုတ်ပြန်သော သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဩစတြေးလျနိုင်ငံက စီးကရက်ထုပ်ပိုးမှုဆိုင်ရာ တင်းကျပ်သည့် ဥပဒေထုတ်ပြန်ပြဋ္ဌာန်းခဲ့ခြင်းနှင့် ပတ်သက်၍ ယူကရိန်း၊ ဟွန်ဒူးရပ်စ်နှင့် ဒိုမီနီကန်သမ္မတနိုင်ငံတို့ကလည်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် တရားဥပဒေကြောင်းအရ တရားစွဲဆိုမှုများ ပြုလုပ်ထားကြသည်။

ဩစတြေးလျနိုင်ငံ၌ လွန်ခဲ့သည့် ဒီဇင်ဘာလက အာဏာသက်ဝင်လာခဲ့သော ဥပဒေအရ စီးကရက်ကုမ္ပဏီများအနေဖြင့် ၎င်းတို့ထုတ်လုပ်သော စီးကရက်ဘူးများပေါ်တွင် ကုမ္ပဏီအမှတ်တံဆိပ်(လိုဂို)ကိုဖော်ပြခွင့်မရှိပေ။ ၎င်းအပြင် စီးကရက်ဘူးပေါ်တွင် ကျန်းမာရေးသတိပေးချက်ကို အထင်အရှားဖော်ပြရန်လိုအပ်သည်။

စီးကရက်ဘူး ထုပ်ပိုးခြင်းဆိုင်ရာ တင်းကျပ်သော ဥပဒေကို ဩစတြေးလျနိုင်ငံက ပြဋ္ဌာန်းခဲ့ပြီးနောက် ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ နော်ဝေ၊ တောင်ကိုရီးယား၊ နယူးဇီလန်နှင့် ကနေဒါနိုင်ငံတို့ကလည်း အလားတူ ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရန် စဉ်းစားသုံးသပ်လျက်ရှိကြသည်။

ရိုက်တာ

The Yangon Times သတင်းစာတစ်စောင်ဖတ်ရုံဖြင့်
Samsung Galaxy S4 လက်ဝယ်ပိုင်ဆိုင်နိုင်မည့် အခွင့်အရေး

ရန်ကုန်တိုင်းမ်နေ့စဉ်သတင်းစာကို ဝယ်ယူဖတ်ရှုသော စာဖတ်ပရိသတ်များ၏ ကျေးဇူးကို တုံ့ပြန်သောအားဖြင့် Samsung Galaxy S4 တစ်လုံးကို တစ်ပတ်တစ်ကြိမ် မေတ္တာလက်ဆောင်အဖြစ် ကံစမ်းမဲဖွင့်ပေးနေပါပြီ။

လူမှုရေးနှင့် နာရေးကြော်ငြာများကို အခမဲ့ထည့်သွင်းပေးနေပါသည်။

ရန်ကုန်မြို့တွင်းနှင့် မြို့အလိုက် သတင်းစာဖြန့်ချိရေးကိုယ်စားလှယ်များ၊ ကြော်ငြာထည့်သွင်းလိုသူများ၊ သတင်းစာကြော်ငြာကိုယ်စားလှယ်လုပ်ကိုင်လိုသူများ၊ သတင်းစာလစဉ်ပေးမှာယူလိုသူများ ဆက်သွယ်ပါရန်
Hot Line - 09 73080817, 09 73080819

သတင်းကိစ္စဆက်သွယ်လိုသူများ၊ နယ်သတင်းထောက်လုပ်ကိုင်လိုသူများ ဆက်သွယ်ပါရန်
Hot Line - 09 73029308, 011 220 322

အမြော်အမြင်ကြီးကြဖို့ ပြောတာပါ

စက်မှုထွန်းကားလာမှုကြောင့် လှည်းခေတ်၊ လှေခေတ်မှ ယာဉ်ရထားများပေါ်ထွန်းလာခဲ့ရာ မြေကြောကိုလည်း ကျုံ့နိုင်၏။ ရေလမ်းကိုလည်း ချုံ့နိုင်၏။ ကောင်းကင်ထက်တွင်လည်း လူရာပေါင်းများစွာတင်၍ ခရီးဆန့်နိုင်ခဲ့ကြ၏။

ကမ္ဘာကြီးတွင် ဆက်သွယ်ရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်လာ၍ အချိန်တိုအတွင်း လူ့အကျိုးများစွာပြုနိုင်ခဲ့၏။ ကောင်းကင်တွင် လူတင်ဆောင်သော လေယာဉ်ကြီးများ မျက်နှာချင်းဆိုင်တိုက်မိသည်ဟု မကြားဖူးလှ၊ ရံဖန်ရံခါတွင်သာ ပင်လယ်တွင်းရေသောက်ဆင်းကြ၏။ မော်တော်ကားလမ်းပေါ် အလည်ရောက်ကြ၏၊ ပြေးလမ်းချော်ကြ၏ ဤသို့ဖြင့်တော့ ကြားနေရ၏။ သို့သော် အပျက်အစီးအဆုံးအရှုံးများလှသည်။

ကုန်းမြေပေါ်တွင်သွားလာရသည့် ယာဉ်ရထားက များလွန်းလှသည်။ မော်တော်ကားအချင်းချင်း၊ မီးရထားနှင့်ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ စသဖြင့် ယာဉ်စုံလှ၍ မတော်တဆမှုအများဆုံးကြားရပါသည်။ ယာဉ်မောင်းနှင်မှုများကိုကြည့်ရာတွင် မီးပွိုင့်များရှိသော်လည်း လစ်လျှင်လစ်သလိုမောင်းနှင်မှု၊ လမ်းပြောင်းပြန်မောင်းနှင်မှု၊ အရှိန်ပြင်းစွာမောင်းနှင်မှု၊ ကျော်တက်မှု၊ အပြိုင်အဆိုင်မောင်းနှင်မှု စသည်တို့ကြောင့် ယာဉ်မတော်တဆမှု နေ့စဉ်တိုးပွားနေခြင်းပင်ဖြစ်သည်။ သတ်မှတ်ထားသည့် မိုင်နှုန်း၊ သတ်မှတ်ထားသည့် တန်ချိန်နှင့် သတ်မှတ်ယာဉ်ကြောအတိုင်းလိုက်နာမောင်းနှင်သည့် အလေ့အထ နည်းလွန်းလှပါသည်။ ထို့ကြောင့်လည်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် မတော်တဆမှု များပြားနေရခြင်းဖြစ်သည်။

ရေကြောင်းခရီးတွင် ပင်လယ်ကူးသင်္ဘောကြီးများ တိမ်းမှောက်မှု မကြာခဏကြားရ၏။ အဓိကအကြောင်းအရင်းမှာ ရာသီဥတုဆိုးရွားမှုကြောင့် ဖြစ်သည်။ နိုင်ငံအတွင်း မြစ်ကြောင်းခရီးစဉ်များကား များသောအားဖြင့် ဘေးကင်းလုံခြုံစွာမောင်းနှင်နိုင်သည့် အခြေအနေတွင်ရှိပါသည်။ သို့သော် မိုးလည်းမရွာ၊ လေပြင်းလည်းမတိုက်ဘဲ မကြာခဏဆိုသကဲ့သို့ ဧရာဝတီမြစ်တွင်း သင်္ဘောတိမ်းမှောက်မှု၊ မျက်နှာချင်းဆိုင်တိုက်မှုများ မကြာခဏဖြစ်ပွားသည့် သတင်းများဖတ်နေရသည်မှာ ခေတ်မီနည်းစနစ်များ တိုးတက်သည့်ခေတ်တွင် မေးခွန်းထုတ်ချင်စရာဖြစ်နေရော့သလားပင်။

တွေ့ရသည့် မတော်တဆမှုတစ်ခုကိုကြည့်လျှင် ဝန်နှင့်အားမမျှ၍ သင်္ဘောအတွင်းရေဝင်ကာ တိမ်းမှောက်ရခြင်းဖြစ်သည်။ ဤသို့ဆိုလျှင် ကုန်တင်ရေယာဉ်သီးသန့်မရှိသလော၊ လူနှင့်ကုန်ရော၍ တင်ရလျှင်လည်း သတ်မှတ်စံနှုန်းမရှိလေရော့သလား။ လူရောကုန်ပါ ရသလောက်တင်၍ အစုန်အဆန်ကူးသန်းနေကြသည်လား။

နောက်ထပ် မတော်တဆမှုမှာ ရေလမ်းကြောင်းတွင်တွေ့ရသည့် 'ဝဲ' များကြောင့်ဖြစ်သည်။ ဧရာဝတီမြစ်ရိုးတစ်လျှောက် 'မှုတ်ဝဲ' 'စုပ်ဝဲ' များရှိသည်ဟု သိရသည်။ ယင်း 'ဝဲ'များကြောင့်ဟုဆိုလျှင် ယင်းရေလမ်းကြောင်းတွင် မောင်းနှင်နေသည့် ရေယာဉ်မှူးသည် ယင်းရေလမ်းကြောင်း၏ သဘောသဘာဝ၊ အတွေ့အကြုံ နည်းသူလော၊ ဝရမ်းစိုက်ပေါ့ပေါ့တန်တန်သဘောထားခြင်းလော။ တတိယတစ်မျိုးမှာ မျက်နှာချင်းဆိုင်တိုက်မှုများဖြစ်သည်။ ဧရာဝတီမြစ်ကြောင်းကား ဤမျှကျဉ်းမြောင်း၍ အကွေ့အကောက်ပေါသလော၊ အချက်ပေးဥပဒေ၊ ရေလမ်းပြအမှတ်အသားများ မရှိသလော၊ ကမ်းမမြင် လမ်းမမြင် မောင်းနှင်နေရသလော။ မေးသင့်မေးထိုက်သော မေးခွန်းများဖြစ်မည် ထင်ပါသည်။

စာရေးသူရေးသားတင်ပြနေခြင်းမှာ အပြစ်တင် အပြစ်မြင်နေခြင်း မဟုတ်ပါ။ လူ့အသက်ပေါင်းများစွာ မဆုံးပါးစေချင်ပါ၊ ရေယာဉ်နှင့် ကုန်ပစ္စည်းများ အကျိုးမဲ့မြစ်ကြမ်းပြင်အောက် မရောက်စေချင်ပါ။ တစ်ခုခု မှားနေသည်လား၊ သို့တည်းမဟုတ် တစ်ခုမက မှားယွင်းနေသည်လား။

စင်စစ်အပြစ်တင်ခြင်း၊ အပြစ်မြင်ခြင်းမဟုတ်ခဲ့ပါလျှင် မည်ကဲ့သို့သော နည်းလမ်းများဖြင့် ကြံဆောင်ရွက်နိုင်ကြမည်ဆိုသည့်အဖြေ (ဝါ) နည်းလမ်းကောင်းကို ရှာကြဖို့ပင် ဖြစ်ပါလိမ့်မည်။ ။

ခင်မောင်ဌေး(ပညာရေး)



နိုင်ငံ၏ လူသားအရင်းအမြစ်ပြန်းတီးမှုမှ ကာကွယ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ရန်ကုန် မေ ၆

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသော ဒုတိယအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်ကင်းရှင်းရေးရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ကုလသမဂ္ဂက ကြီးမှူးသော ဒုတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်ကင်းရှင်းရေးရက်သတ္တပတ်ကို နိုင်ငံ အသီးသီးတွင် မေ ၆ ရက်မှ ၁၂ ရက်အထိ ၇ ရက် ကျင်းပမည်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်း ယာဉ်တိုက်မှုကြောင့် သေဆုံးရသူများထဲတွင် ၂၇ ရာခိုင်နှုန်းသည် လမ်းအသုံးပြုသူ၊ ခြေကျင်လျှောက်သူများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ယခုဒုတိယအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်ကင်းရှင်းရေးရက်သတ္တပတ်အတွက် ခြေကျင်လျှောက်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး (Pedestrians safety) ကို ရည်ညွှန်း ပြီး ဆောင်ပုဒ်အနေဖြင့် Make Walking Safe ဟု သတ်မှတ်ထားကြောင်း၊ ယာဉ်တိုက်ခိုက် သေဆုံးသူများတွင် ခြေကျင်လျှောက်သူ ၂၅ ရာခိုင် နှုန်းကျော်ပါဝင်နေသည့်အတွက် သေဆုံးဒဏ်ရာရမှုရပ်တန့်လျော့နည်းစေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများသည် စဉ်ဆက်မပြတ် ဆောင်ရွက်နေရခြင်းဖြစ်သည့်အတွက် ပြည်သူလူထု အတန်းအစားအသီးသီး ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပေးခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုနည်းလမ်းများကို စူးစမ်းတီထွင် ဆောင်ရွက်ပေးခြင်းများဖြင့် နိုင်ငံ၏လူသားအရင်းအမြစ် ပြန်းတီးမှုမှ ကာကွယ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ရန်ကုန်ဆေးရုံကြီး အရိုးရောဂါပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာသစ်လွင်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်က ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြပွဲခန်းမအတွင်း ပြသထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။(အပေါ်ပုံ)

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Hagay Moshe Behar၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်တွင်း/ ပြည်ပ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

(၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားများ ကျင်းပ

စစ်တွေ

(၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီတွင် ရခိုင်ပြည်နယ် မီးသတ်ဦးစီးဌာန၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က အမှာစကားပြောကြားပြီး သန့်ရှင်းသာယာလှပရေးပထမဆုရ မြေပုံမြို့နယ် မီးသတ်စခန်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်ကာ ပြည်နယ်မီးသတ်တပ်ဖွဲ့ဝင်များ၏ အသက်ကယ်နည်းများ သရုပ်ပြခြင်းနှင့် မီးငြိမ်းသတ်ရေးစွမ်းရည်ပြသခြင်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုသိမ်

(၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီတွင် ပုသိမ်မြို့ကိုးသိန်းအားကစားကွင်း၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က အမှာစကားပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များ၏ အသက်ကယ်နည်းအမျိုးမျိုး လက်တွေ့သရုပ်ပြသခြင်းကို ကြည့်ရှုအားပေးကာ တိုင်းဒေသကြီးအတွင်း မီးသတ်စခန်း သန့်ရှင်းသာယာလှပရေး ပထမ၊ ဒုတိယနှင့် တတိယဆုရ မြို့နယ်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မောင်မောင်ထူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် ယမန်နေ့ည ၇ နာရီ ၄၅ မိနစ်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားစဉ်။

(သတင်းစဉ်)

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန သင်တန်းများဖွင့်

ရန်ကုန် မေ ၆

ခေါင်းဆောင်မှုစွမ်းရည်တိုးမြှင့်ရေးသင်တန်းအမှတ်စဉ်(၁)၊ စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၅၄)၊ စက်ကြီးပန်းထိုးသင်တန်း အမှတ်စဉ်(၂)နှင့် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၈၄) သင်တန်းများဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်း အိပ်ဆောင်၊ စာသင်ဆောင်၊ စားရိပ်သာနှင့် နှစ်ရှည်ပင်၊ ရာသီပင်စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

သင်တန်းများသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၅၃ ဦး တက်ရောက်ကြပြီး သင်တန်းမှာ ရက်သတ္တ ၁၂ ပတ်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





ရွှေကိုမလို ရေကိုသာလိုသည့် အညာဒေသ သောက်ရေ၊ သုံးရေ ရရှိရေး စုပေါင်းကူညီကြမည်

သတင်းဆောင်းပါး-တင်မောင်(မန္တလေး)

မြန်မာနိုင်ငံ အလယ်ပိုင်းမိုးနည်းရပ်ဝန်းဒေသဖြစ်သည့် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်ကျေးရွာအချို့တွင် ပူပြင်းသည့်နွေရာသီ၌ ရေရရှိရေး အခက်အခဲများ များစွာရင်ဆိုင်နေရကြောင်းသိရသည်။ နံနက်မိုးမလင်းမီကပင် ခရီးမိုင် ငါးမိုင် ခြောက်မိုင်ခန့်ကွာဝေးသော ရေရရှိသည့်နေရာများသို့ သွားရောက်ကာ သောက်ရေ၊ သုံးရေတစ်စည်၊ တစ်ထမ်း ရရှိရေးအတွက် ရေသယ်၊ ရေရှာ၊ ရေခပ်နေရသည့် အလုပ်ကိုလုပ်ကြရသည်။

ရေရှာပြီး စုဆောင်းရသည့်အချိန်များကြောင့် အချိန်ကုန်၍ အခြားစားဝတ်နေရေးအလုပ်များ မဆောင်ရွက်နိုင်ဘဲ လူမှုဒုက္ခများကြုံတွေ့နေရပြီး လုပ်အားအရင်းအမြစ်များ ဆုံးရှုံးနေကြရသည်။ ထိုဒေသနေပြည်သူများအတွက် ရေသည် အဓိကကျသည်။ ရွှေကိုမလို ရေကိုသာ အလိုရှိနေကြသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ရေရှားပါးသောဒေသရှိ ပြည်သူများအတွက် နိုင်ငံတော်၏ လမ်းညွှန်မှုနှင့်အတူ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဆည်မြောင်းဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် နိုင်ငံတော်၏ ခွင့်ပြုချက်အရ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ထောက်ပံ့ငွေဖြင့် ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးလက်ရေရရှိရေး ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ရာ စည်ပင်သာယာရေးအဖွဲ့များ အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ရေပေးရေး စက်ရေတွင်း တူးဖော်ခြင်း၊ အခြားဆက်စပ်လုပ်ငန်းများကို ကျောက်ပန်းတောင်း၊ ငါန်းဇွန်၊ စဉ့်ကူး၊ ညောင်ဦး၊ တံတားဦး၊ တောင်သာ၊ နွားထိုးကြီး၊ ပျော်ဘွယ်၊ မြင်ဦးလွင်၊ မလှိုင်၊ မတ္တရာ၊ မိတ္ထီလာ၊ မြင်းခြံ၊ မြစ်သား၊ ရမည်းသင်း၊ ဝမ်းတွင်း၊ သာစည်၊ သပိတ်ကျင်း၊ ငါ့သရောက် စသည့်မြို့နယ် ၂၀ တို့မှ ကျေးရွာပေါင်း ၂၃၀ တွင် ငွေကျပ်သန်းပေါင်း ၁၁၅၂ ဒသမ ၁၄၈ သန်း အကုန်ကျခံ၍ ၄ ဧ လက်မစက်ရေတွင်း ၆၆ တွင်း တူးဖော်ရန်လျာထားရာ စက်ရေတွင်း ၁၇ တွင်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ၂၄ တွင်းမှာ ဆောင်ရွက်ဆဲနှင့် ၂၅ တွင်းမှာ ဆောင်ရွက်ရန် ကျန်ရှိကြောင်း သိရသည်။

ထို့ပြင် ၂ ဧ လက်မစက်ရေတွင်းအတွက် ငွေကျပ်သန်းပေါင်း၄၁၇ ဒသမ ၉၈သန်းအကုန်ကျခံ၍ စက်ရေတွင်း ၁၁၉ တွင်း တူးဖော်ရန်လျာထားကာ ၄၁ တွင်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ဆောင်ရွက်ဆဲ ၃၉ တွင်းနှင့် ဆောင်ရွက်ရန် ၃၉ တွင်း ကျန်ရှိကြောင်း သိရသည်။ လက်နှိပ်ရေဘုံပိုင်တွင်း ၃၆ တွင်းအတွက် ငွေကျပ်သန်းပေါင်း ၁၈ ဒသမ ၄ သန်း အကုန်ကျခံ၍ တူးဖော်ရန် လျာထားရာ တွင်းပေါင်း ၂၀ ဆောင်ရွက်ပြီးစီး၍ ခြောက်တွင်းမှာ ဆောင်ရွက်ဆဲနှင့် ၁၀ တွင်း ဆောင်ရွက်ရန် ကျန်ရှိကြောင်း၊ အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်း ၁၀ မျိုးအတွက် ငွေကျပ် ၃၃ ဒသမ ၈၅၈ သန်း လျာထားရာ လုပ်ငန်းရှစ်မျိုးဆောင်ရွက်ပြီးစီးပြီး နှစ်မျိုးသာ ဆောင်ရွက်ရန် ကျန်ရှိကြောင်း သိရသည်။

ရေရှားပါးသောဒေသများ၌ နိုင်ငံတော်နှင့် စေတနာရှင်များ၏ လှူဒါန်းမှုဖြင့် ရေတွင်းများတူးဖော်နိုင်ခဲ့မှုကြောင့် သောက်ရေ သုံးရေရရှိခဲ့ရာ ဒေသခံများ ဝမ်းပန်းတသာ လာရောက်သယ်ယူကြစဉ်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၀၃-၂၀၁၄ ခုနှစ် ဧပြီလမှ ဇွန်လအထိ တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ပြုပြင်ရန်လိုအပ်သည့် ဆည်ငယ်/ကန်ငယ် ၂၈ ခုအတွက် ဆည်မြောင်းဦးစီးဌာနမှ ယခုနှစ် မိုးမကျမီ ပြီးစီးရန် လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း၊ မြင်ဦးလွင်ခရိုင်အတွင်း ကျေးရွာခုနစ်ရွာတွင် ပြုပြင်မည့် ဆည်ကန်ပေါင်း ခုနစ်ခုရှိရာ ၎င်းတို့ ပြုပြင်ပြီးစီးသွားပါက အကျိုးပြုဧရိယာ ၁၈၆၄ ဧကအတွက် ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြင်းခြံခရိုင်အတွင်းတွင်လည်း ကျေးရွာ ၄၄ ရွာတွင် ဆည်ကန် ၄၄ ကန်အား ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ရာ ပြီးစီးသွားပါက ရေသိုလှောင်မှုပမာဏ ဝ၉၈၈ ဒသမ ၅ ဧကပေနှင့် ရေဂါလန် သန်းပေါင်း ၁၀၆၀၀၀ ကို လည်းကောင်း၊ ညောင်ဦးခရိုင်အတွင်း ကျေးရွာပေါင်း ၁၅ ရွာတွင် ဆည်ကန် ၁၅ ကန်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ရာ ရေသိုလှောင်မှုပမာဏ ၃၉ ဧကပေကို လည်းကောင်း၊ ကျောက်ဆည်ခရိုင်အတွင်း ကျေးရွာပေါင်း သုံးရွာတွင် ဆည်ကန်သုံးကန်ပြုပြင် ဆောင်ရွက်သွားမည်ဖြစ်ရာ ရေသိုလှောင်မှုပမာဏ ၅၀ ဧကပေ၊ မိတ္ထီလာခရိုင်အတွင်း ကျေးရွာပေါင်း ၆၀ တွင် ဆည်ကန်ပေါင်း ၆၀ ပြုပြင် ဆောင်ရွက်သွားမည်ဖြစ်ရာ ရေသိုလှောင်မှုပမာဏ ၅၂၅ ဒသမ ၂၀၆ ဧကပေ၊ ရမည်းသင်းခရိုင်အတွင်း ကျေးရွာပေါင်း ၇၇ ရွာတွင် ဆည်ကန် ၇၇ ကန် ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ရာ ရေသိုလှောင်မှုပမာဏ ၁၀၁၅ ဒသမ ၉၄ ဧကပေတို့ကိုလည်းကောင်း ရေသိုလှောင်ထိန်းသိမ်းသွားနိုင်မည်ဖြစ်ပြီး ရေအခက်အခဲကြုံတွေ့နေရသော ကျေးရွာများအတွက် အကျိုးပြုသွားနိုင်မည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများအတွက် ခန့်မှန်းငွေကျပ်သန်းပေါင်း ၂၆၄၃ ဒသမ ၆၀ ကျခံသုံးစွဲကာ ဆည်ကန်အတွင်း သဲ၊ နုန်းမြေများတူးဖော်ခြင်း၊ မြေသား အဆင့်မြှင့်တင်ခြင်း၊ ရေပေးမြောင်းပြင်ဆင်ခြင်း၊ ရေသွယ်မြောင်းပြုပြင်ခြင်း၊ ကျောက်ကြီးအစိုစီ/အခြောက်စီခြင်း၊ ရေထိန်းတာပေါင်ပြုပြင်ခြင်း၊ ရေလွှဲဆည် အသစ်တည်ဆောက်ခြင်း၊ ရေလွှဲဆည်တူးမြောင်းပြုပြင်ခြင်း၊ ရေလျှံထိန်းတာပေါင်ပြုပြင်ခြင်း၊ ကန်ပေါင်အားဖြည့်ခြင်း၊ ရေထုတ်ပြွန်နှင့်ရေပိုလွှဲ ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းတို့ကို လူအင်အား၊ စက်အင်အားများနှင့် အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက အားကြိုးမာန်တက် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စည်ပင်သာယာရေးအဖွဲ့များနှင့် ဆည်မြောင်းဦးစီးဌာနတို့မှ အဝီစိတွင်းများ တူးဖော်ခြင်း၊ ဆည်ငယ်၊ ကန်ငယ်များ ပြင်ဆင်ခြင်း၊ လုပ်ငန်းများဆောင်ရွက်နေဆဲကာလအတွင်း တိုင်းဒေသကြီး ခရိုင်မြို့နယ်များရှိ ကျေးရွာအုပ်စု ၁၅၀၄ အုပ်စု၊ ကျေးရွာ ၄၆၃၅ ရွာတွင် ၄ ဧ လက်မ အဝီစိတွင်း ၃၃၁၁ တွင်း၊ ၂ ဧ လက်မ အဝီစိတွင်း ၈၂၈၂ တွင်း၊ လက်နှိပ်ဘုံပိုင်ရေတွင်း ၈၃၆၄၉ တွင်း စုစုပေါင်း ရေအရင်းအမြစ် ရေတွင်းပေါင်း ၉၅၂၄၂ တွင်းမှ ရေရယူ စတင်သုံးစွဲလျက်ရှိပြီး ဆောင်ရွက်ဆဲ အဝီစိတွင်းများ၊ ဆည်ကန်များ၊ ဆောင်ရွက်ရန် ကျန်ရှိလုပ်ငန်းများပြီးစီးသွားပါက သောက်သုံးရေနှင့် စိုက်ပျိုးရေပြည့်ဝစွာပေးဝေနိုင်မည့်အပြင် ဒေသခံပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်လာမည်ဖြစ်ကာ ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှု လျော့ချရေးကို များစွာ အထောက်အကူဖြစ်လာစေမည်ဖြစ်သည်။

ထို့အပြင် လူနှင့်ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် သောက်သုံးရေနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး အတွက်လည်း များစွာအထောက်အကူပြုမည်ဖြစ်ရာ ရွှေကိုမလို ရေကိုသာလိုအပ်နေသည့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းဒေသအတွင်း ရေရှားဝါးမှုအတွက် ရေရရှိရန် နိုင်ငံတော်အစိုးရနှင့် စေတနာရှင် အလှူရှင်များက စေတနာသဒ္ဓါထက်သန်စွာဖြင့် စုပေါင်းပံ့ပိုး ကူညီလှူဒါန်းကြသည်မှာ များစွာဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပါကြောင်းနှင့် ဆက်လက်လှူဒါန်းနိုင်ကြပါစေကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ရေးသားလိုက်ရပါသည်။ ။

မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၅၀၀၀ ဂျပန်ဝယ်ယူမည်

မောင်သာယာ

ဂျပန်ကုမ္ပဏီမစ်ဆူအီက မြန်မာနိုင်ငံမှ အရည်အသွေးကောင်းမွန်သည့် ဆန် (ဂရိတ်-၅)တန်ချိန် ၅၀၀၀ ဝယ်ယူတင်သွင်းမည်ဖြစ်ကြောင်း တရားဝင်သတင်းမီဒီယာများက တနင်္လာနေ့တွင် ပြောကြားသည်။

အရည်အသွေးကောင်းမွန်သော မြန်မာ့ညှိမထဆန်အမျိုးအစားကို ဒေသခံပုဂ္ဂလိကအဖွဲ့အစည်းဖြစ်သည့် မြန်မာလယ်ယာစီးပွားကော်ပိုရေးရှင်းက တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်၏ ပြောကြားသည်ကို ကိုးကား၍ဖော်ပြသည်။

မြန်မာလယ်ယာစီးပွားရေးကော်ပိုရေးရှင်းက အဆိုပါဆန်များကို ဂျပန်မစ်ဆူအီကော်ပိုရေးရှင်းသို့ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၀ ဖြင့် တင်ပို့ရောင်းချသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံက ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၅ သန်းတင်ပို့ရန် ရည်မှန်းထားပြီး ယခုလောလောဆယ် ဆန်တန်ချိန် ခြောက်သိန်းခန့် တင်ပို့နိုင်ခဲ့ပြီဖြစ်ကြောင်း တရားပင်စာရင်းများအရ သိရသည်။

ယခုကဲ့သို့ ဆန်တန်ချိန်အမြောက်အမြား ပြည်ပသို့တင်ပို့နေချိန်တွင် ဂျပန်၊ တောင်ကိုရီးယားနှင့်ဗီယက်နမ်နိုင်ငံတို့မှ လယ်ယာကဏ္ဍနှင့်ပတ်သက်သည့် ကုမ္ပဏီများက မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် စိစဉ်လျက်ရှိကြသည်။

ဂျပန်နိုင်ငံမှ မစ်ဆူအီနှင့် ဗီယက်နမ်နိုင်ငံမှ ဗီနာ ကတ်ပီတယ်တို့သည် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန် မြန်မာလယ်ယာစီးပွားကော်ပိုရေးရှင်းနှင့် နားလည်မှုစာချွန်လွှာများရေးထိုးထားကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာတွင် အစားအစာနှင့် စွမ်းအင်ထုတ်လုပ်ရေး စက်ရုံများ ပူးပေါင်းတည်ဆောက်သွားမည်ဖြစ်သကဲ့သို့ နည်းပညာမြင့် ဆန်စပါးကြိတ်ခွဲစက်ရုံများကို နေပြည်တော်အပါအဝင် ရန်ကုန်၊ ဧရာဝတီ နှင့်ပဲခူးတိုင်းဒေသကြီးတို့တွင် တည်ဆောက်သွားရန် သဘောတူထားသည်။ (ဆင်ဟွာ)

Offshore MBA Program Batch-2 ဖွင့်

ရန်ကုန် မေ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် The Univesity of Thai Chamber of Commerce (UTCC) တို့၏ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ Offshore MBA Program Batch-2 ဖွင့်ပွဲကို မေ ၄ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ အလုံပြာဘုရားလမ်းရှိ Park Royal Hotel ၌ကျင်းပရာ ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌဦးဝင်းအောင်၊ ဗဟိုအလုပ်အမှုဆောင်များ၊ HRD ကော်မတီဝင်များ၊ UTCC မှ Dr. Jakarin Srimoon နှင့် ဆရာဆရာမများ၊ သင်တန်းသားများ တက်ရောက်ကြပြီး အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်နှင့် Dr. Jakarin Srimoon (UTCC) တို့က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

သင်တန်းသို့ သင်တန်းသား ၅၃ ဦး တက်ရောက်ကြပြီး သင်တန်းမှာ နှစ်နှစ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ

သံမလိုက်သည့် အဆင့်မြင့် စတီး ဘလိတ်ဓားသွားဆူးကြိုးများကို
စျေးနှုန်းချိုသာစွာဖြင့် ခိုင်ခိုင်ခံ့ခံ့ တပ်ဆင်ပေးနေပါသည်။

ရန်ကုန်အရောင်းဆိုင် - အမှတ်(၃၄/A)၊ ... Ph:01-645631, 01-8603141, 09-5008161

နေပြည်တော်အရောင်းဆိုင် - အမှတ်(၅၀၁)၊ ... ၂ ရပ်ကွက်၊ ... နေပြည်တော်။ Ph : 067-26422, 09-49-210 661, 09-5104456

မန္တလေးအရောင်းဆိုင် - အမှတ်(၁၅၄/B)၊ ... ၂၄လမ်းနှင့် ၂၅လမ်းကြား၊ ... Ph:02-73191, 09-5140656, 09-402571300

ယာဉ်စိန့်ဂျိုးဇက် ၁၉၆၅ ခုနှစ် အထက(၃) ယခု အထက(၂) လှိုင်ကော်၏ အငြိမ်းစား ဆရာ/မများအား အာစရိယပူဇော်ပွဲ

ကမာရွတ်မြို့နယ်၊ လှိုင်ကော်မြို့ ယာဉ်စိန့်ဂျိုးဇက်၊ ၁၉၆၅ ခုနှစ် အထက(၃) ယခု အထက(၂) လှိုင်ကော်၏ အသက်(၆၀)ပြည့်ပြီး အငြိမ်းစားဆရာ/မကြီးများအား ကျောင်းသား/သူများ(အားလုံး)၏ အာစရိယပူဇော်ပွဲကို ၂၀၁၃ ခုနှစ် မေလ(၁၉)ရက်နေ့ နံနက်(၈း၀၀)နာရီအချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ... ကျောင်းသား/သူများအားလုံး သိရှိတက်ရောက်ပေးနိုင်ရန်နှင့် အလှူငွေများကိုလည်း ဆက်သက်လှူဒါန်းပေးနိုင်ပါကြောင်း အသိပေးဖိတ်ကြားအပ်ပါသည်။

အလှူငွေလှူဒါန်းရန်အကောင့်နံပါတ် - ... (လှိုင်ကော်) ၀၃၃-၁၁၂၀၀၀၉၂၅
အသေးစိတ်စုံစမ်းရန် - ၀၉၅၆၀၀၅၀၅

အသေးစားချေးငွေလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် မေ ၆

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အရှေ့ဖောင်ကြီးကျေးရွာ၌ တည်ဆောက်လျက်ရှိသော Saemaul Multi-Complex Center တွင် စာကြည့်တိုက်၊ ရှေးဦးသူနာပြုစုရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆေးပေးခန်းတို့ ပါဝင်စေရန်အတွက် စီစဉ်ဆောင်ရွက်ရေး၊ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အရှေ့ဖောင်ကြီးကျေးရွာနှင့် သန်လျင်မြို့နယ် သနပ်ဝင်ကျေးရွာတို့၌ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းအပြင် အခြားသော တိုင်းဒေသကြီး/ ပြည်နယ်များတွင်ပါ စီမံကိန်းတိုးချဲ့ဆောင်ရွက်ရေး၊ အသေးစားချေးငွေ (Microfinance) လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ကိုရီးယားသမ္မတနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် လုံခြုံရေးဝန်ကြီးဌာနမှ Administrative Officer Kwon, Yeong-Seok ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက် ၉ နာရီတွင် သမဝါယမဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြသည်။ **(ယာဝုံ)**

အလားတူ မွန်းလွဲ ၂ နာရီတွင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ Financial Sector Economist ဖြစ်သူ Mr. Thatha Hla ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်တွေ့ဆုံပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် သမဝါယမဝန်ကြီးဌာနမှ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသေးစားချေးငွေ (Microfinance) လုပ်ငန်းများ၊ သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ၊ သမဝါယမတက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများတွင် သမဝါယမ စီးပွားရေးပညာနှင့် အသက်မွေးဝမ်းကျောင်းပညာ ကျွမ်းကျင်တတ်မြောက်သော ပညာတတ်များ မွေးထုတ်ပေးနိုင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရမိ

ဝေါ မေ ၆

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စစ်တောင်းတံတားအဟောင်း၊ အသစ်ဆိုရာ မဟာဗျူဟာလမ်းဆုံတွင် Mobile Team လရ-၂ ညွှန်မှူးနှင့် ပူးပေါင်းအဖွဲ့သည် မေ ၂ ရက် နံနက် ၁ နာရီခွဲက ၎င်းတို့အခြေပြုရာမှ ထွက်ခွာလာပြီး Mobile Team စစ်ဆေးရေးဂိတ်အား ရှောင်ကွင်းနိုင်သော ကွင်းလမ်းများအား စစ်ဆေးနိုင်ရန် ဆောင်ရွက်နေစဉ် ညောင်ခါးရှည်အပိုင် တာကောအင်းလမ်းခွဲ အရောက်၌ ကားလမ်းဘေးတွင် အိပ်နေကြသော အမျိုးသား၊ အမျိုးသမီး ၁၃ ဦးအား တွေ့ရှိ၍ စစ်ဆေးကြည့်ရာ ကျိုက်ထိုမှန်လုံယာဉ်အား စောင့်နေသည်ဟု ပြောကြောင်း၊ ယင်းမှန်လုံယာဉ်တွင် ခရီးသည်အဖြစ် ဟန်ဆောင်လိုက်ပါနိုင်ရန် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ငှားရမ်းထားကြောင်း စစ်ဆေးသိရှိရသည့်အတွက် ယင်းမှန်လုံယာဉ်အား စစ်ဆေးနိုင်ရန် ညောင်ခါးရှည်လမ်းခွဲသို့ ဆက်လက်ထွက်ခွာလာရာ မိုင်တိုင်အမှတ် (၃)အရောက်တွင် နေဝင်းအောင် မောင်းနှင်လာသော ယာဉ်အမှတ် ၄ခ/. . . ပြည်အားမာန် မှန်လုံယာဉ်မှာ ကျိုက်ထိုဘက်သို့ပြန်လည်လှည့်မောင်းရန် ပြင်ဆင်

ဥတုရာသီ တောကိုမှီ၏

နေသည်အတွက် ယင်းယာဉ်အား စစ်ဆေးကြည့်ရာ ခရီးသည်ထိုင်ခုံအောက်နှင့် ထိုင်ခုံများကြားတွင် Beer Chang (500 ml)(1×24) ၉၅ ဖာ၊ ယာဉ်အမှတ် ၂ခ/. . . . ရွှေခြင်္သေ့ မှန်လုံယာဉ်ပေါ်တွင် ပိုင်ရှင်ဦးသန်းအောင် ပိုင်ဆိုင်သော Milo (200 g)(1×8pcs×6) ၃၂ ဖာ၊ Queen အချိုရည် ၁၂၀ ဘူး၊ SUMO ၃၄ ဘူး၊ ယာဉ်အမှတ် ၆၀/. . . သာမည မှန်လုံယာဉ်ပေါ်တွင် ပိုင်ရှင် စည်သူ ပိုင်ဆိုင်သော ပဲပိစပ်ဆီ ၄၀ ဘူး၊ ၉ခ/. . . . ရွှေဖားစည် မှန်လုံယာဉ်ပေါ်တွင် ပိုင်ရှင် ဦးသူရ ပိုင်ဆိုင်သော Heineken (330 ml) (1×24 pcs) ခုနစ်ဖာ၊ PUC ဝါယာကြိုး ၃၈ ခွေအား စစ်ဆေးတွေ့ရှိရသည့်အတွက် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **သုန်းသော်(ဝေါ)**

တိုးချဲ့မွေးမြူရေး ပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် မေ ၆

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်မှုများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပါမှ မိသားစုဘဝသာမက နိုင်ငံတော်ပါ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ စိုက်ပျိုးရေးနှင့် တွဲဖက်၍ မွေးမြူရေးလုပ်ငန်းများကိုပါ တစ်ပိုင်တစ်နိုင် ဆောင်ရွက်ခြင်းဖြင့် ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် မွေးမြူရေးနှင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးဟောပြောပွဲကို နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ညောင်ဝင်သာစံပြကျေးရွာ ဓမ္မာရုံ၌ မေ ၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ပညာပေးဟောပြောပွဲတွင် နေပြည်တော် မွေးမြူရေး နှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ စိုးသိမ်းက နို့စားနွားမွေးမြူမှုတိုးတက်ရေးအတွက် ကျေးရွာ အရောက်အခမဲ့ မေထုန်မဲ့သားစပ်ပေးခြင်းနှင့် ကြက်၊ ဘဲ၊ ဝက်၊ ဆိတ် တိုးချဲ့မွေးမြူရေးကိုလည်းကောင်း၊ မြို့နယ် ဦးစီးအရာရှိ ဒေါက်တာ ဝင်းစိုးက တိရစ္ဆာန်ကူးစက်ရောဂါ ထိန်းချုပ်ခြင်းနှင့် ကာကွယ်ဆေးအခမဲ့ ထိုးနှံပေးမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၅၈၆)**

ဂက်(စ်)အိုးများ အပူလွန်ကဲပြီး မီးလောင်

ရန်ကုန် မေ ၆

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမအနောက် ဘုရင့်နောင်လမ်းမကြီးရှိ စက်မှုသုံး သံဂဟေ စက်ပစ္စည်းမျိုးစုံရောင်းဝယ်ရေး ခြံဝင်းတွင် မေ ၅ ရက် ည ၁၀ နာရီခွဲခန့်က ဂက်(စ်) အိုးများ၊ ဂက်(စ်) အားဖြည့်ခြင်း၊ အားသွင်းခြင်းလုပ်ငန်းကို လုပ်ကိုင်နေစဉ် လျှပ်စစ်မီးခံ့မှ ဝါယာများအပူလွန်ကဲပြီး ဂက်(စ်)များ ယိုစိမ့်ကာ ဝါယာရှော့ဖြစ်၍ ဂက်(စ်)အိုးများ ပေါက်ကွဲပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ ရွာမအနောက်ရပ်ကွက်အတွင်းရှိ ပြည်သူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၁ နာရီခွဲခန့်တွင် မီးငြိမ်းသွားသည်။

ရပ်ကွက်အတွင်း လူနေအိမ်ခြေအနီး မီးလောင်ပေါက်ကွဲစေတတ်သော ဂက်(စ်)ခေတ်ငွေ့ပစ္စည်းများကို ရောင်းဝယ်နေခြင်းသည် ပတ်ဝန်းကျင်အနီးရှိ လူအများ၏ အသက်အိုးအိမ်စည်းစိမ်ကို အန္တရာယ်ပေးနေသဖြင့် စိုးရိမ်ရကြောင်း လူနေရပ်ကွက်နှင့် ဝေးရာပြောင်းရွှေ့လုပ်ကိုင်သင့်ကြောင်း ရပ်ကွက်အတွင်းနေပြည်သူများ၏ ပြောဆိုသံကိုကြားသိခဲ့ရသည်။

မီးပေါ်ဆသူ စက်မှုသုံးသံဂဟေစက်ပစ္စည်းမျိုးစုံရောင်းဝယ်ရေးပိုင်ရှင်အား အင်းစိန်ရဲစခန်းက ပြစ်မှုဆိုင်ရာ ပုဒ်မ(၂၈၅) ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောင်ဗလ)**

မြန်မာ့ဘောလုံးလောကတိုးတက်ရေး ဆောင်ရွက်ချက်များရှင်းလင်း

ရန်ကုန် မေ ၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF)ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ကျင်းပပြီးစီးခဲ့သည့် အာရှဘောလုံးအဖွဲ့ချုပ်(AFC) ကွန်ဂရက် အစည်းအဝေးသို့ တက်ရောက်ခဲ့ရာတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဆပ်ဘလတ္တာ၊ ဥရောပဘောလုံးအဖွဲ့ချုပ် အဖွဲ့ချုပ်ဥက္ကဋ္ဌ မစ်ချယ် ပလာတီနီတို့နှင့် တွေ့ဆုံခဲ့ပြီး မြန်မာ့ဘောလုံးလောက တိုးတက်ရေးဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဆပ်ဘလတ္တာက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ပြီးခဲ့သည့်ကာလအတွင်း ဘောလုံးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းနှင့် လူမှုရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ခြင်းများမှာ အားရဖွယ်ရာကောင်းကြောင်း၊ အထူးသဖြင့် နိုင်ငံအတွင်း ကျန်းမာရေးဆိုင်ရာ ထောက်ပံ့ကူညီမှုတစ်ရပ်ဖြစ်သည့် FIFA 11 For Health Programme အတွက် ဆောင်ရွက်ချက်များကိုလည်း ကျေနပ်အားရပါကြောင်း၊ ယင်းဝရိုဂရမ်အား အောင်မြင်စွာ အကောင်အထည်ဖော်သွားမည်ဟုလည်း ယုံကြည်ပါကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအား ပြောကြားခဲ့သည်။ ဖီဖာသည် ယမန်နှစ်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အား အာရှဒေသအတွက် ပထမဆုံးဖြစ်သည့် FIFA 11 For Health ပရိုဂရမ်ကို ပေးအပ်ခဲ့ပြီး MFF နှင့် ကျန်းမာရေး၊ ပညာရေး၊ အားကစားဝန်ကြီးဌာနသုံးခု ပူးပေါင်းကာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် MFF ဥက္ကဋ္ဌသည် 25th AFC Congress တွင် ဥရောပဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ မစ်ချယ် ပလာတီနီအား တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး ဘောလုံးလောကတိုးတက်ရေးအတွက် တိုင်ပင်ဆွေးနွေးခဲ့ကြောင်းလည်း သိရသည်။ မေ ၂ ရက်မှ ၃ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ပြုလုပ်ခဲ့သည့် အာရှဘောလုံးအဖွဲ့ချုပ်ကွန်ဂရက်သို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးတင်အောင်၊ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကျင်းပရေးတာဝန်ခံ ဦးရဲမျိုးဟိန်းနှင့် AFC Gold Star Award ဆုရရှိခဲ့သည့် ဦးခင်မောင်ကြိုင်တို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ကွန်ဂရက်တွင်ပြုလုပ်သည့် အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌရာထူး ရွေးကောက်ပွဲတွင် ဘာရိန်းနိုင်ငံသား Shaikh Salman Bin Ebrahim Al Khalifa က အနိုင်ရရှိခဲ့သည်။ **(ဇော်မင်းအောင်)**

ထားဝယ်၌ စုပေါင်းသွေးလှူဒါန်း

ထားဝယ် မေ ၆

(၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ထားဝယ်မြို့ မီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၂ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာ မြင့်မြင့်ခိုင်က သွေးလှူဒါန်းသူ မီးသတ်တပ်ဖွဲ့ဝင်များအား ဆေးဝါးများနှင့် အားဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။ အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲတွင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ၅၀ တို့ သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာ ခန့်ထားရန်)
Htoo Construction Developmet Group Co., Ltd. တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါ အရည်အချင်းနှင့် ကိုက်ညီသူများ လာရောက်လျှောက်ထားနိုင်ပါသည်။

- Male/Female (5) Post
- LL.B (Law)/ LL.M (Law)
- English (4) Skills ကျွမ်းကျင်ရမည်။
- Computer Application ကျွမ်းကျင်ရမည်။
- Email, Internet ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်
- ဥပဒေလုပ်ငန်းနှင့် ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

* လျှောက်ထားလိုသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အထောက်အထားများနှင့်တကွ (၃၁-၅-၂၀၁၂) ရက်နေ့ နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - 01-655308/ 01-655309

ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ရေရှည်အစီအမံများနှင့် ဟန်ချက်ညီညီအကောင်အထည်ဖော်

☆ တစ်ဖက်နဲ့ တစ်ဖက်မှ

ရခိုင်ပြည်နယ်ပဋိပက္ခများနဲ့ပတ်သက်ပြီး ကျွန်တော်တို့အစိုးရရဲ့ ရပ်တည်ချက်ဟာ လက်ရှိအခြေအနေကို လက်တွေ့ကျတဲ့နည်းလမ်းများနဲ့ ကိုင်တွယ်ဖြေရှင်းပြီး အနာဂတ်မှာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာရေးကို ရှေးရှုတဲ့ဦးတည်ချက်များနဲ့ လုပ်ဆောင်သွားမှာဖြစ်တဲ့အကြောင်း ပြောကြားလိုပါတယ်။ ဒီနေရာမှာ သမိုင်းသင်ခန်းစာများကို ပစ်ပယ်မှာမဟုတ်ပေမယ့် ကျွန်တော်တို့လူ့အဖွဲ့အစည်းရဲ့ သမိုင်းကြောင်းဆိုးမွေများထဲက ရုန်းထွက်ဖို့ လိုအပ်မှာဖြစ်ပြီး အနာဂတ်ကိုရှေးရှုတဲ့ အဖြေရှာဖွေမှုတွေကို ပြုလုပ်ကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ သမိုင်းကြောင်းနဲ့ချီပြီး ဒီမိုကရေစီ ရေချိန်နိမ့်ပါးခဲ့ခြင်းနဲ့ ပွင့်လင်းလွတ်လပ်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကို မတည်ဆောက်နိုင်ခဲ့ခြင်းဆိုတာတွေကြောင့် လက်နက်ကိုင်ပဋိပက္ခတွေ၊ အခက်အခဲ၊ အကျပ်အတည်းတွေ၊ အချင်းချင်း မယုံကြည်မှုတွေ၊ စီးပွားရေးနိမ့်ကျမှုတွေနဲ့ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့မှုဆိုတဲ့ ခါးသီးတဲ့ဒဏ်တွေကို ခံစားခဲ့ကြရပါတယ်။ ဒီဒဏ်ရာတွေကို ကုစားနိုင်ဖို့အတွက် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ဖော်ဆောင်နေရခြင်းဖြစ်ပါတယ်။ ဒီလိုဖော်ဆောင်တဲ့နေရာမှာ နိုင်ငံသားတိုင်း မိမိတို့ ယုံကြည်ရာဘာသာတရားကို လွတ်လပ်စွာရွေးချယ် ကိုးကွယ်ပိုင်ခွင့်နဲ့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ရရှိစေဖို့ဆိုတဲ့အချက်တွေကိုလည်း မဖြစ်မနေတစ်ပါတည်း ကြိုးပမ်းဖော်ဆောင်နေရခြင်းဖြစ်ပါတယ်။ မတူညီတဲ့ ကိုးကွယ်ယုံကြည်မှုတွေကို လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ရှိဖို့အတွက် အခြေခံအနှစ်သာရဟာ ဘာသာတရားအချင်းချင်း အပြန်အလှန်လေးစားမှုပဲဖြစ်ပါတယ်။ ဒီလိုအပြန်အလှန်လေးစားမှုရှိမှသာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်မှာလည်းဖြစ်ပြီး နိုင်ငံသားတစ်ဦးချင်းစီရဲ့ လွတ်လပ်စွာကိုးကွယ်ယုံကြည်မှုနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ အစိုးရအနေနဲ့ အစဉ်လေးစား ကာကွယ်ပေးသွားမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီရဲ့ အခြေခံအနှစ်သာရတစ်ခုဖြစ်တဲ့ လွတ်လပ်စွာဖော်ထုတ်ပြောဆိုပိုင်ခွင့်နဲ့ ပတ်သက်ပြီးတော့လည်း ပြောကြားလိုပါတယ်။ ဒီအခွင့်အရေးကို အလွဲသုံးပြီး အမုန်းတရားကို တိုးပွားစေတဲ့ ပြောဆိုမှုများ၊ လှုံ့ဆော်မှုများဟာ ပဋိပက္ခများကို ပိုမိုကြီးထွားစေခဲ့ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ သတိပြုရမယ့် အချက်တစ်ခုဟာ အခွင့်အရေးတစ်ခုကို လွဲမှားစွာ အသုံးချခြင်းဟာ အခြားအခွင့်အရေးများကို ဆုံးရှုံးစေတယ်ဆိုတာကို သတိပြုရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာဝင်များရဲ့ ဘုရား၊ ကျောင်းတန်၊ စေတီပုထိုးများ၊ ခရစ်ယာန်ဘာသာဝင်များရဲ့ ဘုရားရှိခိုးကျောင်းများ၊ အစ္စလာမ်ဘာသာဝင်များရဲ့ ဗလီတွေနဲ့ ဟိန္ဒူဘာသာဝင်များရဲ့ ဘုရားကျောင်းများ အတူယှဉ်တွဲတည်ရှိနေပြီး နိုင်ငံသားများအကြားမှာလည်း သမိုင်းနဲ့ချီတဲ့ လူမှုရေးသဟဇာတ ရှိပြီးဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာ ပေါ်ပေါက်ခဲ့တဲ့ ပဋိပက္ခများရဲ့ဇာစ်မြစ်များဖြစ်တဲ့ လူဦးရေပေါက်ကွဲမှုမြင့်မားတဲ့ အိမ်နီးချင်းနိုင်ငံနဲ့ နယ်နိမိတ်ချင်းဆက်စပ်နေမှု၊ ကိုလိုနီစနစ်ရဲ့ အမွေဆိုး၊ ရခိုင်တိုင်းရင်းသားများနဲ့ အစ္စလာမ်ဘာသာ ကိုးကွယ်တဲ့ လူ့အဖွဲ့အစည်းနှစ်ခုလုံးရဲ့ လူမှုစီးပွားအထွေထွေ နိမ့်ကျမှုများစတဲ့ အချက်တွေကို လျစ်လျူရှုပြီး ရခိုင်တိုင်းရင်းသားများနဲ့ အစ္စလာမ်ဘာသာကိုးကွယ်တဲ့ လူ့အဖွဲ့အစည်းနှစ်ခုရဲ့ ပဋိပက္ခကို ဗုဒ္ဓဘာသာများနဲ့ မွတ်စလင်များကြားမှာဖြစ်ပွားနေတဲ့ ပဋိပက္ခအဖြစ် ကျဉ်းမြောင်းတဲ့အမြင်နဲ့ လွဲမှားစွာပုံဖော်နေခြင်း၊ ရှုမြင်နေခြင်းဟာ ကြုံတွေ့နေရတဲ့ ပြဿနာများကိုဖြေရှင်းရန် ပိုမိုခက်ခဲစေမှာဖြစ်ပါတယ်။ နောက်ဆက်တွဲအနေနဲ့ မိတ္ထီလာနဲ့ ဥက္ကံမြို့များမှာ ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခများဟာလည်း ဘာသာရေးပြဿနာများအဖြစ် မှားယွင်းစွာ ပုံဖော်ခဲ့ခြင်းရဲ့ အကျိုးဆက်များအဖြစ် ရှုမြင်နိုင်ပါတယ်။

ရခိုင်ပြည်နယ် ပဋိပက္ခများကို ဖြေရှင်းတဲ့နေရာမှာ စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အကြံပြုချက်များအနက် အဓိကအချက်များကိုကြည့်ရင် ပထမဆုံး ဆောင်ရွက်ရမယ့်အချက်ဟာ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနဲ့ ပဋိပက္ခများ ထပ်မံမဖြစ်ပွားစေရေးအတွက် တရားဥပဒေစိုးမိုးရေး အစီအမံများ ချမှတ်ဆောင်ရွက်ရေးပဲဖြစ်ပါတယ်။ တာဝန်ရှိတဲ့ လုံခြုံရေးအဖွဲ့အစည်းများအနေနဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကိစ္စရပ်များမှာ အပြည့်အဝ ပူးပေါင်းအကောင်အထည်ဖော်နိုင်ရေးအတွက် ကျွန်တော့်အနေနဲ့ နိုင်ငံတော်သမ္မတရဲ့ လုပ်ပိုင်ခွင့် အခွင့်အာဏာများ အသုံးပြုဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လုံခြုံရေးအဖွဲ့အစည်းများဟာ ပြည်သူ့ဝန်ထမ်းကျင့်ဝတ်နဲ့အညီ ဘက်လိုက်မှုမရှိဘဲ ဥပဒေအရ တိတိကျကျ လိုက်နာဆောင်ရွက်စေဖို့ကိုလည်း ကျွန်တော့်အနေနဲ့ ညွှန်ကြားအမိန့်ပေးထားပြီး ဖြစ်ပါတယ်။ ပဋိပက္ခများအတွင်း ဖြစ်ပွားခဲ့တဲ့ ဥပဒေချိုးဖောက်မှုများကိုလည်း ဘက်လိုက်မှုမရှိဘဲ ထိရောက်စွာ အရေးယူသွားမှာဖြစ်ပါတယ်။ ပဋိပက္ခများကြောင့် အိုးအိမ်၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသူများအတွက်လည်း ကယ်ဆယ်ရေး၊ ကူညီစောင့်ရှောက်ရေးများကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အထူးသဖြင့် ဒုက္ခသည်များအတွက် မိုးမကျမီ အမိုးအကာအောက် အချိန်မီရောက်ရှိရေး၊ ကလေးသူငယ်များ အာဟာရ ပြည့်ဝစေရေး၊ ပညာသင်ကြားနိုင်ရေး၊ စိတ်ပိုင်းဆိုင်ရာ နာကျင်မှုများနှင့် မလုံခြုံမှုများကို ကုစားပေးနိုင်ရေး၊ ကူးစက်ရောဂါများကို ဟန့်တားရေး၊ အသက်မွေးဝမ်းကျောင်းမှုနှင့် ဒေသစီးပွားရေး ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိရေးနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးတို့ကို အလျင်အမြန် အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လိုအပ်တဲ့ နိုင်ငံတကာအကူအညီများကိုလည်း ရယူသွားမှာဖြစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များမှာ ဝင်ရောက်ဆောင်ရွက်ကြမယ့် နိုင်ငံတကာအဖွဲ့အစည်းများကိုလည်း အစိုးရအနေနဲ့ လိုအပ်တဲ့ အကူအညီများ ပေးအပ်သွားမှာဖြစ်ပါတယ်။ ယခင်ကာလများက ရခိုင်ပြည်နယ်အတွင်းမှာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ခေါင်းစဉ်နဲ့ ဝင်ရောက်လုပ်ကိုင်ခဲ့တဲ့ နိုင်ငံတကာအဖွဲ့အစည်းအချို့ရဲ့ လုပ်နည်းကိုင်နည်း အမှားများကြောင့် ပြဿနာများ ပိုမိုရှုပ်ထွေးနက်ရှိုင်းခဲ့တာဟာလည်း ငြင်းဆို၍မရသည့် အမှန်တရားဖြစ်ပါတယ်။ ဒါ့ကြောင့် လက်ရှိအခြေအနေအရ ရခိုင်ပြည်နယ်မှာ ဝင်ရောက်ဆောင်ရွက်ကြမယ့် အဖွဲ့အစည်းများအနေနဲ့လည်း အသိုက်အဝန်းနှစ်ခုအကြား ပိုမိုရှုပ်ထွေးစေမယ့် ကိစ္စရပ်များမဖြစ်ပေါ်ဖို့အတွက် ဒေသတွင်းမှာ ဖြစ်ပေါ်နေတဲ့ ကန့်သတ်ချက်များကို နားလည်လိုက်နာကြဖို့နဲ့ နှစ်ဖက်လူ့အသိုက်အဝန်းနှစ်ခုလုံးရဲ့ ယုံကြည်ထောက်ခံမှုကိုရယူရန် ကြိုးစားကြဖို့လည်းတိုက်တွန်းလိုပါတယ်။

ထို့အပြင် စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အကြံပြုချက်များနဲ့အညီ ပဋိပက္ခများပိုမိုဆိုးရွားမလာရေးအတွက် တရားမဝင် ဆက်လက်ဝင်ရောက်လာသူများကို ဟန့်တားရေးနဲ့ ထိရောက်စွာ အရေးယူခြင်းတို့အတွက် လိုအပ်မယ့်လုံခြုံရေးဆိုင်ရာ အစီအမံများကိုလည်း ချမှတ်သွားမှာဖြစ်ပါတယ်။ နိုင်ငံသားဖြစ်ခွင့်ရှိသူများ၊ နိုင်ငံသားဖြစ်ရေးကိစ္စရပ်များကိုလည်း ရေတို၊ ရေရှည် စီမံချက်များ ချမှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လူမှုရေးသဟဇာတဖြစ်မှု တည်ဆောက်ရေးနဲ့ ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရေရှည်အစီအမံများနဲ့ ဟန်ချက်ညီညီ အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ ထိုသို့ အစီအမံများ ချမှတ်ရာမှာ ရခိုင်ပြည်နယ်ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အကြံပြုချက်များကို အခြေခံလုပ်ဆောင်သွားမှာဖြစ်သော်လည်း အခြားမတူညီသည့် အမြင်များနဲ့ အကြံပြုချက်များကိုလည်း အလေးထားထည့်သွင်းစဉ်းစားသွားမှာဖြစ်ပါတယ်။ လက်ရှိမှာ ပဋိပက္ခများချုပ်ငြိမ်းရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကို အလျင်အမြန်အရေးယူဆောင်ရွက်နိုင်ဖို့ အရေးကြီးတဲ့အတွက် ၂၀၁၃ ခုနှစ် မတ်လ ၁၃ ရက်နေ့မှာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဗဟိုကော်မတီကို ဖွဲ့စည်းပေးခဲ့ပါတယ်။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဗဟိုကော်မတီရဲ့ မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ်ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ လေ့လာအကြံပြုတင်ပြချက်များနဲ့ အခြားဆောင်ရွက်ရန် သင့်လျော်မယ့်လုပ်ငန်းစဉ်များကို ထိရောက်စွာ ပံ့ပိုးဆောင်ရွက်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနဲ့ နယ်မြေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေး၊ ဒေသတွင်းယာယီနေရာချထားရေးနဲ့ ပြန်လည်ထူထောင်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဘက်စုံမဟာဗျူဟာ ရေးဆွဲရေးဆိုတဲ့ လုပ်ငန်းကော်မတီ (၇) ခုကိုလည်း မတ်လ ၂၉ ရက်နေ့မှာ ထပ်မံဖွဲ့စည်းပေးခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ရခိုင်ပြည်နယ်ပဋိပက္ခကို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးစတဲ့ ရှုထောင့်ပေါင်းစုံကနေ အစိုးရတစ်ရပ်ရဲ့ မှန်ကန်တဲ့ ဦးဆောင်မှုပေးပြီး တိကျပြတ်သားစွာ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

ရခိုင်ပြည်နယ်ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါ တွေ့ရှိချက်များကို ခြုံငုံသုံးသပ်ရာမှ ရရှိလာတဲ့သင်ခန်းစာတစ်ရပ်ကတော့ ယခင်ကျင့်သုံးခဲ့တဲ့ မူဝါဒများကြောင့် ယဉ်ကျေးသော ကျွန်ုပ်တို့မြန်မာ့လူ့အဖွဲ့အစည်းအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ ကြုံတွေ့ခဲ့ရခြင်းဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ ပြောကြားလိုတာကတော့ လက်ရှိကြုံတွေ့နေသော ပြဿနာများကို ဖြေရှင်းရာမှာ တစ်ဖက်နဲ့တစ်ဖက် အပြစ်တင်ခြင်းများ ရပ်တန့်ပြီး လက်ရှိအခြေအနေကို လက်တွေ့ကျတဲ့ နည်းလမ်းများနဲ့ ကိုင်တွယ်ဖြေရှင်းပြီး အနာဂတ်မှာငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာရေးကို ရှေးရှုတဲ့ ဦးတည်ချက်များနဲ့ လုပ်ဆောင်ရန် အချိန်ကျပြီဖြစ်ကြောင်းဆိုတဲ့အချက်ပဲဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အရေးကိစ္စကို ကိုင်တွယ်လုပ်ဆောင်ရာမှာ ကျွန်တော်တို့အစိုးရအနေနဲ့ ရခိုင်ပြည်နယ်အတွင်းမှာ မူလက ရောက်ရှိနေကြတဲ့ အစ္စလာမ်ဘာသာကိုးကွယ်သူများအား လူသားချင်းစာနာထောက်ထားတဲ့အနေနဲ့ သူတို့ရဲ့ အခြေခံရပိုင်ခွင့်များနဲ့ အခွင့်အရေးများကို လက်တွေ့အကျဆုံးနည်းလမ်းများနဲ့ အရေးယူဆောင်ရွက်ပေးသွားမှာဖြစ်သလို ရခိုင်တိုင်းရင်းသားများရဲ့ ခံစားမှုနဲ့ လိုလားချက်များကိုလည်း လုံးဝလျစ်လျူရှုမှာမဟုတ်ကြောင်း အလေးအနက်ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ။

ရန်ကုန်မြို့ရှိ လွှတ်တော်ရုံးခွဲ (ရန်ကုန်)၌ ကျ...
ဆွေးနွေးပွဲသို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။

● ကျောက်ဖြူမှ

စပ်လျဉ်း၍ USAID Agriculture Officer Mr.Gary Jahnက ဆွေးနွေးတင်ပြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များနှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E Mr.Derek Mitchell နှင့် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့က ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ... ဥက္ကဋ္ဌ သူရဦး... အမှာစကား ... တောင်သူလယ်... တင်လျက်ရှိသ... အခက်အခဲရှိ... များတွင် ... ဒီအတိုင်းထား... သွားရောက် အ... နိုင်ငံအတွက် ... ထို့ကြောင့် ... များ၏ အကျိုး... ဥပဒေပြဋ္ဌာန်း...

◆ တလောမြို့နယ်မှ

မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်ခဲ့သဖြင့် ... လူနေအဆောက်အအုံများ အမိုးများလန်ခြင်းနှင့် ... လာမှုကြောင့် ယင်းလုပ်ကွက်အတွင်း ပိတ်မိခြ... စုစုပေါင်းသေဆုံးသူ ၁၆ ဦးနှင့် ဒဏ်ရာရရှိသူ ရှစ်ဦး...

ထို့အပြင် အဆိုပါဖြစ်စဉ်ကြောင့် လူနေအဆော... ခာတ်အားပို့လွှတ်ပေးနေသည့် လျှပ်စစ်မီးတိုင် ၂၄ တို... များ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးစုစု... ၁၀၀ ခန့်ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားပြီး နောက်တစ်ရက်ဖြ... န်နက်ပိုင်းတွင် ရှမ်းပြည်နယ် နယ်စပ်ရေးရာဝန်ကြီးနှင့်... တပ်နယ်မှူး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့ဝ... လုပ်ကွက်အတွင်းရှိ ပရဟိတအဖွဲ့တို့က ကူညီကယ်ဆ... ဝိုင်းဝန်းလုပ်ဆောင်ခဲ့ကြသည်။

အဆိုပါဖြစ်စဉ်အတွင်း သေဆုံးခဲ့ရသူများ၏ မိ... ကမ္ဘာမြေစက်မှုနှင့် သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတ... အပြင် လိုအပ်သည့်အကူအညီမှန်သမျှကို တတ်အာ... ပေးခဲ့သည်။

ယခုအခါ လေပြင်းတိုက်ခတ်မှု၊ မိုးရွာသွန်းမှု၊ ... ဖုံးလွှမ်းမှု၊ သစ်ပင်လဲပြိုမှုတို့ကြောင့် ဖြစ်ပေါ်ခဲ့ရသော ... ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိပြီး နေအိမ်များပြန်... ခြင်း၊ အန္တရာယ်ရှိစေနိုင်သည့် အပင်များကို ခုတ်... ပျက်စီးသွားသော မြေသားလမ်းများ ပြန်လည်ပြုပြ... အင်းလုပ်သားများနှင့် ပရဟိတအဖွဲ့တို့မှ ပူးပေါင်း... ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ပါကစ္စတန်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်နှင့် အတွင်းရေးမှူး ဦးတင်ထွန်းတို့သည် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၌ မေ ၁၁ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲသို့ ဥရောပသမဂ္ဂလေ့လာရေးအဖွဲ့၏ ဧည့်သည်တော်များအဖြစ် လိုက်ပါတက်ရောက်ရန် ယနေ့မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုနှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သာစု)**

(သတင်းစဉ်)

လွှတ်တော်ကိုယ်စားလှယ်ရုံး လှိုင်ကော်မြို့၌ ဖွင့်လှစ်

လှိုင်ကော် မေ ၆

လှိုင်ကော်မြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ထားရှိခြင်းဖြင့် ပြည်နယ်ဝန်ကြီးဌာနအသီးသီးရှိ ဌာနဆိုင်ရာများက မိမိတို့ဌာနအတွင်း အခက်အခဲများ၊ ဥပဒေ၊ နည်းဥပဒေများ၊ ခေတ်စနစ်နှင့်မညီသော မဆီလျော်သော အချက်အလက်များ၊ ဌာနလိုအပ်ချက်များ၊ အပြန်အလှန်ထိန်းညှိပေါင်းစပ်ခြင်းဖြင့် ပြည်သူများ၏ လိုအင်ဆန္ဒများ၊ အခက်အခဲများဖြေလျှော့ပေးနိုင်မည်ဖြစ်ကြောင်း မေ ၃ ရက်တွင် ပြုလုပ်သော လှိုင်ကော်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်ရုံး ဖွင့်ပွဲအခမ်းအနား၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညိုက ပြောကြားသည်။ **(ထိုက်တင်သိုက)**

ပဲခူးတွင် သတ်မှတ်အခြင်အတွယ်မပြည့်သော ဓာတ်သုံးဆီဆိုင်များ တစ်လပိတ်မည်

ပဲခူး မေ ၆

ပဲခူးတိုင်းဒေသကြီးအတွင်းရှိစက်သုံးဆီအရောင်းဆိုင် ၇၂ ဆိုင်အနက်မှ ၂၂ ဆိုင်သည် သတ်မှတ်အခြင်အတွယ်မပြည့်ဘဲ ရောင်းချသဖြင့်ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က မေ ၆ ရက်မှစပြီး ဇွန် ၅ ရက်အထိ တစ်လခန့်ယာယီပိတ်သိမ်းထားကြောင်း သိရသည်။ ပိတ်သိမ်းရသည့်ဆိုင်များမှာ ပဲခူးမြို့နယ်တွင် ၁၆ ဆိုင်၊ ဝေါမြို့နယ်တွင် ခြောက်ဆိုင်ဖြစ်ကြောင်းနှင့် မြန်မာတစ်နိုင်ငံလုံးတွင် စက်သုံးဆီအရောင်းဆိုင် ၇၁၀ ခန့်ရှိကြောင်း သိရသည်။ **(၄၀၃)**

ဧည့်ရိပ်သာတွင် ပြည့်တန်ဆာလုပ်ငန်း လုပ်ကို...

မြိတ် မေ ၆

မြိတ်ခရိုင် မြိတ်မြို့ ကြံတောရပ်ကွက်ကြီး လေဆိပ်အနီး ကြံတောလမ်းသွယ် (၁)လမ်းသွယ်ရှိ အဆင့်မြင့် ဧည့်ရိပ်သာအား မေ ၅ ရက် ည ၁၀ နာရီခွဲခန့်က မြိတ်ခရိုင်နှင့် မြိတ်မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှ စခန်းမှူးဦးဆောင်သော စုပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ အခန်းအတွင်း ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်နေသူများအား ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထိုနေ့ညတွင် လေယာဉ်မယ်... မန်နေဂျာက ... ပျော်ပါးရန် လ... အား ထိုဧည့်... ဆက်ဆံစေခဲ့ပြ... ဧည့်ရိပ်သာ မ... သုံးသောင်းပေ... ဆာနှင့်ပျော်ပါး... က ပြောပြ၍ ... သိမ်းဆည်းကာ... လုပ်ငန်း လုပ်... မန်နေဂျာအား... ထားကြောင်း ...

ရန်ကုန်မြို့ရှိ လွှတ်တော်ရုံးခွဲ (ရန်ကုန်)၌ ကျင်းပသည့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ လွှတ်တော်အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

● ကျောဖုံးမှ

စပ်လျဉ်း၍ USAID Agriculture Officer Mr.Gary Jahnက ဆွေးနွေးတင်ပြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များနှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E Mr.Derek Mitchell နှင့် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့က ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် တောင်သူလယ်သမားများ အကြွေးတင်လျက်ရှိသဖြင့် ရွှေ့ဆက်သွားရန် အခက်အခဲရှိကြောင်း၊ အချို့ဒေသများတွင် လယ်ယာမြေများကို ဒီအတိုင်းထားပြီး အခြားနိုင်ငံများသို့ သွားရောက် အလုပ်လုပ်နေကြသဖြင့် နိုင်ငံအတွက် ဆုံးရှုံးကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကိုကာကွယ်ရန် ဥပဒေပြဋ္ဌာန်းနိုင်ရေး ရေးဆွဲလျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်ရန် ပြဋ္ဌာန်းမည့်ဥပဒေများသည် တရားမျှတပြီး နည်းလမ်းတကျရှိမှသာ တရားဥပဒေစိုးမိုးမှုရှိနိုင်မည်ဖြစ်ကြောင်း၊ တချို့ဥပဒေများမှာ ဥပဒေ ပြဋ္ဌာန်းထားသော်လည်း မလိုက်နာနိုင်ကြကြောင်း၊ ထို့ကြောင့် တရားဥပဒေစိုးမိုးမှု အားနည်းကြောင်း၊ တရားဥပဒေစိုးမိုးအောင် ဥပဒေနှင့်အညီ တရားနည်းလမ်းကျသည့် ဥပဒေပြဋ္ဌာန်းနိုင်ပါက တောင်သူလယ်သမားများအတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်းဖြင့် ပြောကြားကာဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

◆ ကလောမြို့နယ်မှ

မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်ခဲ့သဖြင့် သစ်ပင်များလဲပြိုခြင်း၊ လူနေအဆောက်အအုံများ အမိုးများလန်ခြင်းနှင့် ရွံ့ညွန်ရည်များ စီးဆင်းလာမှုကြောင့် ယင်းလုပ်ကွက်အတွင်း ပိတ်မိခြင်းများ ဖြစ်ပေါ်ခဲ့ရာ စုစုပေါင်းသေဆုံးသူ ၁၆ ဦးနှင့် ဒဏ်ရာရရှိသူ ရှစ်ဦးရှိကြောင်း သိရသည်။

ထို့အပြင် အဆိုပါဖြစ်စဉ်ကြောင့် လူနေအဆောက်အအုံ ၂၅ လုံး၊ ဓာတ်အားပို့လွှတ်ပေးနေသည့် လျှပ်စစ်မီးတိုင် ၂၄ တိုင်နှင့် မော်တော်ယာဉ်များ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးစုစုပေါင်းမှာ ငွေကျပ်သိန်း ၁၀၀ ခန့်ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားပြီး နောက်တစ်ရက်ဖြစ်သည့် မေ ၃ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် နယ်စပ်ရေးရာဝန်ကြီးနှင့်အဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ တပ်နယ်မှူး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့ဝင်များနှင့် ယင်းစက်ရုံ လုပ်ကွက်အတွင်းရှိ ပရဟိတအဖွဲ့တို့က ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်ခဲ့ကြသည်။

အဆိုပါဖြစ်စဉ်အတွင်း သေဆုံးခဲ့ရသူများ၏ မိသားစုများအား အာရှကမ္ဘာမြေစက်မှုနှင့် သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်မှ နာရေးကိစ္စများအပြင် လိုအပ်သည့်အကူအညီမှန်သမျှကို တတ်အားသရွေ့ လုပ်ဆောင်ပေးခဲ့သည်။

ယခုအခါ လေပြင်းတိုက်ခတ်မှု၊ မိုးရွာသွန်းမှု၊ ရွံ့ညွန်ရေများ စီးဆင်းဖုံးလွှမ်းမှု၊ သစ်ပင်လဲပြိုပိမှုတို့ကြောင့် ဖြစ်ပေါ်ခဲ့ရသော အပျက်အစီးများအား ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိပြီး နေအိမ်များပြန်လည်ဆောက်လုပ်ပေးခြင်း၊ အန္တရာယ်ရှိစေနိုင်သည့် အပင်များကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ပျက်စီးသွားသော မြေသားလမ်းများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အင်းလုပ်သားများနှင့် ပရဟိတအဖွဲ့တို့မှ ပူးပေါင်း၍ မေ ၆ ရက်အထိ ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

ညှော်ရိပ်သာတွင် ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်သူဖမ်းဆီး

မြိတ် မေ ၆

မြိတ်ခရိုင် မြိတ်မြို့ ကြံတောရပ်ကွက်ကြီး လေဆိပ်အနီး ကြံတောလမ်းသွယ် (၁)လမ်းသွယ်ရှိ အဆင့်မြင့် ဧည့်ရိပ်သာအား မေ ၅ ရက် ည ၁၀ နာရီခွဲခန့်က မြိတ်ခရိုင်နှင့် မြိတ်မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှ စခန်းမှူးဦးဆောင်သော စုပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ အခန်းအတွင်း ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်နေသူများအား ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထိုနေ့ညတွင် လေယာဉ်မယ် အဆင့်မြင့်ဧည့်ရိပ်သာ မန်နေဂျာက ပြည့်တန်ဆာနှင့် ပျော်ပါးရန် လာရောက်သူ ကို---- အား ထိုဧည့်ရိပ်သာရှိ မ---နှင့် ဆက်ဆံစေခဲ့ပြီး ထိုသို့ဆက်ဆံသဖြင့် ဧည့်ရိပ်သာ မန်နေဂျာအားငွေကျပ် သုံးသောင်းပေးရကြောင်း၊ ပြည့်တန်ဆာနှင့်ပျော်ပါးရန်လာရောက်သူများက ပြောပြ၍ သက်သေများရှေ့တွင် သိမ်းဆည်းကာ ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်သူ ဧည့်ရိပ်သာ မန်နေဂျာအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကြံတောမိုးဌေး(မြိတ်)

သထုံ-မော်လမြိုင် မဟာဓာတ်အားလိုင်းနှင့် ရေး-ထားဝယ်-ဘားအံ စက်မှုဇုန်သို့ ဓာတ်အားပေးပို့နိုင်မည့် မော်လမြိုင်ပင်မဓာတ်အားခွဲရုံဖွင့်

မော်လမြိုင် မေ ၆

ယခုအခါ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဓာတ်အားသုံးစွဲသူ တိုးတက်များပြားလာပြီး ဓာတ်အားလိုအပ်ချက်အား ပြည့်ဆီးရန်အတွက် မော်လမြိုင်မြို့ အဏ္ဏရဲ တံတားအနီးတွင် ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ မော်လမြိုင် ပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ၊ သထုံ-မော်လမြိုင် ဓာတ်အားလိုင်း မိုင် ၅၀ကို တည်ဆောက်ခဲ့ပါကြောင်း၊ အဆိုပါဓာတ်အားလိုင်းကြောင့် မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် ဓာတ်အားပျောက်ဆုံးမှုရာခိုင်နှုန်းလျော့နည်းကျဆင်းသွားမည်ဖြစ်ပြီး ယခင် ၆၆ ကေဗွီဓာတ်အားစနစ်တွင် ၄၄ ကေဗွီခန့်သာရှိရာမှ ယခုအခါ ဝန်အားပြည့်သုံးစွဲနေသည့် အချိန်တွင်ပင် ၆၄ ကေဗွီအထိတိုးတက်လာပြီး သံဖြူဇရပ်သို့ ၃၃ ကေဗွီဖြင့် ပို့လွှတ်ထားသော ဓာတ်အားစနစ်တွင် ၂၀ ကေဗွီခန့်ရှိရာမှ ယခုအခါ ၃၂ ကေဗွီအထိ တိုးတက်လာပြီး မွန်ပြည်နယ်အတွင်း သုံးစွဲသည့် ဓာတ်အားပမာဏကို နိုင်နင်းစွာ ဖြည့်ဆီးပေးနိုင်မည် ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ယနေ့နံနက်ပိုင်းတွင် ကျင်းပသော မော်လမြိုင် ပင်မဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့ပြီး မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

၎င်းပင်မဓာတ်အားခွဲရုံမှတစ်ဆင့် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းများ ထပ်မံတိုးချဲ့တည်ဆောက်ကာ ရေး-ထားဝယ်ဒေသများသို့ ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်၍ ဓာတ်အားပေးပို့နိုင်မည်ဖြစ်ပြီး ကရင်ပြည်နယ်အတွင်းရှိ ဘားအံစက်မှုဇုန်သို့လည်း ဗို့အားပိုမိုကောင်းမွန်စွာဓာတ်အားပေးပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။ (အောက်ပုံ)

လာမည့် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင်လည်း မွန်ပြည်နယ်အတွင်းလျှပ်စစ်ဓာတ်အား ပိုမိုကောင်းမွန်စွာ ဖြန့်ဖြူးနိုင်ရေးအတွက် ၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီ မော်လမြိုင်-သံဖြူဇရပ် ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ (မဇ္ဈ)

ကျန်းမာရေးအာမခံနှင့် အသက်အာမခံဆိုင်ရာသင်တန်းဖွင့်

ရန်ကုန် မေ ၆

မြန်မာ့အာမခံ လုပ်ငန်းနှင့် ဟောင်ကောင်အခြေစိုက် AIA အသက်အာမခံကုမ္ပဏီတို့ ပူးပေါင်း၍ ကျန်းမာရေးအာမခံနှင့် အသက်အာမခံဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာ့အာမခံ ရုံးချုပ်၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက ကျန်းမာရေးအာမခံသည် ပြည်သူများအတွက် အမှန်တကယ်လိုအပ်နေသော အာမခံအမျိုးအစားဖြစ်ကြောင်း၊ သို့သော် နည်းပညာလိုအပ်ချက်မြင့်မားကြောင်း၊ ယခုအခါ အာမခံကုမ္ပဏီ ၁၃ ခုရှိလာပြီဖြစ်၍ ကျန်းမာရေးအာမခံကို အကောင်အထည်ဖော်ရန် လိုလောက်သော အင်အားရှိလာပြီဖြစ်ကြောင်း၊ နိုင်ငံခြားမှ နည်းပညာအကူအညီ၊ နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍ ပံ့ပိုးပေးမှုတို့ဖြင့် စတင်နိုင်မည်ဟု ခန့်မှန်းနိုင်ကြောင်း၊ ယခု မြန်မာ့အာမခံမှ ရောင်းချပေးနေသော "မြွေအန္တရာယ်" အာမခံသည် ကျန်းမာရေးအာမခံ၏ ရှေ့ပြေးပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လူဦးရေသန်း ၆၀ ခန့်ရှိရာ အသက်အာမခံပေါ်လစီသည် သုံးသိန်းခန့်သာရှိသေးကြောင်း၊ ထိုသို့ တွင်ကျယ်မှုနည်းရခြင်းမှာ အသက်အာမခံ၏ အရည်အသွေး ဆွဲဆောင်မှုနည်း၍သော်လည်းကောင်း၊ ဖြန့်ချိမှုချို့ယွင်း၍သော်လည်းကောင်း၊ ယင်းနှစ်မျိုးစလုံးကြောင့် သော်လည်းကောင်း ဖြစ်နိုင်ကြောင်း၊ ပြည်သူတို့ စိတ်ဝင်စားမှုရှိမည့် အသက်အာမခံပေါ်လစီမျိုးတီထွင်၍ ထိရောက်သော ဖြန့်ချိမှုပြုနိုင်ရန် သုတေသနပြုလုပ်ရမည် ဖြစ်ကြောင်း၊ Statistical Modelling မျိုးလုပ်ကြည့်ရန် လိုအပ်ကြောင်း၊ ယခုသင်တန်းမှရသော ပညာ၊ ဗဟုသုတများသည် မြန်မာနိုင်ငံတွင် ကျန်းမာရေးအာမခံနှင့် အသက်အာမခံ ပြန့်ပွားရေးအတွက် အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း၊ AIA ကုမ္ပဏီသည် အာရှတိုက်တွင် ပေါက်ဖွားခဲ့သော ကုမ္ပဏီဖြစ်ပြီး မြန်မာနိုင်ငံတွင် ကိုယ်စားလှယ်ရုံးခွဲ ဖွင့်လှစ်သည့် ဒုတိယနိုင်ငံခြား အသက်အာမခံကုမ္ပဏီဖြစ်ကြောင်းနှင့် သင်တန်းသားများအနေဖြင့် စိတ်ဝင်စားမှု၊ အာရုံပြုမှုအပြည့်ထည့်၍ ရသမျှဗဟုသုတများကို ရယူခြင်းဖြင့် ရွှေရောင်အခွင့်အရေးကို မိမိရရ ဆုပ်ကိုင်ရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

သင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ ကျင်းပသွားမည်ဖြစ်ပြီး သင်တန်းသား ၄၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှိုစားသူ ရွာသားရှစ်ဦးတွင် နှစ်ဦးသေဆုံး

တာချီလိတ် မေ ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့နယ်ခွဲ မိုင်းပါး လျှိုးကျေးရွာအုပ်စု ဝမ်ပုံကျေးရွာ၊ နမ့်ကိုင်ကျေးရွာ၊ ကော်ကော့ကျေးရွာများမှ ရွာသားရှစ်ဦးသည် ဧပြီ ၃၀ ရက် နံနက် ၈ နာရီခန့်တွင် စုပေါင်း၍ တောတွင်းလက်ဖက်ခါးခူးရန်အတွက် ဝမ်ပုံကျေးရွာမှ လက်ဖက်ခါးခူးမည့်နေရာ ဒေသအခေါ် (နောင်က) တောထဲသို့ ထွက်ခွာသွားပြီး တောထဲတွင် စုပေါင်းနေထိုင်၍ လက်ဖက်ခါးများခူးပြီး ညနေစာအဖြစ် တောအတွင်းမှ တွေ့ရှိသော တောမှိုအဖြူရောင်များအား ချက်ပြုတ်စားသောက်ရာမှ ခြောက်ဦး မူးဝေအော့အန်ဝေဒနာခံစားရပြီး နှစ်ဦးမှာ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၎င်းရွာသားရှစ်ဦးသည် တောထဲတွင် လက်ဖက်ခါးများခူးပြီး မေ ၃ရက် ညနေ ၃ နာရီခန့်တွင် ညနေစာအဖြစ် တောတွင်းမှတွေ့ရသော တောမှိုအဖြူရောင်များအား ချက်ပြုတ်စားသောက်ရာမှ ၁၀ မိနစ်ခန့်အကြာတွင် ရွာသားရှစ်ဦးလုံးမူးဝေအော့အန်လာကြသဖြင့် တောအတွင်းမှ မိမိတို့ကျေးရွာများသို့ ချက်ချင်းပြန်လည်ထွက်ခွာလာရာ မေ ၄ ရက် မွန်းလွဲ ၂ နာရီတွင် ကျေးရွာများသို့ အသီးသီးပြန်လည်ရောက်ရှိကြသည်။ ဝမ်ပုံကျေးရွာမှ ဦးအိုက်ရီကျောက်နှင့် ဦးအိုက်ကျောက်တို့ နှစ်ဦးမှာ မသက်သာသဖြင့် ညနေ ၆ နာရီတွင် တာချီလိတ်ပြည်သူ့ဆေးရုံသို့ ထော်လာဂျီ (ဒေသခေါ်) လောအီတန်ယာဉ်နှင့် ပို့ဆောင်ဆေးကုသမှုခံယူစေခဲ့ရာ မေ ၅ ရက် နံနက် ၃ နာရီခန့်တွင် တာချီလိတ်ဆေးရုံ၌ ဦးအိုက်ရီကျောက်နှင့် ဦးအိုက်ကျောက် တို့ နှစ်ဦးလုံး သေဆုံးသွားကြောင်း သိရသည်။

မြင့်မိုရ် (တာချီလိတ်)

တောင်ပိုင်းဒေသများတွင် နေ့အပူချိန် အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် မေ ၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်၊ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၈ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နှင့် ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီရိတ်ထိ လျော့နည်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်၊ ထူးခြားသည့် နေ့အပူချိန်မှာ ကြို့ပင်ကောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၆၂ လက်မ၊ ပင်လောင်းမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ မူဆယ်မြို့တွင် ၂ ဒသမ ၁၇ လက်မ၊ ဘော်လခဲမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ရမည်းသင်းမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ ဇောင်းတူမြို့တွင် ၁ ဒသမ ၁၈ လက်မနှင့် ကြို့ပင်ကောက်မြို့တွင် ၁ ဒသမ ၀၀ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်၊

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်၊

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်၊

ခြင်ဆေးစွဲသုံးချင် သတိယှဉ်
အောက်တွင်ခံခွက် မမေ့နှင့်

မိခင်နှင့်မွေးကင်းစကလေး သေဆုံးမှု လျော့ချရေး သားဖွားဆရာမများ၏ အခန်းကဏ္ဍ အဓိကကျ

နေပြည်တော် မေ ၆

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန် သင်္ဂဟဟိုတယ် Grand Ballroom ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ကမ္ဘာပေါ်တွင် မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အားလုံး လက်လှမ်းမီနိုင်စေရန် သားဖွားဆရာမ ၃၅၀၀၀၀ အမှန်တကယ် လိုအပ်နေပြီး မြန်မာနိုင်ငံတွင်လည်း သားဖွားဆရာမများ တိုးတက်ခန့်ထားပေးနိုင်ရန် လိုအပ်နေကြောင်း၊ ၂၀၁၂ ခုနှစ်အထိ သားဖွားဆရာမ ၂၀၀၄၄ ဦး လေ့ကျင့်သင်ကြားမွေးထုတ်ပြီး ဖြစ်သော်လည်း လက်ရှိကာလတွင် သားဖွားဆရာမ ၉၉၃၂ ဦးကိုသာ ခန့်အပ်ထားနိုင်သေးကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးရွာပေါင်း ၆၀၀၀၀ ကျော်အတွက် သားဖွားဆရာမများ လိုအပ်နေသေးကြောင်း၊ မိခင်နှင့်မွေးကင်းစကလေး သေဆုံးမှု လျော့ချရေးတွင် သားဖွားဆရာမများ၏ အခန်းကဏ္ဍသည် အဓိကကျလျက်ရှိကြောင်း၊ သားဖွားဆရာမများ၏ မိခင်နှင့်မွေးကင်းစကလေး ကျန်းမာရေးမြှင့်တင်မှု လုပ်ငန်းများတွင်ရရှိခဲ့သည့် အောင်မြင်မှုများနှင့် တိုးတက်မှုများကို ဂုဏ်ပြုချီးမြှင့်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့ကို နှစ်စဉ် မေ ၅ ရက်တွင် ပြုလုပ်လျက်ရှိပြီး ယနေ့ကျင်းပသည့် အခမ်းအနားသည် မြန်မာနိုင်ငံအနေဖြင့် ပထမဦးဆုံးအကြိမ် စတင်ပြုလုပ်ခြင်း ဖြစ်ကြောင်း၊ သားဖွားဆရာမများသည် နိုင်ငံတိုင်း၏ပဏာမ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအတွက် အဓိကအင်အားစု ဖြစ်ကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၏ အဓိကအင်အားများဖြစ်ကြကြောင်း၊ ထို့အတွက် မြန်မာနိုင်ငံတွင် သားဖွားဆရာမများအား အနီရောင်နတ်မိမယ်များ (Red Angels) ဟု တင်စားခေါ်ဝေါ်ကြကြောင်း၊ ကမ္ဘာပေါ်၌ တစ်နှစ်လျှင် မိခင်ပေါင်း ၂၈၇၀၀၀ နှင့် တစ်နှစ်အောက်ကလေး သုံးသန်းကျော်ခန့်သည် ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ် သေဆုံးနေကြကြောင်း၊ အကယ်၍သာ လုံလောက်သော သားဖွားဆရာမများ ရှိခဲ့ပါက ယင်းသေဆုံးမှုများကို ကာကွယ်နိုင်သကဲ့သို့ အရည်အသွေးပြည့်ဝသည့် သားဖွားဆရာမများ လုံလောက်စွာရှိခြင်းနှင့် ပစ္စည်းကိရိယာ ပြည့်စုံစွာရှိနိုင်ခြင်းတို့သည် မိခင်သေဆုံးမှု၏ ၆၀ ရာခိုင်နှုန်းကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော် နေထိုင်လျက်ရှိသည့် ကျေးလက်ဒေသ ကျန်းမာရေးဌာနများတွင် ပြည်သူနှင့် တစ်သားတည်းနေထိုင်ပြီး ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်နေသည့် သားဖွားဆရာမများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်းနှင့် တာဝန်ကျေပွန်မှု၊ စေတနာထားစောင့်ရှောက်မှုနှင့် ပံ့ပိုးကူညီမှုများကို ချီးကျူးဂုဏ်ပြုပါကြောင်းဖြင့်လည်း ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ Officer In Charge Mr. Rogelio Fernandez Castilla က အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းမှ သားဖွားဆရာမများထံ သားဖွားဆရာမသုံးမွေးဖွားပုံးများ လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူအသီးသီးက လက်ခံကြသည်။

အခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ ၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူဦးရေနေ့ အထိမ်းအမှတ် ထူးချွန်ဝန်ထမ်းအဖြစ် နိုင်ငံတော်မှ ဆုချီးမြှင့်ခြင်းခံရသည့် သားဖွားဆရာမ ငါးဦးဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်မှ ဒေါ်ခင်လှရွှေ၊ ကယားပြည်နယ် ဒီမောဆိုးမြို့နယ်မှ ဒေါ်နော်လားရှိုး၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်မှ ဒေါ်နန်းနှင်းပွင့်၊ ဗဟို သားဖွားသင်တန်းကျောင်း ရန်ကုန်မြို့မှ ဒေါ်ယဉ်ယဉ်ဦးနှင့် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းမှ ဒေါ်ယဉ်ယဉ်မြတို့က မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၌ လူတစ်ဦး ကြိုးဆွဲချသေဆုံး

ရန်ကုန် မေ ၆

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် (၈၈) ရပ်ကွက် ရွှေကြိုးကြာလမ်းရှိ နေအိမ်တစ်အိမ်တွင် မေ ၅ ရက် နံနက် ၁၁ နာရီခန့်တွင် လူတစ်ဦးကြိုးဆွဲချသေဆုံးကြောင်း သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ရဲအုပ်ထွန်းတင်၊ သက်သေရာအိမ်မှူး ဦးဝင်းဌေး၊ ဦးဝင်းနိုင်တို့နှင့်အတူ သွားရောက်စစ်ဆေးရာ ၎င်းနေအိမ်တွင် အိမ်ရှင် ဦးတင်အောင် (၆၅) နှစ် ခန္ဓာကိုယ်အောက်ပိုင်း လေဖြတ်ထားသူသည် နေအိမ်ခြေရင်းတွင် အမြင့်လေးပေခွဲခန့်ရှိ အဝတ်လှန်းသည့် ဝါးတန်းတွင် ကြိုးဆွဲချသေဆုံးနေသည်ကို တွေ့ရှိရပြီး အမှုဖွင့်ထားကြောင်း သိရသည်။ (၅၁၂)

အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများ ထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသောအခြေအနေအထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန်

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့်ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ပတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကိုဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင် တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ တလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပြည်တွင်းရေးရာ

ပျံကျဈေးသည်များ အရောင်းအဝယ်နှေး၍ တွက်ခြေမကိုက်

အရာတော် မေ ၆

လူသားများ၏ စားသောက်မှုတွင် ဟင်းသီးဟင်းရွက်သည် ပါဝင်မြဲဖြစ်သည်။ ဟင်းသီးဟင်းရွက်များကို မီးဖိုချောင်သုံးအဖြစ် တစ်ပိုင်တစ်နိုင်စိုက်ပျိုးပြီး ပိုလျှံပါက ရောင်းချခြင်းဖြင့် အပိုဝင်ငွေရပေသည်။ ကျွန်တော်တို့ အရာတော်မြို့လေးသည် ပူပြင်းခြောက်သွေ့မိုးခေါင်ရေရှားသော ဒေသဖြစ်သဖြင့် ဟင်းသီးဟင်းရွက်၊ ငရုတ်၊ ကြက်သွန်ကအစ မုံရွာမြို့သို့ သွားရောက်ဝယ်ယူပြီး တစ်ဆင့်ရောင်းဝယ်ခဲ့ရသည်။

၁၉၈၉-၁၉၉၀ ခုနှစ်တွင် နိုင်ငံတော်မှ ကြီးကြပ်ကွပ်ကဲမှုဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် အရာတော်မြို့နှင့် ရွှေဘိုလမ်းကို အဆင့်မြှင့်တင်ဖောက်လုပ်ပေးခဲ့သောကြောင့် ရွှေဘိုနယ်မှ ထွက်ရှိသော ဟင်းသီးဟင်းရွက်စသည်များကို သယ်ယူရောင်းဝယ်ရသောကြောင့် အရာတော်မြို့ စည်ပင်သာယာဈေးတွင် ရောင်းဝယ်သူများနှင့် စည်ကားလျက်ရှိသည်။

"ယခုနှစ်မှာ နွေရာသီအပူချိန်မြင့်မားတာကြောင့် ရောင်းသူဝယ်သူ အသံတူစကားအတိုင်း မဖြစ်ခဲ့ရပေ။ ဝယ်သူကနည်း၊ ရောင်းသူကများပြီး မရောင်းရ။ မိမိခြံတွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးသော ချဉ်ပေါင်၊ ကန်စွန်းကအစ

အပူဒဏ်ကပြင်း၊ ရေကရှားပြီး အပိုငွေလေးရမလား ရောင်းမိဝါတယ် **(အဝေါ်ပုံ)** ဟင်းသီးဟင်းရွက်တွေက ညှိုးခြောက်ပြီး အဖြတ်ရဖို့ နေနေသာသာ အရင်းရအောင် မနည်းလုပ်နေရတယ်"ဟု စည်ပင်သာယာဈေးဝင်းအတွင်းရှိ ဈေးသည်များထံမှ သိရသည်။

(မြို့နယ်မြန်/ဆတ်)

ပြည်တွင်းစက်မှုဇုန်များ၌ အတိုးမဲ့ချေးငွေများ ချေးလာ

ရန်ကုန် မေ ၆

ပြည်တွင်း စက်မှုဇုန်များတွင် ဝန်ထမ်းတည်မြဲစေရန်အတွက် အတိုးမဲ့ချေးငွေများပေး၍ လုပ်ဆောင်လာကြောင်း ရန်ကုန်မြို့ လှိုင်သာယာ စက်မှုဇုန်အတွင်းရှိ ကုမ္ပဏီဝန်ထမ်းများထံမှ သိရသည်။

ယခင်က ကုမ္ပဏီလုပ်ငန်းအချို့သာ မိမိဝန်ထမ်းများအတွက် ပြင်ပသင်တန်းများ၌ on duty အဖြစ် လစာဖြတ်တောက်ခြင်းမရှိဘဲ သင်တန်းများတက်ရောက်စေခြင်းများရှိပြီး ယခုနောက်ပိုင်းတွင် အတိုးမဲ့ချေးငွေများချေး၍ လုပ်ဆောင်မှုမှာ ကျယ်ပြန့်လာကြောင်း၊ ငွေချေးသည့် နည်းလမ်းမှာ ကုမ္ပဏီလုပ်ငန်းတစ်ခုနှင့်တစ်ခု မတူညီကြဘဲ အချို့သောကုမ္ပဏီများတွင် လစာ၏ သုံးလစာရှိသောငွေပမာဏကိုလည်းကောင်း၊ အချို့တွင် ရာထူးအဆင့်အလိုက် အကြောင်းအရာတစ်ခုပြသလျှောက်ထား၍ ယင်းလျှောက်ထားသော ငွေအပေါ် စိစစ်ချပေးခြင်းလည်းဖြစ်ပြီး စက်မှုဇုန်များတွင် အတိုးမဲ့ ငွေချေးပေးခြင်းမှာ ခေတ်စားလာခဲ့ကြောင်း သိရသည်။

ယခုနောက်ပိုင်း ပြည်တွင်းကုန်ထုတ်လုပ်ငန်းများတွင် လုပ်ငန်းပြိုင်ဆိုင်မှုများရှိလာပြီး ကုမ္ပဏီလုပ်ငန်းတစ်ခုမှ ကျွမ်းကျင်ဝန်ထမ်းကို အခြားလုပ်ငန်းတစ်ခုက လစာပိုပေး၍ ခေါ်ယူခန့်ထားခြင်းများ ရှိလာပြီး လုပ်ငန်းပြောင်းရွှေ့လုပ်ကိုင်ကြသောသူများကြောင်း၊ ဝန်ထမ်းအပြောင်းအရွှေ့နှင့် လုပ်ငန်းယှဉ်ပြိုင်မှုများအပေါ် လုပ်ငန်းရှင်များက ဝန်ထမ်းတည်မြဲစေမည့် နည်းလမ်းများဖြင့် လုပ်ဆောင်လာကြရခြင်းဖြစ်ကြောင်း ပြည်တွင်းကုမ္ပဏီတစ်ခုမှ မန်နေဂျာတစ်ဦးက ရှင်းပြသည်။

မကြာမီ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများလည်း ဝင်ရောက်လာမည်ဖြစ်ကာ ပြည်တွင်း လုပ်ငန်းရှင်များအတွက် ယင်းကိစ္စသည် စိန်ခေါ်ချက်တစ်ရပ်ကဲ့သို့ဖြစ်နေပြီး လက်တလောတွင် မိမိတို့တွင်ရှိထားသော ကျွမ်းကျင်လုပ်သားဝန်ထမ်းများကိုသာ မိမိလုပ်ငန်း၌ တည်မြဲစေရန် နည်းလမ်းအမျိုးမျိုးဖြင့်မက်လုံးပေး၍ လုပ်ဆောင်နေကြရခြင်း ဖြစ်ကြောင်း သိရသည်။

(၆၀၀)

ပဲခူးမြို့လယ်တွင် ဆိုင်ကယ်အား နောက်မှဝင်တိုက်ပြီး တမြင့်ထိုးမှုဖြစ်ပွား

ပဲခူး မေ ၆

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် မေ ၅ ရက် ညနေ ၆ နာရီခွဲတွင် မသီသီထွန်း (၂၀)နှစ် စိန်ဟင်းစတိုင်း (စာရေးတာဝန်) ရှာသစ် (၃)လမ်း ရှာသစ်ရပ်ကွက် ပဲခူးမြို့နေသူနှင့် မောင်နိုင်လင်းထက်တို့ အလုပ်သိမ်းပြီး ဆိုင်ကယ်ဖြင့် နာရီစင်ဘက်သို့ မောင်းနှင်လာစဉ် ပဲခူးမြို့မင်းလမ်း KM mart စတိုးဆိုင်ရှေ့တွင် နောက်မှ ပင်းသူအောင် (ခ) ညဏ်လင်းထွန်း (၁၉)နှစ် ရိုးမစတိုးဆိုင် (အလုပ်သမား) ပဲခူးမြို့နေသူက ဆိုင်ကယ်ဖြင့်နောက်မှ ဝင်တိုက်သဖြင့် မသီသီထွန်း ပြုတ်ကျသွားစဉ် အသင့်ပါလာသော ဓားနှင့်ထိုးသဖြင့် ညာဘက်ခါးတွင် ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ဦးခေါင်းတွင် ဖူးရောင်ဒဏ်ရာများ ရရှိပြီး ပဲခူးဆေးရုံတွင် အတွင်းလူနာ (စိုးရိမ်ရ)ဖြင့် ဆေးကုသလျက်ရှိကြောင်း၊ ဝင်းသူအောင်အား ပဲခူး အမှတ် (၁) ရဲစခန်းမှ (ပ)၂၈၅/ ၂၀၁၃ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၈/၃၂၆ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၄၀၃)

နည်းပညာတက္ကသိုလ်မှ ကျောင်းသားတစ်ဦးသေဆုံး

မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက် နယ်မြေ (၂) ရှိ ရွှေပြည့်စုံဘော်ဒါဆောင်မှ မိတ္ထီလာနည်းပညာတက္ကသိုလ်မှ BE နောက်ဆုံးနှစ်ကျောင်းသားများဖြစ်သော ကျော်ဇင်လတ် (၂၂) နှစ်နှင့် သူငယ်ချင်း ဝိုင်းသက်ပိုင် (၂၀) နှစ်တို့သည် မေ ၃ရက်ညနေတွင် အဆောင်၌ အတူဆော့ကစားနေကြသည်ဆို၏။ ထိုစဉ် ကျော်ဇင်လတ်မှာ ရင်ဘတ်အောင့်သည်ဟုပြောပြီး နောက်သို့ လဲကျသွားသဖြင့် သူငယ်ချင်းများဝိုင်းဝန်းပြုစုသော်လည်း စကားမပြောနိုင်ဖြစ်နေသဖြင့် မိတ္ထီလာဆေးရုံသို့ တင်ပို့လိုက်ရသည်။ ဆေးရုံအရောက်တွင် ကျော်ဇင်လတ်မှာ သေဆုံးသွားခဲ့သည်။ ကျော်ဇင်လတ်မှာညောင်ဦးမြို့နယ်ကဖြစ်သည်ဆို၏။ ကျော်ဇင်လတ်သေဆုံးမှုကို အမှတ်(၂) ရဲစခန်းက သေမှုသေခင်း (၃၃/ ၂၀၁၃) ဖြင့် ရေးဖွင့်ထားသည်။ **(တင်လှိုင် -မိတ္ထီလာ)**

သုံးခွ၌ ဆိုင်ကယ်ပေါ်မှပြုတ်ကျသေဆုံးမှုဖြစ်ပွား

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့၌ ဧပြီ ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဆိုင်ကယ်ပေါ်မှပြုတ်ကျ၍ သေဆုံးကြောင်း သတင်းအရ သုံးခွမြို့ ပြည်သူ့ဆေးရုံသို့ တာဝန်မှူးသွားရောက်စစ်ဆေးခဲ့ရာ ကိုမင်း (ခ) ရဲမင်းနိုင် မောင်းနှင်လာသော ဆိုင်ကယ်ဂျက်လမက် - ၁၂၅ နက်ပြာရောင်ဆိုင်ကယ် ၂၄ယ/. . . နောက်မှ လိုက်ပါစီးနင်းလာသူ မစန်းစန်းအေး (၃၇)နှစ် နန်းခလဲကျေးရွာ သုံးခွမြို့နယ်နေသူသည် သန်လျင်မြို့တွင် နှလုံးရောဂါဖြင့်ဆေးကုသပြီး သုံးခွမြို့သို့ပြန်လာရာ အနောက်ကျေးရွာနှင့် သုံးခွမြို့အကြား အနောက်မှအရှေ့သို့ မောင်းနှင်လာစဉ် ဆိုင်ကယ်ပေါ်မှပြုတ်ကျပြီး အခင်းဖြစ်နေရာတွင်ဝင် သေဆုံးသွားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သုံးခွမြို့ ရဲစခန်းမှ ယာဉ်(ပ) ၉/ ၂၀၁၃ ပုဒ်မ ၃၀၄(က)ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး အမှုစစ်အရာရှိ ဒုရဲအုပ် သက်နောင်စိုးက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(တံတားကျော်လွင်)**

အမည်မသိ အလောင်းတစ်လောင်းတွေ့ရှိ

မေ ၄ ရက်ညနေ ၅ နာရီခန့်တွင် မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာရှိ ညောင်ကျွတ်ကွင်းအမှတ်(၃၅၂) ယာကွက်ပိုင်ရှင် ဦးမောင်အို၏ ယာကွက်ထဲ၌ ပုပ်ပွနေသည့် အသက်(၅၆)နှစ်ခန့်ရှိ အမည်မသိ အမျိုးသားအလောင်းတစ်လောင်း တွေ့ရှိကြောင်း ထီးဆောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းက မြင်းမူရဲစခန်းသို့ အကြောင်းကြားခဲ့ရာ စခန်းမှတာဝန်မှူး ဒုရဲအုပ် ထွန်းသိန်းနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့သည်။

မြင်းမူရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ် (၃/ ၂၀၁၃) ဖြင့် ဖွင့်လှစ်၍ စခန်းမှူး ရဲအုပ်သောင်းတင်က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၆၂၄)

အမေရိကန်နှင့်ကနေဒါတွင်ဝင်ငွေအကောင်းဆုံးဖြင့် ဦးဆောင်နေသည့် Iron Man 3 ဇာတ်ကား

သရုပ်ဆောင် Robert Downey Jr. က ဘီလီယံနာ စီးပွားရေးလုပ်ငန်းရှင်တစ်ဦး တိုနီစတက်ခ်အဖြစ် ပါဝင်သရုပ်ဆောင်ထားသော Iron Man 3 အမည်ရှိ စူပါဟီးရိုးဇာတ်လမ်းရုပ်ရှင်ကို အမေရိကန်နှင့် ကနေဒါနိုင်ငံတို့တွင်ပြသခဲ့ရာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၇၅ ဒသမ ၃ သန်း ရရှိခဲ့သည်။

ယင်းဇာတ်ကားကို တရုတ်၊ ရုရှား စသည့် နိုင်ငံများတွင် စတင်ပြသခဲ့ပြီးမှ ယခုအခါ အမေရိကန်နှင့် ကနေဒါ စသည့် နိုင်ငံတကာတွင် စတင်ပြသခဲ့ခြင်းဖြစ်ပြီး အဆိုပါဇာတ်ကားသည် တစ်ကမ္ဘာလုံးအတိုင်းအတာ အနေဖြင့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၆၈၀ ဒသမ ၁ သန်းရရှိမည်ဟု ခန့်မှန်းထားကြောင်း Disney ရုပ်ရှင်ထုတ်လုပ်ရေးမှ တနင်္ဂနွေနေ့က သတင်းထုတ်ပြန်ထားသည်။

စတင်ပြသချိန်တွင် မှတ်တမ်းတင်လောက်သည့် ဝင်ငွေရရှိသောဇာတ်ကားများအနက် ယခု Iron Man 3 ဇာတ်ကား၊ ၂၀၁၂ ခုနှစ်အတွင်းက ပြသခဲ့သည့် Avengers ဇာတ်ကားနှင့် ၂၀၁၀ ခုနှစ် ဇူလိုင်လအစောပိုင်းက ပြသခဲ့သည့် ဇာတ်ကားတို့ဖြစ်ကြောင်း ဟောလိဝုဒ်ဇာတ်ကားများ၏ ဝင်ငွေစာရင်းဇယားများအရ သိရသည်။

ယခင်ပြသခဲ့ပြီးဖြစ်သည့် Iron Man နှင့် Iron Man 2 ဇာတ်ကားနှစ်ကားပေါင်းဝင်ငွေမှာ တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံရှိကြောင်း မိုဂျို Box Office ဝက်ဘ်ဆိုက်မှ သတင်း ဖော်ပြထားသည်။

ဧပြီ ၂၆ ရက်က စတင်ပြသခဲ့ပြီး ထိပ်တန်းဝင်ငွေရရှိခဲ့သည့် Pain & Gain ဇာတ်ကားသည် ယခုအခါ ဝင်ငွေဒုတိယနေရာသို့ ကျဆင်းခဲ့ရပြီး ဘေ့စ်ဘော အားကစားဒရာမာဇာတ်ကားဖြစ်သည့် 42 ဇာတ်ကားက ဝင်ငွေ အမေရိကန် ဒေါ်လာ ၆ ဒသမ ၂ သန်းဖြင့် တတိယနေရာတွင်လည်းကောင်း၊ မင်းသား တွမ်ခရုဇ်၏ Oblivion ဇာတ်ကားက ဝင်ငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၇၉ သန်းဖြင့် လည်းကောင်း အသီးသီး ရပ်တည်နေကြောင်း သိရသည်။

လက်ထပ်ပြီးမိသားစုဘဝထူထောင်ရန် အစီအစဉ်မရှိသေးတဲ့ သရုပ်ဆောင် လီယိုနာဒို ဒီကာပရီယို

မေ ၁၀ ရက်တွင် စတင်ပြသမည့် The Great Gatsby သရီးဒီအချစ်ဒရာမာဇာတ်ကားမှ အဓိကသရုပ်ဆောင်တစ်ဦးဖြစ်သူ လီယိုနာဒို ဒီကာပရီယိုက လက်ထပ်ပြီး မိသားစုဘဝတစ်ခုထူထောင်ရန်အစီအစဉ်မရှိသေးပါကြောင်း နှင့် ၎င်း၏ အနာဂတ်သည် မည်သို့မည်ပုံဖြစ်လာမည်ကိုလည်း ကြိုတင်ဆုံးဖြတ်မထားပါကြောင်း ဆိုသည်။

ဆက်လက်ပြီး လီယိုနာဒိုက ချက်ချင်းကြီး လက်ထပ်ပွဲကျင်းပမည့် အစီအစဉ်လုံးဝမရှိပါကြောင်းနှင့် ယခုလက်ရှိတွင် မည်သူနှင့်တွဲနေသည်ကိုလည်း ထုတ်ဖော်ပြောကြားမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

"အချိန်တန်ရင် ရောက်လာမှာပါ။ အနာဂတ်မှာ ဘာတွေဖြစ်မလဲ၊ ကျွန်တော်တို့ ဘာတွေဆက်ဖြစ်မလဲဆိုတာသိဖို့ ကျွန်တော်မကြိုးစားပါဘူး။ ကျွန်တော် တစ်နေ့ချင်းပဲဖြတ်သန်းပါတယ်" ဟု အသက် (၃၈) နှစ်အရွယ် သရုပ်ဆောင် လီယိုနာဒိုက ပြောကြားခဲ့ကြောင်း လော့စ်အိန်ဂျလိစ်တိုင်းမ်သတင်းစာက ကြာသပတေးနေ့က သတင်းဖော်ပြထားသည်။

ထို့ပြင် လီယိုနာဒိုက ဝန်းကျင်မှအဖြစ်အပျက်များထက် သရုပ်ဆောင်ခြင်းလုပ်ငန်းထဲ၌ ပိုမိုအာရုံထားလေ့ရှိပြီး "ကျွန်တော်အခု အားလပ်ချိန်ရနေပါတယ်။ သတ်မှတ်ချက်ပေးထားတဲ့ အချိန်ခဏလေးပါ။ ဒါပေမယ့် အဲဒီအချိန် ခဏလေးမှာပဲ သရုပ်ဆောင်ခြင်းမဟုတ်တဲ့ အခြားသောလုပ်ငန်းတွေကို ကျွန်တော်လုပ်ရဦးမယ်"ဟု ပြောကြားခဲ့သည်။

Avengers ဇာတ်ကားမှ အနုပညာကြေး အမေရိကန်ဒေါ်လာ သန်း ၅၀ ရရှိခဲ့တဲ့ သရုပ်ဆောင် Robert Downey Jr.

Iron Man 3 ဇာတ်ကားမှ သရုပ်ဆောင် Robert Downey Jr. က ၂၀၁၂ ခုနှစ်အတွင်းက ထွက်ရှိခဲ့သည့် The Avengers ဇာတ်ကားတွင် Iron Man အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ရပြီး ယင်းဇာတ်ကားအတွက် ၎င်း၏ အနုပညာကြေးမှာ အမေရိကန်ဒေါ်လာ သန်း ၅၀ ခန့် ရရှိခဲ့ကြောင်း ဟောလိဝုဒ်ရိပို့တာသတင်းဌာန၏ အင်တာဗျူးတစ်ခုတွင် သရုပ်ဆောင် Robert က ပြောကြားခဲ့သည်။

The Avengers ဇာတ်ကားသည် တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့်တတိယဝင်ငွေအများဆုံး ရရှိခဲ့သည့် ဇာတ်ကားတစ်ကားဖြစ်ပြီး အဆိုပါဇာတ်ကား၏ ခန့်မှန်းဝင်ငွေမှာ တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံရရှိခဲ့ကြောင်း အဆိုပါဇာတ်ကား၏ ထုတ်လုပ်ရေးကုမ္ပဏီမှ အတည်ပြုပြောကြားခဲ့သည်။

ဖြိုးနော်မြင့် > စုစည်းရေးသားသည်

ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အလှူငွေများ လှူဒါန်းနိုင်ပါရန် နှိုးဆော်ခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံအတွင်း ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ စက်ရေတွင်းတစ်တွင်းလျှင် ကုန်ကျစရိတ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

	၂' Ø × ၂၀၀'	၂' Ø × ၄၀၀'	၄' Ø × ၂၀၀'	၄' Ø × ၄၀၀'
(က) စက်ရေတွင်း တူးဖော်ခြင်း	၄. ၉၅သိန်း	၉. ၀၅သိန်း	၉. ၉၅သိန်း	၁၉. ၀၅သိန်း
(ခ) လေမှုတ်စက်+ အင်ဂျင်တပ်ဆင်ခြင်း	၂. ၃၅သိန်း	၃. ၂၅သိန်း	၂. ၃၅သိန်း	၃. ၂၅သိန်း
(ဂ) ရေစက်ရုံ ဆောက်လုပ်ခြင်း	၄. ၇သိန်း	၄. ၇သိန်း	၄. ၇သိန်း	၄. ၇သိန်း
(ဃ) ဂါလန်(၂၀၀၀)ဆံ့ ရေကန်	၁၃ သိန်း	၁၃သိန်း	၁၃သိန်း	၁၃ သိန်း
စုစုပေါင်း	၂၅သိန်း	၃၀သိန်း	၃၀ သိန်း	၄၀ သိန်း

၂။ သို့ဖြစ်ပါ၍ စေတနာရှင်ပြည်သူ/အလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။ လှူဒါန်းလိုပါက ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း) ဖုန်း-၀၆၇-၄၀၉၂၀၁၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံကိန်း) ဖုန်း-၀၆၇-၄၀၉၃၆၂ ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး) ဖုန်း-၀၆၇-၄၀၉၄၀၉၊ ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၁-၂၀၂၇၁၄ ဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် ရေအကျိုးဆယ်ပါးကို မတောင်းဘဲနှင့် ပြည့်စုံနိုင်စေကြောင်း နှိုးဆော် ဖိတ်ကြားအပ်ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

To Open Mind and Knowledge of Society
MYANMAR NEWSWEEK JOURNAL
နောက်ဆုံးရပြည်တွင်းပြည်ပသတင်းစုံလင်စွာဖြင့် အင်္ဂါနေ့တိုင်းထွက်ရှိ

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (ဆောင်းရာသီ)
Ph: 209200, 430480, 544383

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
Ph: 209077, 09-731 67000
209388, 09-731 68000

စေ့စပ်ကြောင်းလမ်းမှုပျက်သိမ်းခြင်း

ညောင်တုန်းမြို့၊ အမှတ်(၃)ရပ်ကွက်၊ လမ်း(၂၀)နေ အဖ ဦးထွေးမောင်၏ သမီး မမေမီထွန်း[၁၄/ညတန(နိုင်)၁၅၆၂၀၁]သည် ကျိုက်လတ်မြို့နယ်၊ ကျုံသီကျေးရွာနေ အဖ ဦးဟန်ရွှေ၏ သားဖြစ်သူ မောင်မျိုးမြင့်ဇော်[၁၄/ကလန(နိုင်)၁၄၉၃၁၇]နှင့် ၂၀-၄-၂၀၁၃ ရက်တွင် ပြုလုပ်ခဲ့သော စေ့စပ်ပွဲအား နှစ်ဦးသဘောထား မတိုက်ဆိုင်ပါသဖြင့် ဖျက်သိမ်းကြောင်း ကြော်ငြာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

မမေမီထွန်း
[၁၄/ညတန(နိုင်)၁၅၆၂၀၁]

ဒီမိုကရေစီခေတ် ဂုဏ်ထိက သတင်းစာစစ်စစ် ဖတ်ချင်သူများအတွက်
The Standard Time Daily
နယ်၊ ရန်ကုန် သတင်းစာလစဉ်ရနိုင် ကိုယ်စားလှယ်ရယူလိုသူများ အောက်ပါကိုယ်စားလှယ်များထံ ဆက်သွယ်နိုင်ပါသည်။
မြို့နယ် အလိုက် နယ်ဖရန့်ကုန် ကိုယ်စားလှယ် ရယူလိုသူများ ဆက်သွယ်ရန်
Hot Line : ရန်ကုန် 09-73162485, 09-5402731 | မန္တလေး 09-402576480

ဂျူဗင်တပ်အသင်း (၂၉) ကြိမ်မြောက် စီးရီးအေဖလားဆွတ်ခူး

၂၀၁၁-၂၀၁၂ ဘောလုံးရာသီတွင် ချန်ပီယံအဖြစ်ရပ်တည်ခဲ့သော ဂျူဗင်တပ်အသင်းသည် အီတလီစီးရီးအေ ပွဲစဉ် (၃၅)အဖြစ် ယှဉ်ပြိုင်ခဲ့သည့် ပါလာမိုအသင်းနှင့် ပွဲစဉ်တွင် ပါလာမိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ရမှတ် ၈၃ မှတ်ရရှိကာ (၂၉)ကြိမ်မြောက် အီတလီစီးရီးအေဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ဂျူဗင်တပ်အသင်းသည် ၂၀၀၄-၂၀၀၅ နှင့် ၂၀၀၅-၂၀၀၆ ဘောလုံးရာသီတို့တွင် ဆက်တိုက်ချန်ပီယံဖြစ်ခဲ့ပြီး လက်ရှိတွင်လည်း အမှတ်ပေးဇယား၏ ဒုတိယနေရာမှ နာပိုလီအသင်းကို ၁၄ မှတ်ဖြတ်ကာ ရာသီမကုန်မီတွင် နှစ်နှစ်ဆက်တိုက် ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ပြီ ဖြစ်သည်။

နိုင်လင်းကြည်

မီရိုဆလက်မ်ကလိုဆေး လာဇီယိုအသင်း၏ စီးရီးအေတစ်ပွဲတည်းငါးဂိုးသွင်းသည့် ပထမဆုံးကစားသမားဖြစ်လာ

ဂျာမနီကြယ်ပွင့် မီရိုဆလက်ဗ်ကလိုဆေးသည် လာဇီယိုအသင်းက ဘိုလော့နာအသင်းကို ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် စီးရီးအေပွဲစဉ်(၃၅)တွင် လာဇီယိုအသင်းအတွက် ငါးဂိုးသွင်းယူပေးနိုင်ခဲ့သဖြင့် စီးရီးအေတစ်ပွဲတည်းတွင် ငါးဂိုးသွင်းယူပေးနိုင်ခဲ့သော လာဇီယိုအသင်း၏ ပထမဆုံးကစားသမားဖြစ်လာခဲ့သည်။

လာဇီယိုနှင့် ဘိုလော့နာတို့၏ပွဲစဉ်တွင် ကလိုဆေးက ၂၂ မိနစ်၊ ၃၆ မိနစ်၊ ၃၉ မိနစ်၊ မိနစ် ၅၀ နှင့် ၆၁ မိနစ်တို့တွင် ငါးဂိုးသွင်းယူပေးခဲ့ပြီး ဟာနာနက်စ်က ၃၂ မိနစ်တွင် တစ်ဂိုးသွင်းယူပေးခဲ့သည်။ လာဇီယိုအသင်းသည် ယင်းပွဲအနိုင်ရရှိခဲ့ခြင်းကြောင့် တနင်္ဂနွေညက စီးရီးအေချန်ပီယံဘွဲ့ကို ဆက်ခံခဲ့သည့် ဂျူဗင်တပ်အသင်း၏အောက် ၂၈ မှတ်အကွာဖြင့် အမှတ်ပေးဇယား၏ အဆင့်(၈)နေရာတွင် ရပ်တည်ခဲ့သည်။

သပြေပင်အောက် မိုးဝင်ခိုရာမှ မိုးကြိုးပစ်၍ သေဆုံး

ဟိုပုံး မေ ၆

ရှမ်းပြည်နယ် ဟိုပုံးမြို့နယ် ဟိုပွေ့ကျေးရွာတွင် သပြေပင်အောက် မိုးဝင်ခိုရာမှ မိုးကြိုးထိမှန်သဖြင့် နှစ်ဦးဒဏ်ရာရရှိပြီး တစ်ဦးသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်တွင် ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ စခန်းမှူးစိန်တူသည် စခန်းမှူးတာဝန်ဆောင်ရွက်နေစဉ် ဟိုပုံးပြည်သူ့ဆေးရုံတွင် မိုးကြိုးပစ်ခံရ၍ လူငယ်သုံးဦး ရောက်ရှိနေကြောင်း သတင်းပေးချက်အရ သွားရောက်စစ်ဆေးခဲ့ရာ ဟိုပုံးရဲစခန်းအရှေ့တောင်ဘက် ကိုးမိုင်ခန့်အကွာ ဟိုပုံးမြို့နယ် စံဖူးကျေးရွာအုပ်စု ဟိုပွေ့ကျေးရွာနေ ဦးကြည်မောင်၏ ခြံဝင်းအတွင်း ဟိုပုံးမြို့နယ် နမ့်ခုတ်ကျေးရွာ ရပ်ကွက်(၅)နေ ကျော်ရဲအောင် အသက်(၂၁)နှစ်၊ မင်းမင်း အသက်(၂၃)နှစ်၊ နေဝင်း အသက် (၂၆)နှစ်၊ တင်မိုးလင်း အသက်(၂၀)နှင့် ဖိုးထွေး အသက်(၂၄)နှစ်တို့ ငါးဦးမှာ သစ်ငုတ်များတူးနေစဉ် မိုးရွာလာသဖြင့် ကျော်ရဲအောင်၊ တင်မိုးလင်းနှင့် နေဝင်းတို့သုံးဦးမှာ သပြေပင်အောက်သို့ မိုးဝင်ခိုရာ မိုးကြိုးပစ်သဖြင့် နေဝင်းတွင် ခါးအောက်ပိုင်းနာကျင်ဒဏ်ရာ၊ တင်မိုးလင်းတွင် ခါးအောက်ပိုင်း ထုံကျဉ်ဒဏ်ရာများရရှိခဲ့ပြီး ကျော်ရဲအောင်တွင် လည်ပင်းပွန်းပဲ့ဒဏ်ရာ၊ ဝမ်းဗိုက်ပွန်းပဲ့ဒဏ်ရာ၊ ဦးခေါင်းနောက်စေ့ဆံပင်မီးလောင်ဒဏ်ရာများ ရရှိပြီးသေဆုံးသွားကြောင်း သိရသည်။

စိုင်းတင်ဦး (ရှမ်း/တောင်)

အရာတော်မြို့၌ သနပ်ခါးတင် ထော်လာဂျီယာဉ် တိမ်းမှောက်

မုံရွာ မေ ၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် ဇရစ်ကျေးရွာတွင် မေ ၅ ရက် ည ၁၀ နာရီခွဲတွင် ထော်လာဂျီယာဉ် တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အရာတော်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာနေ မောင်စိုးနွယ် မောင်းနှင်သော ထော်လာဂျီယာဉ်အမှတ် ၉၄/----သည် ရွှေဘိုမြို့ အောင်ချမ်းသာရပ်ကွက်နေ ဦးလုံးတုံး၏ သနပ်ခါးပင်များတင်ဆောင်၍ အရာတော်မြို့မှ ရွှေဘိုမြို့သို့ မောင်းနှင်လာစဉ် အရာတော်မြို့နယ် ဇရစ်ကျေးရွာအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ ဘေးတိုက်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။(အောက်ပုံ) (၆၀၁)

အိုင်းယက်စ်အသင်း ပြည်တွင်းအမှတ်ပေးဖလား သုံးနှစ်ဆက်တိုက်ဆွတ်ခူး

နယ်သာလန်ပထမတန်းပြိုင်ပွဲ၏ ပွဲစဉ်(၃၃)ပြိုင်ပွဲများကို မေ ၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်နှစ်ဆက်ချန်ပီယံဂုဏ်ပုဒ်နှင့်အညီ အမှတ်ပေးဇယား၏ ထိပ်ဆုံးတွင် ဦးဆောင်နိုင်ခဲ့သည့် အိုင်းယက်စ်အသင်းသည် အမှတ်ပေးဇယား၏ အောက်ဆုံးတွင်ရှိနေခဲ့သည့် ဗီလံ II အသင်းအား ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိပြီး ရမှတ် ၇၃ မှတ်ဖြင့် ချန်ပီယံဆုဖလားကို ရယူနိုင်ခဲ့သည်။

အိုင်းယက်စ်အသင်းသည် ယင်းပွဲစဉ်အနိုင်ကစားခဲ့ပြီးချိန်တွင် အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်လိုက်နေသော ပီအက်စ်ဗွီအိုင့်ဟိုဗင်အသင်းကို လေးမှတ်ဖြတ်ကာ ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ပြီး (၃၂)ကြိမ်မြောက်ဖလားအဖြစ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အိုင်းယက်စ်အသင်းသည် ယင်းပွဲစဉ်တွင် ပွဲကစားချိန် ၁၂ မိနစ်မှာပင် ဆစ်သော်ဆန်၏ ခေါင်းတိုက်သွင်းဂိုးဖြင့် အဖွင့်ဂိုးရရှိခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် အဲရစ်ဆင်က နောက်ထပ်တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ထို့နောက် အိုင်းယက်စ်အသင်းပရိသတ်များသည် ပထမပိုင်းတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည့်အချိန်မှာပင် အိုင်းယက်စ်အသင်း ချန်ပီယံဖြစ်ပြီဟုဆိုကာ အောင်ပွဲခံခဲ့ကြသည်။

ဒုတိယပိုင်းတွင် ဖစ်ချာ၊ အသင်းခေါင်းဆောင်ဖြစ်သည့် ဆီယမ်ဒီဂျောင်နှင့် ဒန်နီဟိုဆန်တို့က တစ်ဂိုးစီထပ်မံသွင်းယူပေးခဲ့ကြပြီး ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာအတွက် သေချာခဲ့ပြီဖြစ်သည်။

(၁၈)နှစ်မြောက်မင်္ဂလာဆုတောင်းလွှာ

အစ်ကိုကြီးဦးဇော်မင်း(ဒုညွှန်မှူးလေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး၌ာန)နှင့် မမဒေါ်မိုးမိုးခိုင်တို့၏ ၇-၅-၂၀၁၃ရက်တွင် ကျရောက်သော (၁၈) နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နှစ်တစ်ရာတိုင် ချစ်သားကြီး မောင်သူရဇော်၊ ချစ်သမီးလေး မအေးချမ်းမြင့်မိုရ်တို့နှင့်အတူတကွ အေးချမ်းအောင်မြင် ကျန်းမာပျော်ရွှင်စွာဖြင့် လောကီ၊ လောကုတ္တရာအကျိုး သယ်ပိုးနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ညီ၊ ချစ်ညီမ - ကိုဝေလင်းဆွေ-မဝင်းဝင်းအေး
သမီး - ရွှေရည်ဝင်းအိ
သား - မင်းသုဝေ

ဦးအောင်ဝင်း
(ရှေ့တတ်ဆိပ်ဆုရှင်-လန်ဒန်)
LCCI သင်တန်းများ ခုံနံပါတ်ယူထားနိုင်ပြီ။
June-15 (Sat)စမည်။ Aircon စာသင်ခန်းမ
LCCI ☑ အနှစ်(၂၀)အတွေ့အကြုံကြောင့် ☑ သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တတိယထပ်၊ ပန်းဆိုးတန်းလမ်း(အထက်)။
☎-01-371741, 240824, 381350

ရွှေဥဒေါင်းမင်း 09421152677, 09421122667 55000 May 10 17 23

Car Rental
09-73211079
09-49250637
09-420073607

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၉၄၇၊ Toyota Mark II၊ SI 4x2ယာဉ်လက်ဝယ်ရှိသူ ဦးဝေ မှိုးဟိန်း [၁၂/ဥကတ(နိုင်)၁၆၂၉၆၂]က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့နယ်။

တွေ့ရှိကအကြောင်းကြားပါရန်
Passport No. PP.A 471780 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

သရအာဘ SUCCESS Language Academy ☎ 202046 256954
Y.W.C.A ဝန်းမ၊ အမှတ်(၁၁၉)၊ ဘိုတလေးဈေးလမ်း၊ ဗိုလ်တထောင် 0949249463
Basic English Speaking
10-11:30 Mon-Thurs 13 May
1 - 2:30 Mon-Thurs 13 May
6 - 7:30 Mon-Thurs 13 May
7:30 - 9 Mon-Thurs 20 May
Four Skills English (Basic)
1 - 2:30 Mon-Thurs 13 May
10-11:30 Mon-Thurs 20 May
7:30-10:30 Sat+Sun 25 May
7:30 - 9 Mon-Thurs 27 May
3:30 - 5 Mon-Thurs 27 May
Pre-Intermediate (4-Skill English)
2 - 5:00 Sat+Sun 11 May
10-11:30 Mon-Thurs 20 May
Intermediate (Academic English)
7:30 - 9 Mon-Thurs 6 May
Saturday+Sunday (9:30-11:30a.m.) June 8 စမည်
Vocab Enrichment
7:30 - 9 Mon-Thurs 13 May
10-11:30 Mon-Thurs 20 May
Basic Grammar
7:30 - 9 Mon-Thurs 6 May
3:30 - 5 Mon-Thurs 20 May
Basic Writing
9:30-11:30 Sat+Sun 25 May
Intermediate Writing
7:30-9:30 Sat+Sun 20 Apr
IELTS Four Skills
7:30-9:30 Mon-Thurs 20 May
IELTS Exam Practice
7:30-10:30 Sat+Sun 18 May
IELTS Speaking
1 - 2:30 Mon-Thurs 10 Jun
IELTS Reading
7:30-9:30 Mon-Thurs 3 Jun
IELTS Writing
3 - 5:00 Sat+Sun 6 July
Marlins English သင်တန်း 4:30-7:30 (Sat+Sun) Apr 27

ရွှေထိပ်တန်း
ကျိုက်ထီးရိုး ချောင်းသာ/ငွေဆောင်
01-701015, 09-5403844
01-710436, 09-5044830

COHABO
ချောင်းသာ/ငွေဆောင်
ဝဲဂိုတ်ပြန်-65000
09 516 1773, 09 731 63773

ချမ်းပိုင်းသစ္စာ
ကျိုက်ထီးရိုး ချောင်းသာ
01-569782, 09-73198239

ကျေးဇူးဆပ်ပါမည်
ကျွန်တော် ကိုရဲစိုးလင်း၏ နိုင်ငံကူး လက်မှတ်(M-၉၁၈၇၉၇)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။
ဖုန်း-၀၉-၅၁၂၁၄၆၆၊ ၀၉-၄၅၀၀၃၁၂၅၀

မြန်မာ့ရတနာဘဏ်လီမိတက်(Treasure Bank of Myanmar Ltd)

နာမည်သစ်သို့ ပြောင်းလဲသတ်မှတ်မည့်

မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၏ ကြေညာချက်

၁။ ၅-၅-၂၀၁၃ရက် မွန်းလွဲ(၁၃း၀၀)နာရီအချိန်တွင် ကျင်းပပြုလုပ်သည့် ဒါရိုက်တာအဖွဲ့၏ စုံညီညှိနှိုင်းအစည်းအဝေး(၁၂/၂၀၁၂-၁၃)၏ သဘောတူ ဆုံးဖြတ်ချက်အရ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အား"မြန်မာ့ရတနာဘဏ်လီမိတက်**(Treasure Bank of Myanmar Ltd)**" နာမည်သစ်သို့ပြောင်းလဲ မည်ဖြစ်ပါသည်။

၂။ အထက်ပါကိစ္စရပ်နှင့်ပတ်သက်၍ စာနယ်ဇင်းတွေ့ဆုံရှင်းလင်းပွဲ (Press Meeting)အား ၁၂-၅-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း၊ အမှတ် (၁၃၀)၊ ယုဇနဟိုတယ်၊ **(Ball Room)** တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၃။ မြန်မာ့ရတနာဘဏ်လီမိတက်**(Treasure Bank of Myanmar Ltd)**" နာမည်သစ်သို့ ပြောင်းလဲမည့် မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်၏ နောက်ခံသမိုင်း(အကျဉ်း)နှင့် အဆင့်ဆင့်အောင်မြင်တိုးတက်မှု(အကျဉ်း)အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အား (၁၉၉၀)ခုနှစ် ပြဋ္ဌာန်းထားသော မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာ ဥပဒေနှင့်အညီ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ခွင့်ပြုချက်လိုင်စင်အမှတ်၊ မဗဘ/ပီ-၁၅/(၂)၉၆ဖြင့် ၁၅-၂-၁၉၉၆ရက်တွင် စတင်ဖွဲ့စည်းဖွင့်လှစ်ခဲ့ပါသည်။

(ခ) စတင်ဖွင့်လှစ်စဉ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန(ယခင်-ကုန်သွယ်ရေးဝန်ကြီးဌာန)မှ ကြပ်မတ်ကွပ်ကဲခဲ့သော်လည်း အများပိုင်ဘဏ် **(Public Bank Ltd)**အဖြစ် ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်၏ ၆-၉-၁၉၉၈ရက်စွဲပါ စာဖြင့် ညွှန်ကြားချက်အရ လုပ်ငန်းသဘော သဘာဝဆက်စပ်မှုရှိသည့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီး ဌာနမှ ဤဘဏ်အား ၁-၁-၁၉၉၉ရက်တွင် လွှဲပြောင်းလက်ခံကြပ်မတ်ကွပ်ကဲခဲ့ပါသည်။

(ဂ) ဘဏ်စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၆ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဘဏ်၏မတည်ငွေရင်းမှာ အစုရှယ်ယာတစ်စုလျှင် ကျပ်(၅)သိန်းတန်ဖိုးရှိ အစုရှယ်ယာ ပေါင်း(၄၀၀၀)၊ ကျပ်သန်းပေါင်း (၂၀၀၀)သတ်မှတ်ခဲ့ပြီး ကျပ်သန်းပေါင်းတစ်ထောင်အား မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ဝန်ထမ်းသက်သာရန်ပုံငွေမှ ခေတ္တထည့်ဝင်ချေးပေးခဲ့ပါသည်။ အဆိုပါ ချေးယူငွေအားလုံး (ကျပ်သန်းတစ်ထောင်)(အရင်း/အတိုး)ကို (၂၀၀၄)ခုနှစ်၊ ဧပြီလတွင် အပြီးအပိုင် အကြေအလည် ပြန်လည်ပေးဆပ်ခဲ့ပြီး အများပိုင်ဘဏ်**(Public Bank Ltd)**စစ်စစ်အနေဖြင့် ဆက်လက်ရပ်တည်ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) အများပြည်သူများသို့ အစုရှယ်ယာတစ်စုလျှင် ကျပ်(၅)သိန်းနှုန်းဖြင့် ရောင်းချပေးခဲ့ရာ ၂၀၁၂မေလအထိ အများပိုင်အစုရှယ်ယာ မတည်ငွေရင်းမှာ ကျပ်သန်းပေါင်း(၃၅၀၀၀)တိတိရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။

(င) ဆက်လက်ပြီးခွင့်ပြုမတည်ငွေရင်း ကျပ်သန်းပေါင်း(၃၅၀၀၀)မှ ကျပ်သန်းပေါင်း(၇၀၀၀၀)ထိ တိုးမြှင့်နိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။ ယခုဘဏ္ဍာရေး နှစ်တွင် အမြတ်ဝေစုအား(၂၅%)ထိ ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(စ) ၁၅-၂-၁၉၉၆ရက်နေ့ ဘဏ်စတင်ဖွင့်လှစ်စဉ်(ရန်ကုန်-ရုံးချုပ်)နှင့် ဘဏ်ခွဲ(၃)ခုသာရှိသော်လည်း ၅-၅-၂၀၁၃ရက်တွင် (ရန်ကုန်-ရုံးချုပ်)အပါအဝင် ဘဏ် (၆၀)တိတိ ဖွင့်လှစ်နိုင်ခဲ့ပြီး ဆက်လက်၍ ဘဏ္ဍာရေးနှစ်အလိုက် ဘဏ်ခွဲအသစ်များတိုးချဲ့ဖွင့်လှစ်ရန် စီမံချက်ဖြင့်ဆောင်ရွက်လျက်ရှိပါသည်။

(ဆ) ဤဘဏ်အနေဖြင့် (၁၉၉၀-၂၀၀၀)ဘဏ္ဍာရေးနှစ်တွင် အပ်ငွေအမျိုးအစားအလိုက် ကျပ်သန်းပေါင်း(၂၃၆၁)သာရှိခဲ့သော်လည်း (၂၀၁၂- ၂၀၁၃) ဘဏ္ဍာရေးနှစ်တွင် အပ်ငွေအမျိုးအစားအလိုက် ကျပ်သန်းပေါင်း (၃,၆၇,၅၃၈)တိတိရှိနေပြီဖြစ်ကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၄။ မြန်မာ့ရတနာဘဏ်လီမိတက်**(Treasure Bank of Myanmar Ltd)**၏ အမှတ်တံဆိပ်(Logo)မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

မြန်မာ့ရတနာဘဏ်လီမိတက်
TREASURE BANK OF MYANMAR LTD

၅။ အများပြည်သူများသိရှိနိုင်ပါရန် အသိပေးကြေညာအပ်ခြင်းဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့

ရက်စွဲ။ ။၅-၅-၂၀၁၃
နေရာ။ ။ရန်ကုန်မြို့

အထက်မြန်မာပြည်သတင်း

မန္တလေးမြို့နယ်အလိုက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး တည်ငြိမ်အေးချမ်းရေးအတွက် အဖွဲ့ဝင် ၁၁ ဦးပါ ကော်မတီများဖွဲ့စည်း

မန္တလေး မေ ၆

မန္တလေးမြို့နယ် အသီးသီးတွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးကိစ္စများ ဖိဖိစီးစီး ဆောင်ရွက်နိုင်ရန် မြို့နယ်အလိုက်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းသာယာရေးကော်မတီများကို အဖွဲ့ဝင် ၁၁ ဦးဖြင့်ဖွဲ့စည်းထားကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ရဲမှူးဦးစိုးငြိမ်းကပြောကြားသည်။

ယင်းအဖွဲ့ဝင် ၁၁ ဦးမှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက အတွင်းရေးမှူးတာဝန်ယူပြီး အဖွဲ့ဝင်များမှာ မြို့နယ်တရားသူကြီး၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်လဝကဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မြို့နယ် မြို့မိမြို့ဖ ငါးဦးပါဝင်ကြောင်း သိရသည်။

တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေပျက်စေသော သတင်းများရရှိရန် ရပ်ကွက်များက သတင်းပေးပို့သောစနစ်လုပ်ဆောင်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီအဖွဲ့များ၊ လူမှုရေးအဖွဲ့များနှင့် ဘာသာရေးအဖွဲ့များထံမှ အကူအညီရယူခြင်း၊ အကြံဉာဏ်ရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် လုံခြုံရေးနှင့် တည်ငြိမ်ရေးအတွက် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ကျော်မင်းသော်)

ကံထူးသူ ဘပေါက်စ

တစ်ကုန်း မေ ၆

ပူပြင်းသော နွေရဲ့နေအပူကို အန်တုလျက် ပျော်တပြုံးပြုံးဖြင့် မော်မဆုံးနိုင်ကြသူများမှာ နေပြည်တော် ကောင်စီနယ်မြေ ဇကပ်ကုန်းမြို့နယ် တင်မွန်းတန်းအုပ်စု ဆင်သေကျေးရွာသူ ကျေးရွာသားများပင် ဖြစ်ကြသည်။ ပြုံးပျော်နေရခြင်းအကြောင်းအရင်းမှာ ဆင်သေကျေးရွာမိသားစုများ၏ တတိယအကြိမ်မြောက်ကျင်းပ ပူဇော်အပ်သော အသက် (၇၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၃၀ ဦးတို့အား တန်ဖိုးငွေကျပ် ၂၈၀၀၀၀ ရှိ အဝတ်အထည်နှင့် ဆေးဝါးများ လှူဒါန်းပူဇော်သည့်အပြင် ကံစမ်းမဲအဖြစ် ထီလက်မှတ်တစ်စောင်စီ လှူဒါန်းခဲ့ရာမှ ထီလက်မှတ်နံပါတ် မ-၆၃၀၉၂၇ဖြင့် ငွေကျပ် တစ်သိန်းဆုအား ကံထူးသူ အသက် (၇၈)နှစ်ရှိ အဘ ဦးပေါက်စမှ ထူးကဲစွာဆွတ်ခူးရရှိသဖြင့် ကျေးရွာသူကျေးရွာသားများ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသည်။ ယင်းကဲ့သို့ ကံထူးမှုနှင့် ပတ်သက်၍မေးမြန်းကြည့်ရာ-

မေး- ဘပေါက်စ ယခုလို ထီပေါက်လိုက်သည့်အတွက် ရင်ထဲက ခံစားချက်လေးကို ပြောပြပေးပါဦးခင်ဗျာ။

ဘပေါက်စ- အရမ်းဝမ်းသာဝါတယ်။

မေး- ဘပေါက်စ၏ လက်ရှိကျန်းမာရေး အခြေအနေလေးတိုလည်း ပြောပြပေးပါဦး။

ဘပေါက်စ - ဒူးနာတာကလွဲရင် အားလုံးကောင်းပါတယ်။

မေး-ကျွန်တော်တို့ သက်ကြီးပူဇော်ပွဲ ကျင်းပရေးကော်မတီရဲ့ လုပ်ငန်းဆောင်တာလေးတွေကိုလည်း လိုအပ်တာရှိရင် ဩဝါဒပေးလမ်းညွှန်ပါဦး။

ဘပေါက်စ-နှစ်စဉ်နှစ်တိုင်း ဂါရဝတရားကို အရင်းခံပြီး ကတ်စွမ်းသမျှနဲ့ ကြိုးစားကြဖို့ တိုက်တွန်းပါတယ်၊ ရွာသူရွာသားတွေ စည်းလုံးညီညွတ်စွာ ဆောင်ရွက်တာကိုလည်း ဂမ်းမြောက်ပါကယ်။

အသက်ကြီးမှကံထူးခဲ့သူ ဘပေါက်စ မိသားစုများနဲ့ထပ်တူ ကျွန်တော်တို့ ပူဇော်ပွဲ ကျင်းပရေးကော်မတီကလည်း နောင်နှစ်များမှာ ယခုထက်ပိုမိုပူဇော်နိုင်ဖို့ ဆုံးဖြတ်ကြရင်း အချိဝေါ်သကာဆင့်မိတဲ့ လှူဒါန်းမှုကို ဂီတိကျွေးဆင့်ဖြာရင်းဖြင့် ....။

(ဘုန်းမြင့်နိုင်)

အရာတော်မြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်၊ စေတီပုထိုး၊ စာသင်ကျောင်းများပျက်စီး

မုံရွာ မေ ၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် မေ ၁ ရက် ညနေ၄ နာရီခန့်တွင် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်မီးနှင့် ဖုန်းလိုင်းများ ပြတ်တောက်ခြင်း၊ ဘောင်းကျကျေးရွာတွင် လူနေအိမ် အလုံး ၉၀၊ အခြေခံပညာမူလတန်းကျောင်းနှင့် မင်္ဂလာမုန်ကျောင်းဘုန်းတော်ကြီးကျောင်းများ အမိုးလန်ပျက်စီးခြင်း၊ သံကော်ဆင့်ဘုရားစိန်ဖူးတော်မြေခြင်း၊ ရှားကုန်းကျေးရွာတွင် လူနေအိမ်လေးလုံးနှင့် နေရာခင်ကျေးရွာတွင် အလက ကျောင်းခွဲ စာသင်ဆောင် အမိုးလန်ပျက်စီးခြင်း၊ ခင်သာကျေးရွာတွင် အိမ်ခြေ ၃၄ လုံးနှင့် အခြေခံပညာမူလတန်းကျောင်း စာသင်ဆောင် တစ်လုံး အမိုးလန်ပျက်စီးခြင်း၊ မကျည်းကန်ကျေးရွာတွင် ဖားအောက်တောရရိပ်သာကျောင်း ထီးတော်ကျိုးပဲ့မြေခြင်း၊ အင်္ဂပြာသာဒ်ဘုရားဉာဏ်တော်၊ ထီးတော်နှင့် ဘုံနှစ်ဆင့်ပြုတ်ကျပျက်စီးခြင်း၊ ရွှေချမ်းသာစေတီ ထီးတော်စောင်းသွားခြင်း၊ အခြေခံပညာမူလတန်းကျောင်း စာသင်ဆောင် သုံးဆောင် သွပ်မိုးနှင့်ဒိုင်းမြားများ ပြုတ်ထွက်ပျက်စီးသွားခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက လေဘေးသင့်ပြည်သူများထံသို့ သွားရောက်ကြည့်ရှုကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လယ်ယာလုပ်ငန်းခွင်အတွက် စိုးရိမ်စရာ နွားရောင်းဝယ်မှုပြဿနာ

ရေစကြို မေ ၆

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဆင်ခြေယာ၊ ရွှေလှန်မြေစွန်းတော်ရွာသစ်၊ ဇရပ်နီကျေးရွာများနှင့် မြောင်မြို့နယ်၊ မြစ်ဆုံ၊ မြစ်သာ၊ ငါးရံ့အိုမင်းလှစသည့် ရေစကြိုမြို့နယ်နှင့်မြောင်မြို့နယ် နယ်စပ်တစ်လျှောက် ကျေးရွာများတွင် အခြားဒေသမှ လာရောက်၍ နွားများကို ဈေးမဆစ်ဘဲ ဝယ်ယူလျက်ရှိကြောင်း သိရသည်။

ဒေသခံတောင်သူများထံမှ ငါးသိန်းတန်နွားကို ခုနစ်သိန်း၊ ဆယ်သိန်းတန်နွားကို ဆယ့်ငါးသိန်းစသည့် ဆိုဈေးကို ဈေးမဆစ်ဘဲဝယ်ယူကြပြီး နွား ဆယ့်လေးငါးကောင်ရလျှင် အငှားမောင်းသူက မောင်းယူသွားကြောင်း၊ ဝယ်ယူသူမှာ ရွာများတွင် အထိုင်ချ၍ ဝယ်ယူလျက်ရှိကြောင်း၊ ယခုကဲ့သို့ လတ်တလောငွေကြေး အကျိုးအမြတ်ကိုကြည့်၍ စည်းကမ်းမဲ့ရောင်းချနေမှုကြောင့် စိုက်ပျိုးရာသီတွင် ခိုင်းစရာနွားမရှိပါက စိုက်ပျိုးရေးလုပ်ငန်းကို ထိခိုက်လာနိုင်ကြောင်း ဒေသခံများက ဆိုသည်။

ယခင်ခေတ်အဆက်ဆက်က နွားဝယ်ယူရာတွင် ကျေးရွာဖြတ်ကျော်၊ မြို့နယ်ဖြတ်ကျော်မှုအတွက် ကျေးရွာဥက္ကဋ္ဌများက နွား၏အမွေး၊ အရပ်အမြင့်၊ အမွေးအရောင်၊ ချို အရွယ်အစား မှတ်မှတ်သားသားရေးသွင်း၍ ရောင်းသူ၊ ဝယ်သူ၊ တန်ဖိုးနှင့် သယ်ယူမည့်နေရာဒေသ၊ သယ်ယူသူအမည်၊ လိပ်စာစသည့်ထောက်ခံချက်ရယူပြီးမှ သယ်ဆောင်ရကြောင်း၊ ယခုအခါ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရဲကင်းသို့ အသိပေးတိုင်ကြားခြင်းမပြုဘဲ လုပ်ကိုင်နေကြခြင်းကြောင့် စည်းကမ်းတကျဖြစ်စေရေးနှင့် လယ်ယာလုပ်ငန်းခွင် အန္တရာယ်မရှိစေရေးအတွက် သက်ဆိုင်ရာက အချိန်မီထိန်းသိမ်းကြပ်မတ်ပေးရန် ဒေသခံများက လိုလား လျက်ရှိကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

လိုနေသူကို ပေးမကူဘို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်
ဆရာမိုး Follow Me Ph.D (USA)
တန်းခွဲသစ် လက်ခံပြီ
Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၄၊၁လ နှင့်
ENGLISH 4 SKILLS Level (1)
Essay, Letter ... May11 ...
4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။
Certificate in Teaching English ... သင်တန်း ၊၅၊လ
Universal Institute of ESL (USA)မှ ... Certificate ...
SPEAKING သီးသန့် ၊၄၊လ အတတ် လက်ခံပြီ
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
အင်း၀ ... 0943125393
... 01 295798, 398118

FAME
ထိကရုန်းလေးလို အိပ်စေမည့်
သဘာဝအိပ်ဆေး
HerbalSleep®
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 011160 (1114)

FAME
စိတ်ဓာတ်တက်ကြွ လန်းဆန်းရဖို့
ဗွဲမြဲသောက်ပေး ... စိတ်မြှင့်ဆေး
HerbalFresh®
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 011255 (1114)

✦ သရက်ပင်ကို ခုတ်၊ ဆူးပင်ကို အုပ်တဲ့ ကလေးတွေ
✦ ကလေးများနဲ့ ခရမ်းလွန်ရောင်ခြည် အန္တရာယ်
✦ အမိုးနီးယားဓေါ် အဆုတ်ရောင်ရောဂါ
✦ အဆုံးအပမ် သားသမီးတွေ ဖြစ်စေဖို့
✦ ကလေးတွေ ဘာအလိုအပ်ဆုံးလဲ
✦ အတွန့်တက်တဲ့ ကလေး စာသုံတဲ့ ကလေးနဲ့ တိပ်စွဲတဲ့ ကလေး
JUNIOR
BABY AND CHILD CARE MAGAZINE
အတွဲ ၅ အမှတ် ၁၀
၂၀၁၃ ခုနှစ် မေလထုတ်
01 689 462, 09 519 0949, 09 506 1445

ပိဘာသရာလက်စွဲမဂ္ဂဇင်း

မြေကွက်ရောင်းမည်
အုတ်တံတိုင်းခတ်ပြီး၊ Slap လောင်းပြီး၊ အဝီစိတွင်းပါ၊ မီးပါ၊ ဂရန်အမည်ပေါက်၊
မြေကွက်အကျယ် - (၆၀၀၀)စတုရန်းပေ၊ ရတနာလမ်းမပေါ်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း။ ။ ၀၁-၈၅၅၀၇၈၂၊ ၀၁-၅၆၃၀၅၅ သိန်း(၈၅၀၀)

ဖတ်စရာမှတ်စရာ

မင်းလှခံတပ်ကြီး၏ သမိုင်းပုံရိပ်

မကွေး-လှမြင့်

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့သည် ဧရာဝတီမြစ်၏ လက်ယာဘက်ကမ်းတွင်ရှိပြီး သံပုရာကန် ရေနံချက်စက်ရုံနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန၏အကြီးစားစက်မှုလုပ်ငန်းစက်ရုံများရှိသည်။ မကွေးမြို့မှ အထက်မင်းလှသို့သွားလျှင် ဧရာဝတီတံတားကိုဖြတ်၍ မင်းဘူးမြို့နယ် ကျွဲသုံးမြောင်ကျေးရွာ လမ်းခွဲအတိုင်း ၁၉ မိုင်သာ ဝေးပါသည်။

အထက်မင်းလှ၌ သမိုင်းတွင်ထင်ရှားခဲ့သော မင်းလှခံတပ်ကြီးရှိသည်။ မင်းလှခံတပ်နှင့်ပတ်သက်၍ ကြားဖူးသူများရှိကြမည်ဖြစ်သော်လည်း သမိုင်းဆိုင်ရာ အချက်အလက်များကို နှောင်းခေတ်လူငယ်များ သိကြသူနည်းပေလိမ့်မည်။ ထို့ကြောင့် စာရေးသူကိုယ်တိုင်သွားရောက်ပြီး သမိုင်းဆိုင်ရာအချက်အလက်များလေ့လာပြီး တွေ့ရှိချက်များကို ရေးသားတင်ပြအပ်ပါသည်။

မင်းလှခံတပ်ကြီးကို ခရစ်နှစ် ၁၈၆၀-၆၁ ခုနှစ်တွင် မင်းတုန်းမင်း၏ ညီတော် ကနောင်မင်းသားကြီး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တည်ဆောက်ခဲ့သည်။ တည်ဆောက်စဉ်က ပြင်သစ်နှင့် အီတာလျံလူမျိုး အင်ဂျင်နီယာများဖြစ်ကြသော ကိုမိုတိနှင့် မိုလီနာရီတို့၏အကူအညီဖြင့် နိုင်ငံခြားပညာတော်သင် မြန်မာအင်ဂျင်နီယာလူငယ်များ စုပေါင်းတည်ဆောက်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းအစီခံ ခံတပ်၊ အင်းဝသပြေတန်းခံတပ်၊ မင်းလှတစ်ဖက်ကမ်းရှိ ကွေ့ချောင်းမြေတွင်းခံတပ်တို့မှာ သမိုင်းဝင်ရှေးဟောင်းအဆောက်အအုံများ ဖြစ်ကြသည်။ ဤမင်းလှခံတပ်ကြီးမှနေ၍ ကျွန်တော်တို့၏ ဘိုးဘေးဘီဘင်များသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးမဆုံးရှုံးရန် မလျှော့သော ဇွဲသတ္တိ၊ မဆုတ်မနစ်သော လုံ့လ၊ အနိုင်မခံအရှုံးမပေးလိုသော စိတ်ဓာတ်ဖြင့် သူကျွန်ဘဝ မရောက်စေရန် မြန်မာ့သွေး၊ ချွေးမြေကျခံကာ နောက်မဆုတ်တမ်း ကြံ့ကြံ့ခံလျက် ခုခံကာကွယ် တိုက်ခိုက်ခဲ့ကြသည့် ၁၈၈၅ ခုနှစ်တွင် နယ်ချဲ့ဗြိတိသျှတပ်များ ဝင်ရောက်တိုက်ခိုက်စဉ် မင်းလှခံတပ်ကြီးမှ လက်ရွေးစင်လှသင်းဗိုလ်မင်းထင်မင်းလှရဲခေါင် သူရိန်ဦးဆောင်၍ မြန်မာစစ်သည် အင်အား ၆၀၀ ကျော်တို့က အမြောက်ကြီး ၃၅ လက်၊ ဓား၊ သေနတ်၊ မီးပေါက် စသည်တို့ဖြင့် ကြံ့ကြံ့ခံကာခုခံတိုက်ခိုက်ခဲ့ကြ၏။ အင်္ဂလိပ်စစ်သည် အင်အားမှာ ကြည်းတပ်သုံးရင်း၊ ရေတပ်တစ်ရင်းဖြင့် အင်္ဂလိပ်စစ်အရာရှိ ဗိုလ်မှူးကြီးဆန်ဖို့(ဒ်)နှင့် ဗိုလ်ထရင်း(ချ်)တို့သည် ခံတပ်အရှေ့ဘက်နံရံကို မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးသဖြင့် ပျက်စီးခဲ့၏။ မြန်မာဘက်မှ ဆုံးရှုံးမှုမှာ အမြောက် ၁၇ လက်၊ သုံ့ပန်း ၂၇၀ ဖြစ်ပြီး အင်္ဂလိပ်ဘက်မှ ဗိုလ်ချုပ်ရီအပါအဝင် လေးဦးကျဆုံးကာ ၂၇ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရ၏။

မင်းလှခံတပ်ကြီး၏ အမျိုးအစားသည် မြေပေါ်ခံတပ်ဖြစ်ပြီး ၁၂၂၃ ခုနှစ်တွင် "အောင်ကြောင်းကြံစည်ခံတပ်သည်"ဟုအဆိုရှိပြီး ကုန်ကျသော ငွေပေါင်းမှာ မြန်မာဒေါင်းဒင်္ဂါး ၇၀၀၀၀၀ ကျော် ကုန်ကျသည်။ ခံတပ်ကြီးသည် အလျား အရှေ့အနောက် ၁၇၃ ပေ ခုနစ်လက်မ၊ အနံ ၁၃၁ ပေ လေးလက်မ၊ အမြင့် ၁၅ ပေ လေးလက်မရှိ၏။ မူလက အခန်းပေါင်း ၁၉ ခန်းရှိပြီး အချို့ရေတိုက်စား၍ပြိုကျပျက်စီးခဲ့ရ၏။ အနောက်ဘက်မျက်နှာတွင် အရာရှိရုံးခန်း၊ လက်နက်တိုက်ခန်း၊ ပစ္စည်းသိုလှောင်ခန်းဟူ၍ အခန်းများရှိ၏။ အမြောက်ဒဏ်ခံနိုင်ရည်ရှိစေရန် နံရံထုကြီးနှစ်ခုအကြားတွင် မြေသားများဖို့ကာ တည်ဆောက်ထားခြင်းဖြစ်၏။ ယခင်က အနောက်ဘက် အဝင်တံခါးတွင် အမြောက်တပ်၊ ရထားလေးများဆွဲရန် နှစ်ပေအကျယ် သံလမ်းရှိပြီး ယခုအခါ ပျက်စီးသွားသဖြင့် မရှိတော့ပါ။ ခံတပ်၏အတွင်း အတိုင်းအတာမှာ အရှေ့အနောက် ၁၂၃ ပေ၊ အနံ တောင်မြောက် ၈၅ ပေ လေးလက်မရှိ၏။ အပြင်၌ ဆင်ခြေလျှောလှေကားများ တပ်ထား၏။ အနောက်ဘက် အုတ်ရိုးနှင့်ကပ်လျက် လှေကားတစ်ခုရှိပြီး အကျယ် ၁၃ပေ ကိုးလက်မ၊ လက်ရန်းအုတ်ရိုးထု တစ်ပေ လေးလက်မ၊ ခံတပ်အပြင် မြို့ရိုးအမြင့် ၂၅ ပေ ကိုးလက်မရှိ၏။ အတွင်းဘက်လှေကားများမှာ တောင်ဘက်နှင့်မြောက်ဘက်တွင် လှေကားနှစ်ခုစီ၊ လှေကားမှ ခံတပ်နံရံ အကွာအဝေး ၂၁ ပေ ခြောက်လက်မ၊ လှေကားနှစ်ခုအကွာအဝေး ၁၄ ပေ လေးလက်မ၊ လှေကားမှာ တစ်ဆစ်ချိုးဖြစ်ပြီး အကျယ် လေးပေ သုံးလက်မ၊ လှေကားမှ အပေါ်လမ်းသို့ ဝင်ပေါက်အကျယ် ငါးပေရှိ၏။ ဝင်ပေါက်နှင့် အခန်းများမှာ အရှေ့ဘက်နှင့်အနောက်ဘက်တွင် ဇဟိုဝင်ပေါက်တစ်ခုစီ၊ အရှေ့ဘက်တွင် အခန်းခြောက်ခန်း၊ အနောက်ဘက်တွင် အခန်းလေးခန်း၊ တောင်ဘက်တွင် အခန်းငါးခန်း၊ မြောက်ဘက်တွင် အခန်းလေးခန်းရှိပြီး အခန်းများ၏အကျယ်အဝန်းမှာ တစ်ခန်းနှင့်တစ်ခန်းမတူညီပါ။ ခံတပ်တွင်အသုံးပြုသော အုတ်တစ်ချပ်မှာ အလျား တစ်ပေ ကိုးလက်မ၊ အနံ ကိုးလက်မ၊ ထု ၃ ဒသမ ၆ လက်မရှိ၏။

ဗိုလ်ချုပ်ပရင်းဒါးဂတ်စ် ဦးစီး၍ တိုက်ခိုက်ခဲ့ရာ ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၁၇ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် မင်းလှခံတပ်ကျဆုံးခဲ့ပါသည်။ ဤမင်းလှခံတပ်ကြီးသည် ဘိုးဘွားယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်ဖြစ်သလို မြန်မာတို့၏မျိုးချစ်စိတ်ဓာတ်ကို ထင်ဟပ်ဖော်ကျူးနေသော သမိုင်း၏ပြယုဂ်တစ်ခုလည်းဖြစ်ကြောင်း လေ့လာရေးသားလိုက်ရပါသည်။ ။

ညနေပိုင်းထမင်း/ဟင်းချက်ပြုတ်ပြီး မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်း မပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်း မီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ မြို့ကြီးတောင်တော်ကွင်း ၃၃ကေဗွီ နှစ်ထပ်ဓာတ်အားလိုင်း (၁၀)မိုင်နှင့် ခွဲရုံတိုးချဲ့တည်ဆောက်ခြင်းတို့အတွက် လိုအပ်သောပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၀-၅-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁၄-၆-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ခိုလန်-ကွန်ဟိန်း ၆၆ ကေဗွီ ဓာတ်အားလိုင်း(၃၃)မိုင်နှင့် ခွဲရုံစီမံကိန်းအတွက် လိုအပ်သောပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၀-၅-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁၄-၆-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်
(၈၅)ကြိမ်မြောက် လစဉ်ပုံမှန် (၁၀)ရက်တရားစခန်းပွဲ

ရန်ကုန်မြို့ သာကေတမြို့နယ်(၉)ရပ်ကွက်၊ နဂါးလမ်း ပုညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်ကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယကို ခံယူလျက် ဆရာတော်အရှင်ပုညာနန္ဒ၏ ဥာဏ်မှီသမျှဟောကြားတော်မူခဲ့သော ခန္ဓာဥာဏ်ရောက် သစ္စာဆိုက်တရားတော်များ၊ အလုပ်ပေးတရားတော်များနှင့်တကွ နယ်လှည့်ဓမ္မကထိက ဆရာတော်များ၏ သစ္စာတရားဟောကြားမှုများကို နာယူကျင့်ကြံအားထုတ်နိုင်ရန် ပုညာရာမ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဓမ္မညီတော်ကြီးဘဒ္ဒန္တဝိစာရမှ(၁၃-၅-၂၀၁၃)မှ(၂၂-၅-၂၀၁၃)နေ့အထိကျင်းပသွားမည်ဖြစ်ရာ တရားစခန်းဝင်ရောက် ကျင့်ကြံအားထုတ်လိုသူများ လိုအပ်သောအချက်အလက်စုံလင်စွာဖြင့် ကြိုတင်စာရင်းသွင်းနိုင်ပါသည်။

ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်

ဖုန်း-၀၁၅၅၃၃၃နှင့် ၀၉၅၀၁၃၂၉၇ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

Device Business Management Academy IN COLLABORATION WITH **SIBME** The Name You Can Trust

SHOP FLOOR Management

"လုပ်ငန်းခွင်အတွင်း အမှန်တကယ်လက်တွေ့အသုံးချစီမံခန့်ခွဲမှုသင်တန်း"

1. Real Things (တကယ့်အမှန်ပစ္စည်းကိုအာရုံစိုက်မယ်)
2. Real Fact (တကယ့်အမှန်တရားဖြစ်သောအချက်အလက်ကိုအသုံးပြုမယ်)
3. Real Scene (တကယ့်အမှန်တကယ်လက်တွေ့လုပ်သူနေရာကို သွားရောက်ပြီးစီမံခန့်ခွဲမယ်)

HONORABLE SPEAKER : Prof. Dr. Aung Tun Thet
(Senior Advisor - UN Resident Coordinator's Office)

MAIN SPEAKER : U Tin Zan Kyaw
(Principal - Device Business Management Academy)

ENROLL NOW!

No. 24/26, 4 B-C, Race Course Condo, South Race Course Street, Tamwe Township, Yangon.
Tel : (+959) 4200 33366~33377 (Hot Line), 4200 33355, 42100 7002, 42100 7005
(+959) 730 45 140, 731 43313 Email : training@devicemyanmar.com

Methodology:
- Interactive Discussion
- Brainstorming Sessions

Contents Outline
- Introduction Rethinking Our SF
- Addressing the Individual's Needs
- Develop Genba Oriented Mind
- Transforming an Organization
- Developing a vision of SF Excellence
- Addressing Customers Needs
- Criteria for Customer Satisfaction
- Achieving Excellence in SFM
- Moving from Local Optimization to Total Optimization
- The Customer-Supplier Relationship in our society
- Attitude differences in people traditional vs. progressive Organization
- Develop a Progressive Organization

Venue
Device Executive Hall

Date
11th ~ 12th May, 2013

Time
9:00 am ~ 5:00 pm

GL အဆင့်မြင့်ခရီးသွားလုပ်ငန်း

ညောင်ရွှေ:အင်းလေး:သာ	(နေ့ချင်းပြန်)	(အပတ်စဉ်တနင်္ဂနွေ)	
နေပြည်တော်	(နေ့ချင်းပြန်)	May 24	(35000)
ကျိုက်ထီးရိုး	(နေ့ချင်းပြန်)	May 23	(35000)
ထားဝယ်:ရှင်ကိုးရှင်:မောင်းမကန်		May 23	(200000)
မြဝတီ:မဲဆောက်:စစ်ဝါ		May 23	(200000)
တောင်ကြီး:အင်းလေး:ညောင်ရွှေ		May 23	(180000)
ပုဂံ:ပုပ္ပါး:မန္တလေး		May 23	(100000)
မော်လမြိုင်:ကျိုက်ထီးရိုး:ဘားအံ		May 23	(100000)

09 73040060,09 73040061,09 73040052,09 5136466
09 8836468,09 73136466 အမှတ်(၁၅၃)၊လမ်းမတော်လမ်း၊ရန်ကုန်မြို့

ဝင်းမင်းထွေး ဘာသာပြန် မေတ္တာဓာတ်နဲ့ ဖန်ဆင်းသည် စိတ်ဓာတ်အာဟာရစာများ
မိကော် ရက်စက်တဲ့ကမ္ဘာ လက်ရွေးစင်ကဗျာများ
ထွက်ပြီ

7-5 (16).pmd 1 5/5/2013, 9 37 PM

ဘဝတစ်ကွေ့တွေကို

ပတ်ဝန်းကျင်ကောင်းတစ်ခုကို တည်ဆောက်ပေးကြရအောင်

ကိုကိုသက်

"ငါတို့ကုမ္ပဏီက လူကြီးတွေက စည်းကမ်းကြီးတယ်ကွ၊ မင်းတို့ ကြားဖူးတယ်မဟုတ်လား။ မီးပွိုင့်မှာ မီးနီနေတာကိုဖြတ်လို့ နိုင်ငံခြားသားအလုပ်ရှင်က မြန်မာဒရိုင်ဘာကို အလုပ်ဖြုတ်လိုက်တယ်ဆိုတာလေ။ ငါတို့ကုမ္ပဏီက လူကြီးကစ်ယောက်ဆိုလည်း နိုင်ငံခြားခရီးစဉ်ရှိလို့ သူ့ကို မနက်အစောကြီး လေဆိပ်ကိုလိုက်ပို့တာမှာ ဒရိုင်ဘာက ကားလည်းရှင်းနေတာနဲ့ မီးပွိုင့်မှာ မီးနီနေပေမယ့် မရပ်ဘဲ ဆက်မောင်းလိုက်တာပေါ့။ သူက လေဆိပ်မှာဆင်းနေလိုက်ပြီး ငါ့ဆီ ဖုန်းနဲ့လှမ်းပြောတယ်၊ အဲဒီ ဒရိုင်ဘာကို လခ သုံးလစာပေးပြီး အလုပ်ဖြုတ်လိုက်တဲ့။

"ပထမတော့ ငါလည်း ဒရိုင်ဘာမူးပြီး နောက်ကျလို့လား၊ အရက်နံ့တွေ ဟောင်နေလို့လား၊ မချေမငံ ပြန်ပြောလို့လား ထင်တာပေါ့။ ဒါနဲ့ ဒရိုင်ဘာရဲ့အပြစ်ကို မေးတော့မှ အဲဒီလိုပဲ မီးပွိုင့်မှာ ဖြတ်တာကို ပြောတယ်။ စည်းကမ်းမလိုက်နာတဲ့ အပြစ်ဟာ အရမ်းကြီးတယ်တဲ့။ မီးပွိုင့်က မီးနီပြထားတယ်တဲ့၊ အဲဒါကို လေးစားလိုက်နာရမှာတဲ့။ ကားရှင်းနေတာကြောင့်ဖြစ်တာပါလို့ အကြောင်းပြချက်ပေးလို့ မရဘူးတဲ့၊ ငါလည်း စိတ်မကောင်းပေမယ့် ကိုယ့်ထက်အကြီးက ခိုင်းကာဆိုတော့ လုပ်လိုက်ရတယ်"

အသံကျယ်ကျယ်ပြောတတ်သော သောင်းဒန်စကားသံကြောင့် သူတို့အားလုံး၏အကြည့်က သောင်းဒန်နှင့် လှဖုန်းမြင့်တို့ဘက်ဆီသို့ ရောက်သွားသည်။ အခြားသူငယ်ချင်းတွေ သူတို့ဘက် အာရုံရောက်နေသည်ကိုမသိဘဲ သောင်းဒန်စကားဆုံးတော့ လှဖုန်းမြင့်က

"ငါတော့ မင်းပြောတဲ့ လူကြီးကို သိပ်သဘောကျတယ်၊ ဟုတ်တယ်။ စည်းကမ်းက နိုင်ငံတိုးတက်ဖို့အတွက် အရမ်းအရေးပါတယ်။ ငါတို့ဆီမှာကြည့်၊ အမှိုက်မပုံရဆိုလည်း ပုံတာပဲ၊ မီးနီမဖြတ်ရဆိုလည်း ဖြတ်နေကြတာပဲ၊ လူတွေမျဉ်းကျားကဖြတ်ပါဆိုလည်း မဖြတ်ဘူး၊ အရေးယူတာကို ပြတ်ပြတ်သားသားလုပ်ပစ်လိုက်မှ တိုင်းပြည်ကောင်းမယ်။ ငါတို့နိုင်ငံသားတွေက စည်းကမ်းပိုင်းဆိုင်ရာမှာ တော်တော်လျော့ရဲတယ်။ ဂျပန်မှာဆို မီးပွိုင့်က မီးနီနေရင် ကားရှင်းတာ မရှင်းတာ လာမပြောနဲ့၊ မဖြတ်ကြဘူး။ လမ်းဖြတ်ကူးတဲ့သူကလည်း လူကူးမျဉ်းကျားကဖြတ်ဖို့ မီးစိမ်းမှဖြတ်ကတယ်၊ ဒါကြောင့် ဂျပန်ကွေ့တိုးကက်တာ၊ ငါတို့နိုင်ငံမှာကတော့ နိုင်ငံတစ်ပန်းလုံး လိုက်ကြည့်၊ ကားတွေရော၊ လူတွေရော သွားချင်သလိုသွား လာချင်သလိုလာနေကြတာပဲ၊ စည်းကမ်းသိပ်အားနည်းတယ်၊ မီးပွိုင့်တွေကလည်း ပျက်နေတာကများ၊ မျဉ်းကျားတွေကလည်း မထင်ရှား၊ မသိသာဆိုတော့ ကွက်တိကျနေတာပေါ့၊ စည်းကမ်းမဲ့သူကို ပြင်းပြင်းထန်ထန် အရေးယူအပြစ်ပေးတာမျိုးနဲ့ စည်းကမ်းကို ပြန်လည်တည်ဆောက်ရမယ်လို့ ငါထင်တယ်၊ သူများနိုင်ငံတွေလို ကြိမ်ဒဏ်မျိုး ဒီမှာကျင့်သုံးရင် ဘယ်လိုများနေမလဲ မသိဘူးဆိုပြီး တစ်ခါတလေ တွေးမိတယ်သိလား၊ အကြောက်တရားနဲ့မှ စည်းကမ်းက ကိုင်လို့ ကောင်းတယ်ထင်လို့လေ"

အဲဒီအချိန်မှာပဲ ဇာနည်မောင်နှင့် စကားပြောနေရာက မြတ်သူက သူ့အမြင်ကို ဝင်ပြောတော့သည်။

"ငါကတော့ မင်းတို့ပြောတဲ့ ကားရှင်းနေလို့ မီးနီမီးပွိုင့်ဖြတ်တာကို အရေးယူတယ်ဆိုတာ သဘောမကျပါဘူးကွာ၊ မီးပွိုင့်ဆိုတာ ယာဉ်တွေမတိုက်အောင် လုပ်ပေးထားတာ၊ ယာဉ်တိုက်စရာမရှိဘဲ ဒီလောက်ရှင်းနေတဲ့အချိန်မှာ မီးနီက၊ မီးစိမ်းက ဂရုစိုက်စရာ မလိုဘူးလို့ ငါမြင်တယ်၊ ဖြတ်လိုက်တော့ ဘာဖြစ်လဲ၊ အချိန်ကုန်တောင် သက်သာသေးတယ်။ ငါ ဂျပန်ကို ခဏရောက်တုန်းကလည်း လမ်းသွယ်လေးတွေမှာ မီးနီနေရင် အများစုကတော့ ကားရှင်းရှင်း မရှင်းရှင်း မဖြတ်ဘူး၊ အချိန်ကုန်ခံပြီး ရပ်စောင့်ကြတယ်၊ ကားကို မြင်နေရတာပဲ၊ ကိုယ့်ကို မကိုက်နိုင်ဘူး၊ သူ့အချိန်ကိုလည်း ဂရုစိုက်စရာမရှိဘူးဆိုရင် ငါကတော့ ဖြတ်တာပဲ။ ငါ့လို ဖြတ်တဲ့လူ တချို့လည်း ရှိတာပါပဲ၊ ငါကတော့ လိုရင် စည်းကမ်းလိုက်နာမယ်၊ မလိုရင် စည်းကမ်းကို ဂရုမစိုက်နိုင်ဘူး၊ မီးပွိုင့်ကိုလည်း လေးစားစရာ မလိုပါဘူး၊ သူက သက်မဲ့ပဲဟာ၊ ကားရှင်းနေရဲ့သားနဲ့ ရပ်နေတာ ကြောင်တာပဲကွ၊ အချိန်လည်း ကုန်ကယ်"

နေလင်းနှင့် ကားအသစ်တစ်စီး ဝယ်ဖို့ပြောနေသည့် သိန်းနိုင်က သူ့ထင်ရာကို ဝင်ပြောဖို့ပြင်သည်။ သူပင်ပြောတာက သောင်းဒန်တို့၊ လှဖုန်းမြင့်တို့၊ မြတ်သူတို့ ပြောတာနှင့် ကိုက်ရိုက်ကြီး ပက်သက်မနေ။ သူက အချိန်ဆိုတာကိုကြားပြီး

"ငါကို ကျောင်းတုန်းက ဆရာ ဦးဝင်းလှိုင်ပြောတာ သတိရတယ်။ ဆရာက စည်းကမ်းတွေ၊ ကလနားတွေ သိပ်သဘောမကျဘူးလေ၊ အချိန်ပြောင်း ခေါင်းလောင်းတီးတာနဲ့ ဆရာ ဆရာမ အများစုကတော့ သင်လက်စသင်ခန်းစာကို လက်စသတ်၊ နောက်နေ့ဆက်သင်မယ်ဆိုပြီး အကန်းပြီးလိုက်တာပဲ။ ဆရာဦးဝင်းလှိုင်ရဲ့ အိုင်ဒီယာကတော့ ရုပ်ကြမ်းနည်းနည်းဆန်တယ်၊ တိရစ္ဆာန်အချို့ပေါ့လေ၊ သူပြောတော့ ပြောပါတယ်၊ ငါမေ့နေလို့၊ အလုပ်လုပ်နေရာကနေ အစာစားဖို့အချိန်ရောက်လို့ အချက်ပေးခေါင်းလောင်းတီးပြီဆိုရင် လုပ်လက်စကိုရပ်ပြီး လုံးဝကို အလုပ်ဆက်မလုပ်တော့ဘဲ အစာစားဖို့ပဲ သွားတော့တယ်တဲ့ ငါတို့ကလူတွေတဲ့၊ သူ့ဘာသာသူအချိန်ပြောင်းခေါင်းလောင်း ထိုးထိုး၊ ဘာဖြစ်ဖြစ်၊ ငါကတော့ သင်လို့မပြီးသေးရင်ပြီးအောင်ဆက်သင်မှာပဲတဲ့၊ တကယ်လည်း ဆရာ့အချိန်မှာ စာသင်တာမပြီးသေးလို့ကတော့ နောက်ဆရာ ဆရာမတွေ စောင့်ပေတော့ပဲ၊ ဟုတ်တယ်မဟုတ်လား၊ သူသင်တာပြီးမှ အခန်းထဲက ထွက်တယ်၊ တော်တော်များများကတော့ သူများအချိန် ရောက်ရောက်သွားတာပဲလေ၊ မင်းတို့ မှတ်မိတယ် မဟုတ်လား"

သိန်းနိုင်ဝင်ပြောတာက စည်းကမ်းကို သက်သက်မှတ်မှတ် လိုက်နာတာကို မကြိုက်တာလား၊ ကြိုက်တာလား ဝေခွဲ၍မရ၊ ဒါက သူ့အကျင့်ဖြစ်သည်။

"အဲလိုလုပ်လို့ မရဘူး၊ အဲသလိုလုပ်ရင် အချိန်တွေ ကိုးလိုးကန့်လန့်ဖြစ်ကုန်မယ်၊ ငါကတော့ ဆရာမှားကယ်လို့ထင်တယ်။ ကိုယ့်အချိန်နဲ့ကိုယ် အချိန်ကိုက်သင်မှကိုဖြစ်မယ်၊ ဒီပြင်ဆို မင်းကြည့်လေ၊ နောက်ဆရာက အခန်းပမှာ စောင့်နေရပြီ၊ သူ့အချိန်တွေ ပါသွားတော့ သူသင်မယ့် ဘာသာရပ်အတွက် သူပြင်ဆင်လာတဲ့အချိန် မလုံလောက်တော့ဘူး၊ တစ်ယောက်စီက အဲလိုအချိန်နည်းနည်းစီပိုယူသွားရင် အချိန်မကိုက်တော့ဘူးလေ။ ဒါက စည်းကမ်းလေ။ စည်းကမ်းကို ဒီလိုတစ်ယောက်က ပင်ဖောက်လိုက်တာနဲ့ ကျန်တာတွေပါ အကုန်အဆင်မပြေတော့ဘူး။ ဒါတစ်ခုတည်းလားဆိုတော့ မဟုတ်သေးဘူး၊ ကျောင်းသားကွေ့အတွက်လည်း ကြည့်ရမယ်။ လူကစ်ယောက်ရဲ့ မှတ်ဉာဏ်က တစ်ဆက်တစ်စပ်တည်း မိနစ် ၄၀၊ ၄၅ မိနစ်ပဲ မှတ်နိုင်ကယ်လို့ဆိုကယ်။ ဆရာက စေတနာနဲ့ တစ်နာရီသင်လည်း ကျောင်းသား ကျောင်းသူအတွက် အကျိုးမရှိဘူး၊ သူ့သက်မှတ်ထားတဲ့အချိန်အကိုင်း၊ စည်းကမ်းအတိုင်းပဲ သင်ရမယ်၊ စည်းကမ်းကို လိုက်နာရမယ်"

စိုးမိုးလွင်က သိန်းနိုင်စကားကို ဝင်ကန့်ကွက်သည်။ ဘယ်အချိန်ကတည်းက ဝင်ပြောဖို့ ချောင်းနေမှန်း မသိသည့် ကိုကိုသက်က "ငါတို့ အမြောက်ကဂ်က ဆရာကြီးတွေရှိတယ်၊ အချိန်နဲ့ပတ်သက်လာရင် လုံးဝစည်းကမ်းရှိသလား မမေးနဲ့၊ ရုံးလာကာမှာ ဇာတိုကင်းက ခရာမမှုတ်သေးရင် စောရောက်နေပေမယ့် ရုံးထဲ လုံးပမဝင်သေးဘဲ ကံစက်မြိုက်အောက်မှာ ရပ်နေကယ်။ ခရာမှုတ်မှ ရုံးကဲဝင်တယ်။ ရုံးဆင်းချိန်ဆိုလည်း ဒီလိုပဲ။ အချိန်အတိအကျကိုဆင်းတာ။ နာရီစောကြည့်မိပြီး အချိန်လေးနည်းနည်းလောက် ပိုစောဆင်းမိရင်တောင် ခရာမမှုတ်သေးရင် တံစက်မြိတ်အောက်က မထွက်ဘူး၊ ခရာမှုတ်သံကြားမှ အိမ်ပြန်တယ်၊ ဒါက အချိန်နဲ့ပတ်သက်လို့ ပြောတာ။ စစ်ဂက်စုံဂက်ကာ၊ သွားကာ၊ လာကာမှာလည်း စည်းကမ်းအတိုင်းပဲ၊ အတိအကျပဲ၊ ငါတို့ကတော့ စည်းကမ်းနဲ့ညီတာကို သဘောကျတယ်၊ ကားရှင်းရှင်း မရှင်းရှင်း မီးနီနေရင် ရပ်ရမယ်၊ မီးစိမ်းရင် သွားမယ်၊ ဒါကို လိုက်နာရမယ်၊ သောင်းဒန်တို့ကုမ္ပဏီက လူကြီးယာဉ်မောင်းကို အလုပ်ဖြုတ်တာ မှန်တယ်၊ ငါ သဘောတူတယ်၊ အများနဲ့လုပ်ကဲ့အခါ အဲဒီလို မလုပ်လို့မရဘူး၊ စည်းကမ်းမရှိကဲ နားလည်မှုနဲ့ လုပ်ကြည့်၊ ဘယ်တော့မှ မအောင်မြင်ဘူး၊ ငါကော့ အဲဒီလိုပဲ ယူဆကယ်"

"ဟုတ်တယ် ကိုကိုသက်၊ ငါတို့နိုင်ငံကို အခုဆို နိုင်ငံတကာက လာကြ၊ ရင်းနှီးမြှုပ်နှံဖို့ ဆွေးနွေးကြ၊ လည်ပတ်ကြနဲ့ အခုဆို ဘယ်နေရာကြည့်လိုက်ကြည့်လိုက် နိုင်ငံခြားသားတွေ တွေ့နေရတယ်။ ငါတို့လူမျိုးနဲ့ ပတ်သက်ပြီး ကောင်းတဲ့မှတ်ချက်ကိုပဲ ရစေချင်တယ်။ စည်းကမ်းမရှိကဲ လူမျိုး၊ မညီညွှတ်ကဲ့ လူမျိုး၊ ပျင်းရိကဲ့ လူမျိုး၊ ညံ့ဖျင်းတဲ့ လူမျိုးလို့ထင်သွားမှာကို ငါသိပ်စိုးရိမ်ကယ်။ စည်းကမ်းပိုင်းဆိုင်ရာမှာ အားနည်းနေကာကို ဘယ်က စပြင်ရင် ကောင်းမလဲ၊ ငါ အမျိုးမျိုးစဉ်းစားကြည့်ကယ်၊ ငါ့မိတ်ဆွေ ကိုဇော်မင်းဦးပြောသလိုပဲ၊ သေမှပြင်မဲ့သူတွေဆိုတာမျိုးများ ဖြစ်နေသလား မသိပါဘူးကွာ"

"ဆင်းရဲလို့ စည်းကမ်းမရှိတာလား"

"မဆိုင်ဘူးကွ၊ ကားကောင်းကြီးတွေစီးပြီး ကားပေါ်ကနေ ကွမ်းတပျစ်ပျစ်နဲ့၊ စားပြီးသားတွေ ပစ်ချ၊ ပလတ်စတစ်အိတ်တွေ ပစ်ချနေတာ၊ မီးနီကို ဖြတ်နေတာ၊ တန်းမစီဘဲ ကြားဖြတ်ချင်တာ မင်းတွေ့ဖူးတယ် မဟုတ်လား။ ဆင်းရဲတာ၊ ချမ်းသာတာနဲ့ မဆိုင်ဘူး"

"စာမတတ်တာ၊ ပညာမတတ်တာနဲ့ရော ဆိုင်မလား"

"ငါတော့ မထင်ဘူးကွ၊ ငါတို့နိုင်ငံက စာတတ်သူ အရေအတွက်က အရှေ့တောင်အာရှမှာရော၊ အာရှမှာရော မြင့်တာပဲ၊ စာမတတ်တာနဲ့တော့ ဆိုင်မယ်မထင်ဘူး၊ စာမဖတ်ကာနဲ့တော့ ဆိုင်ချင် နည်းနည်းဆိုင်နိုင်ကယ်"

"စင်ကာပူတို့လို မလေးရှားတို့လို ကြိမ်ဒဏ်ပေးတာ အပြင် ပြင်းပြင်းထန်ထန်အပြစ်ပေးကဲ့နည်းနဲ့ စည်းကမ်းကိုင်ရင်ကော ရနိုင်မလား"

"ဒါက နောက်ဆုံးအဆင့်ပေါ့ကွာ၊ ပြစ်ဒဏ်ပေးမှာ ကြောက်လို့ထက် အသိစိတ်ဓာတ်နဲ့က ပိုကောင်းတာပေါ့၊ ပြစ်ဒဏ်မပေးတော့တဲ့အခါ ဒုံရင်းက ဒုံရင်းပဲ ပြန်ဖြစ်သွားနိုင်တယ်လေ"

"ဒါပေမယ့် အသိစိတ်ဓာတ်မရှိကြသေးကာက ခက်တယ်ကွာ"

"ပတ်ဝန်းကျင်ကောင်းတစ်ခု တည်ဆောက်ပေးဖို့ လိုတာလို့ ငါထင်တယ်၊ မင်းတို့ ပြန်မြင်ယောင်ကြည့်၊ လေဆိပ်ကြီးတွေ၊ ဟိုကယ်ကြီးတွေ၊ ခံ့ညားကည်ဝါကဲ့ အဆောက်အအုံကြီးတွေထဲမှာ၊ ကိုယ့်ပုံရိပ်ကိုတောင် ကိုယ်ပြန်မြင်ရလောက်အောင် တောက်ပြောင်နေတဲ့နေရာတွေမှာ မင်းတို့တော့ မသိဘူး၊ ငါကတော့ တံတွေးထွေးဖို့၊ တွေ့ကရာနေရာ အမှိုက်ပစ်ချဖို့မပြောနဲ့၊ ဖိနပ်ရာလေးထင်သွားမှာကိုတောင် စိုးရိမ်စိတ်ဖြစ်မိတယ်၊ ဒီလိုပဲ နိုင်ငံခြား

> "ကိုယ့်ပုံရိပ်ကိုတောင် ကိုယ်ပြန်မြင်ရလောက်အောင် တောက်ပြောင်နေတဲ့ နေရာတွေမှာ မင်းတို့တော့ မသိဘူး၊ ငါကတော့ တံတွေးထွေးဖို့၊ တွေ့ကရာနေရာ အမှိုက်ပစ်ချဖို့ မပြောနဲ့ ဖိနပ်ရာလေး ထင်သွားမှာကိုတောင် စိုးရိမ်စိတ်ဖြစ်မိတယ်"

ခရီးစဉ်တွေသွားရင် သူတို့လေဆိပ်တွေမှာ၊ စူပါမားကတ်တွေမှာ ငွေချေဖို့ တန်းစီရတဲ့အခါ တန်းစီရကာကိုတောင် ဂုဏ်ယူမိတယ်၊ အမှိုက်ကိုလည်း အမှိုက်ပုံးမတွေ့သေးရင် တွေ့ကဲ့နေရာမပစ်ဘဲ လက်ထဲကိုင်ကားပြီးအမှိုက်ပုံးတွေ့မှ စွန့်ပစ်ဖြစ်တယ်၊ ဒါက ဘာကိုပြောတာလဲဆိုရင် ပတ်ဝန်းကျင်ကောင်းရှိရင် လူတွေက အဲဒီနောက် လိုက်ပါသွားကြတာပဲ၊ စည်းကမ်းလိုက်နာမှုများတဲ့သူတွေများရင် ကျန်တဲ့လူတွေပါ စည်းကမ်းရှိသွားတယ်၊ စည်းကမ်းလိုက်နာမှု အားနည်းတဲ့သူများရင် စည်းကမ်းရှိတဲ့သူပါ စိတ်ဓာတ်ပျက်သွားကယ်"

"ကိုယ့်နိုင်ငံကို တိုးတက်ကြီးပွားစေချင်တဲ့သူ၊ ကမ္ဘာ့အလယ်မှာ မြန်မာလို့ ဟစ်ကြွေးချင်တဲ့သူ၊ စည်းကမ်းရှိချင်တဲ့သူက အများကြီးပါ။ အခုက အုတ်ရောရော၊ ကျောက်ရောရော ဖြစ်နေကြတယ်၊ သန့်ရှင်းနေတဲ့နေရာမှာ ညစ်ပတ်အောင်လုပ်ဖို့ ဝန်လေးပေမယ့် ညစ်ပတ်နေတဲ့နေရာမှာ ထပ်ညစ်ပတ်အောင်လုပ်ရမှာကို ဝန်မလေးဘူးပေါ့ကွာ"

"အစိုးရကလည်း ပညာပေးစည်းရုံးမှုတွေ လုပ်နေတာပါပဲ။ အစိုးရတစ်ဖွဲ့တည်းနဲ့တော့ လုပ်လို့မရဘူး။ အားလုံးပါမှ ရမယ်၊ မင်းတို့ ငါတို့ပါ ဝိုင်းကူရမယ်"

"ကိုယ်ကိုယ်တိုင်၊ ကိုယ့်အသိုင်းအဝိုင်း၊ ကိုယ့်နီးစပ်ရာကို စည်းကမ်းလိုက်နာဖို့ အရင် စည်းရုံးလုပ်ဆောင်၊ ပြီးတော့မှ တဖြည်းဖြည်း ကိုးချဲ့သွား၊ သိပ်မကြာခင် အားလုံးကူးစက်သွားလိမ့်မယ်လို့ ငါထင်တယ်"

"အများစုက နိုင်ငံကြီးသား စိတ်ဓာတ်မွေးပြီး လုပ်သွားကြရင် ဘာမှမကြာဘူးလို့ ငါတော့ မြင်တယ်"

"ငါလည်းထောက်ခံတယ်"

"ငါလည်း သဘောတူတယ်၊ စည်းကမ်းရှိချင်တယ်၊ ဒါပေမယ့် အများသူငါက ဒီလိုပဲဆိုတော့ ငါတို့လည်း မိုးခါးရေလိုက်သောက်နေရသလို ဖြစ်နေတယ်၊ ဒါကို ပြင်နိုင်ဖို့ လိုကယ်"

"စည်းကမ်းကောင်းတဲ့သူကိုပဲကြည့်ပြီး အတုယူရမယ်၊ စည်းကမ်းမဲ့ကဲ့သူကို သွားအလေးထားလို့ မရဘူး၊ ဒါဆို ပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်လာမယ်"

"ပတ်ဝန်းကျင်ကောင်း တည်ဆောက်ဖို့လိုကယ်ဆိုတာ မှန်တော့ မှန်ပါတယ်၊ ဒါပေမယ့် ဂျပန်နိုင်ငံလို စည်းကမ်းရှိကဲ့သူတွေထဲမှာတောင် မြတ်သူ့ကိုလို လူတွေကျတော့ ဘယ်လိုလုပ်မလဲ။ ဒီလောက် ပတ်ဝန်းကျင်ကောင်းတဲ့ နေရာမှာတောင် လမ်းကူးချင်သလို ကူးခဲ့ကာဆိုတော့"

"ခွေးကောင်၊ စကားအကောင်းပြောနေတာကို ဖောက်ပြီ"

"သောင်းဒန် မင်းဒီနေ့ကစပြီး ကားမောင်းရင် မီးနီမဖြတ်နဲ့၊ သတိထား"

"မင်းတို့ ပြောရမှာက သိန်းနိုင်၊ ဒီကောင်က ကွမ်းကံတွေး ကပျစ်ပျစ်နဲ့ဆိုကော့"

"ငစောလည်း ဘာထူးလဲ၊ ဆေးလိပ်ပြာတွေ ဟိုခြွေချ၊ ဒီခြွေချ၊ ဆေးလိပ်တို ဟိုပစ်ဒီပစ်နဲ့ ဒီနေ့ကစပြီး ပြင်ဖို့လိုပြီ"

"နေလင်းကိုလည်း လမ်းကူးရင် လူကူးမျဉ်းကျားက ကူးခိုင်းဦး၊ ဒီကောင် (၅၁) လမ်းရုံးသွားရတာ ဘယ်နှကြိမ်ရှိနေပြီလဲ"

"ဆန်းယု မင်းလည်း စည်းကမ်းရှိဖို့လိုတယ်၊ စည်းမဲ့ကမ်းမဲ့ ခွဲလို့ ဇော်ကြာ ဗိုက်ထဲမှာ ကတ်ကြေးကျန်နေခဲ့ဦးမယ် သတိထားဦး"

"လှမိုးကို ပြောရမှာ၊ ဒီကောင်က ကောင်းတဲ့သွားနဲ့ မကောင်းတဲ့သွား မှားပြီး နုတ်မိနေမှ တရားစွဲခံရမှာ"

နယ်မြို့လေးမှ ရန်ကုန်တွင် အခြေချနေသော သူတို့အုပ်စု။ တချို့က မူလတန်းကတည်းက သူငယ်ချင်းများ၊ ကချို့က အလယ်တန်း၊ အထက်တန်းရောက်မှ ပေါင်းမိကြသူများ၊ အားလုံးက တက္ကသိုလ်ရောက်တော့ ဆက်ပေါင်းသင်းကြရင်း အခုလို ကိုယ်စီကိုယ်စီ အလုပ်တွေနဲ့ ဖြစ်နေကြသည်အထိ လက်တွဲမပျက်ကြ။ သူတို့သူငယ်ချင်းအုပ်စု၏ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်တွေကအမျိုးမျိုး။ သဘောတွင် ပထမတန်းအရာရှိဖြစ်နေသူ၊ နိုင်ငံခြားတွင်အလုပ်လုပ်ခဲ့ပြီး စုဆောင်းငွေလေးဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်နေသူ၊ ပြည်တွင်းကုမ္ပဏီ၊ ဟိုတယ်များတွင် အလုပ်လုပ်နေသူ၊ ဆရာဝန်၊ ကျောင်းဆရာ၊ တပ်မတော်မှ အငြိမ်းစားအရာရှိ၊ နိုင်ငံ့ဝန်ထမ်း၊ ကားပွဲစား စသည်ဖြင့်စုံသည်။ လုပ်ငန်းချင်းဆက်စပ်သူတွေက ပုံမှန်တွေ့ဖြစ်ပြီး ကျန်သူတွေကတော့ တစ်ဦးနှင့်တစ်ဦး ထိုရက်လိုသလို အဆက်အသွယ်မပြက်ရှိနေကြကာ နိုင်ငံခြားမှ၊ နေပြည်တော်မှ၊ ခရီးဝေးသွားရာမှ ခေတ္တပြန်လာခိုက် ရန်ကုန်တွင် သူငယ်ချင်းများများ ရှိနေချိန်တွင် အခုလိုတွေ့ဖြစ်ကြသည်။ ရှေးဟောင်းနှောင်းဖြစ်များပြော၍ ကစ်ဦးနှင့်ကစ်ဦး ချစ်ခင်မှု၊ စည်းလုံးမှုကို ပြသကြသည်။ တစ်နှစ်တွင် နှစ်ကြိမ်၊ သုံးကြိမ်လောက် လူအများစုစုံပြီး ညစာစားကြသည်။

သူတို့အုပ်စု အခုတစ်ပတ်တွင် ၁၁ ယောက် လူစုံကြသည်။ နေလင်း၊ သိန်းနိုင်၊ သောင်းဒန်၊ လှမိုး၊ မြတ်သူ၊ လှဖုန်းမြင့်၊ ဇာနည်မောင်၊ ကျော်ဇော၊ စိုးမိုးလွင်(ငစော)၊ ဆန်းယုနှင့် ကိုကိုသက်တို့ဖြစ်သည်။ သောင်းကန်နှင့် ချစ်ကိုတို့က ခရီးလွန်နေ၍ ယခုအပတ်ဆုံကြစဉ် မပါ။

တစ်ယောက်တစ်ပေါက် ပြောချင်ရာ ပြောကြနှင့် ညဉ့်နက်တော့မှ လမ်းခွဲဖြစ်သည်။ ပျော်ရွှင်စရာကောင်းသော၊ လွတ်လပ်မှုရှိသော ငယ်ဘဝကို ပြန်ရောက်သွားသလို ခံစားကြရသော သူတို့တွေ့ဆုံပွဲလေးက ရင်ထဲတွင် အမြဲထင်ကျန်ရစ်နေဦးမည့် တွေ့ဆုံပွဲလေးအဖြစ် သူ့ရင်ထဲတွင် မှတ်တမ်းတင်ကျန်ရစ်နေသည်။

ထို့ပြင် ဇာနည်မောင်ပြောလိုက်သည့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို တည်ဆောက်ပေးဖို့ လိုသည်ဆိုသည့် အကြံပြုချက်လေးကို ခေါင်းထဲ စွဲကင်နေမိသည်က အမှန်ပင် ဖြစ်ပါသည်။ ။

7-5 (17).pmd 1 5/5/2013, 9:37 PM

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ နာယက(ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ) ဝဏ္ဏကျော်ထင် စည်သူ **ဦးအောင်ကိုဝင်း**သည် ၃၀-၄-၂၀၁၃ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ချီးမြှင့်သည့် နိုင်ငံ့စွမ်းဆောင်ရည်ဆု(နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်-ပထမဆု)အား ချီးမြှင့်ခံရခြင်းအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အနာဂတ်တွင်လည်း နိုင်ငံနှင့်လူမျိုးအကျိုးကို ဆတက်ထမ်းပိုး ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးသူရိန်
မန်နေးဂျင်းဒါရိုက်တာ
ရွှေနဂါးမင်းကုမ္ပဏီလီမိတက်

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ (မက်စ်မြန်မာကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ) ဝဏ္ဏကျော်ထင် စည်သူ **ဦးဇော်ဇော်**သည် ၃၀-၄-၂၀၁၃ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ချီးမြှင့်သည့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်အဖြစ် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်အား ချီးမြှင့်ခံရခြင်းအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အနာဂတ်တွင်လည်း နိုင်ငံနှင့်လူမျိုးအကျိုးကို ဆတက်ထမ်းပိုး ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးသူရိန်
အသင်းပိုင်ရှင်
ဧရာဝတီရွှေမြေဘောလုံးအသင်း

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ ဥက္ကဋ္ဌ၊ ပင်လယ်ကိုးသွယ်ကုမ္ပဏီလီမိတက်ပိုင်ရှင် **ဦးအောင်သန်းဦး**သည် ၃၀-၄-၂၀၁၃ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ချီးမြှင့်သည့် နိုင်ငံ့စွမ်းဆောင်ရည်ဆု (စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆု)အား ချီးမြှင့်ခံရခြင်းအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အနာဂတ်တွင်လည်း နိုင်ငံနှင့်လူမျိုးအကျိုးကို ဆတက်ထမ်းပိုး ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးသူရိန်
မန်နေးဂျင်းဒါရိုက်တာ
ရွှေနဂါးမင်းကုမ္ပဏီလီမိတက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
နေပြည်တော်

ရတနာပြပွဲများတွင် ကျောက်စိမ်းအရိုင်းတွဲများတင်ပြရောင်းချခဲ့သော ပုဂ္ဂလိကကျောက်စိမ်းတွဲပိုင်ရှင်များအတွက် အသိပေးကြေညာချက်

၁၃၇၅-ခုနှစ်၊ တန်ခူးလပြည့်ကျော်(၁၁)ရက်
(၂၀၁၃-ခုနှစ်၊ မေလ ၆ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကုမ္ပဏီ၊ သမဝါယမအသင်းများနှင့် ပုဂ္ဂလိကပိုင် ကျောက်စိမ်းအရိုင်းနှင့်အချောထည်များကို ရတနာပြပွဲများတွင် တင်ပြရောင်းချပေးလျက်ရှိသည်။ ရောင်းချရသော ကျောက်စိမ်းတွဲများကို ဝယ်ယူသူသို့ ထုတ်ပေးခြင်း၊ တင်ပို့ခြင်းလုပ်ငန်းများဆောင်ရွက်ပြီး ရောင်းချခြင်းမရှိသော ကျောက်စိမ်းတွဲများကို သက်ဆိုင်ရာကုမ္ပဏီ၊ သမဝါယမအသင်းနှင့် ပုဂ္ဂလိကများသို့ ပြန်လည်ထုတ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၁၉၉၄-ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ကာလအတွင်း ကျင်းပခဲ့သော ကျောက်မျက်ရတနာပြပွဲများတွင် ကျောက်စိမ်းတွဲများ တင်ပြရောင်းချခဲ့ကြသော်လည်း ရောင်းချခြင်းမရှိသော ကျောက်စိမ်းတွဲများကို ပြန်လည်ထုတ်ယူကြရန်အတွက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် သတင်းစာများတွင် ကြေညာခဲ့ရာ ကျောက်စိမ်းတွဲပိုင်ရှင်(၂၈)ဦးသည် ဆက်သွယ်ဆောင်ရွက်ရန် ကျန်ရှိနေပါသည်။

၃။ သို့ဖြစ်၍ ကျောက်စိမ်းအတွဲများ ပြန်လည်ထုတ်ယူရန် ဆက်သွယ်ဆောင်ရွက်ရန် ကျန်ရှိနေသည့် ပုဂ္ဂလိကကျောက်စိမ်းတွဲပိုင်ရှင်များသည် ကျောက်စိမ်းရိုင်းများအပ်နှံခဲ့သည့် မူလစာရွက်စာတမ်းများနှင့်အတူ ၃၀-၆-၂၀၁၃ ရက် နောက်ဆုံးထားပြီး သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသော ကျောက်စိမ်းအရိုင်းများကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

၄။ ကျောက်စိမ်းအတွဲများ ပြန်လည်ထုတ်ယူရန် ကျန်ရှိနေသည့် ပုဂ္ဂလိကကျောက်စိမ်းအတွဲပိုင်ရှင်များ၏ အမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	လုပ်ငန်းရှင်အမည်	မှတ်ပုံတင်အမှတ်
၁။	ဒေါ်ချင်ကျိန်	(အိတ်ချ်ဇလူအိုင်-၀၄၅၁၉၈)
၂။	ဒေါ်အမ်ဖိန်	(အယ်လ်အက်စ်အို-၁၈၂၅၉၀)
၃။	ဦးမြင့်ဖိုး	[၅/ခတန(နိုင်)၀၀၅၅၆၇]
၄။	ဦးသိန်းဝင်း	
၅။	ဦးခရိုင်းနော်အောင်	(အမ်ကေအေ-၀၃၉၈၃၅)
၆။	ဦးဝင်းရှိန်+ဦးချစ်စံ	[၉/မရမ(နိုင်)၀၆၄၇၅၉]
၇။	ဦးနော်အောင်	[၁/မကန(နိုင်)၀၁၃၄၃၄]
၈။	ဦးသောင်းထီ	(အက်စ်ကျီကျီ-၀၄၄၅၄၁)
၉။	ဦးစောစေတာ	(ဘီအက်စ်အင်န်-၀၄၇၆၈၆)
၁၀။	ဦးစောထွန်းနိုင်	[၁/မကန(နိုင်)၀၄၇၉၇၆]
၁၁။	ဦးမောင်မောင်မြင့်+ဦးအောင်ကြည်	(အမ်အမ်အို-၃၁၂၅၁၉)
၁၂။	ဦးဟောင်ဟောင်စိန်	(အေအပ်အေ-၀၉၅၈၆၃)
၁၃။	ဦးအေး	[၉/ပရမ(နိုင်)၀၁၁၉၀၅]
၁၄။	ဦးအောင်ဝင်း	[၁/မကတ(နိုင်)၀၃၀၂၂၀]
၁၅။	ဦးဇော်ယုဂပ်ပွန်	
၁၆။	ဦးနွယ်ဘွား	[၅/စကန(နိုင်)၀၈၇၈၀၁]
၁၇။	ဦးမြင့်နိုင်ဦး+ဦးစိုးမြင့်	[၉/ပရမ(နိုင်)၀၃၆၀၃၀]
၁၈။	ဦးမြတ်ဇော်ဦး	[၁/မကတ(နိုင်)၀၃၀၃၈၉]
၁၉။	ဦးသန်းမြင့်	
၂၀။	ဦးစိုးနိုင်	[၁၃/ကခဥ(နိုင်)၀၃၄၂၁၇]
၂၁။	ဦးစိုးနိုင်ဦး	[၇/ပလန(နိုင်)၀၄၀၅၅၂]
၂၂။	ဦးစိုးမြင့်	[၁၂/လသန(နိုင်)၀၈၆၈၀၂]
၂၃။	ဦးမရစ်နော်	[၁/မကန(နိုင်)၁၁၆၄၆၀]
၂၄။	ဦးအင်ဒူယဉ်တူးကျာ	[၁/မကတ(နိုင်)၁၁၈၁၁၈]
၂၅။	ဦးလရော်	(ကေအမ်ဂျီ-၀၄၁၂၉၁)
၂၆။	ဦးလှထွန်း	
၂၇။	ဦးတင်ထွန်းလင်း	[၁၂/ရပသ(နိုင်)၀၃၃၁၁၃]
၂၈။	ဦးထွန်းရွှေ	(အယ်လ်အက်စ်အို-၂၇၁၉၅)

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးခွဲ (ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးစခန်းရုံး (မန္တလေး)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးစခန်းရုံး(မြစ်ကြီးနား)သို့ လာရောက်ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း တတိယအကြိမ် အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

VALUESTAR
COMPUTER & LANGUAGE CENTRE
တက္ကသိုလ် ဝင်တန်း ဖြေဆို ပြီးသူများအတွက် ကွန်ပျူတာ နှင့် အင်္ဂလိပ်စာသင်တန်း များ
- ESSENTIAL COMPUTER SKILLS LEVEL 1/2
- COMPUTER BASIC(I Office 2010)
- GRAPHIC DESIGN / D.T.P
- PRATICAL A+ / AUTO CAD
- SPOKEN ENGLISH(4 SKILLS)
- GENERAL ENGLISH(4 SKILLS+GRAMMAR & VOCAB)
- PROGRAMMING FUNDAMENTAL (C++ / JAVA)

Fully Air-Con
ဖုန်း - ၀၁-၅၁၆၀၃၈ ၊၀၁-၅၂၆၅၃၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
နေပြည်တော်

ရတနာပြပွဲများတွင် ကျောက်စိမ်းအရိုင်းတွဲများတင်ပြရောင်းချခဲ့သော ဖက်စပ်ကျောက်စိမ်းတွဲပိုင်ရှင်များအတွက် အသိပေးကြေညာချက်

၁၃၇၅-ခုနှစ်၊ တန်ခူးလပြည့်ကျော်(၁၁)ရက်
(၂၀၁၃-ခုနှစ်၊ မေလ ၆ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်စိမ်းဖက်စပ်လုပ်ငန်းမှ တူးဖော်ရရှိသော ကျောက်စိမ်းအရိုင်းများကို ရတနာပြပွဲများတွင် တင်ပြရောင်းချပေးခဲ့ပါသည်။

၂။ ရောင်းချရခြင်းမရှိသော ကျောက်စိမ်းတွဲများကို ပြန်လည်အတွဲဖွဲ့ခြင်း၊ အခြေခံဈေး ပြင်ဆင်သတ်မှတ်ခြင်းများဆောင်ရွက်ပြီး ရတနာပြပွဲများတွင် တင်ပြရောင်းချနိုင်ရန်အတွက် သက်ဆိုင်ရာ ဖက်စပ်လုပ်ငန်းရှင်များက စီစဉ်ဆောင်ရွက်ကြရပါသည်။ ၁၉၉၉ ခုနှစ် နှစ်လယ် ရတနာပြပွဲတွင် ရောင်းချခြင်းမရှိသော ကျောက်စိမ်းတွဲများကို အတွဲပြင်ဆင်ဖွဲ့စည်းခြင်း၊ အခြေခံဈေး ပြင်ဆင်သတ်မှတ်ခြင်းများ ဆောင်ရွက်ပြီး ရတနာပြပွဲတွင် တင်ပြရောင်းချနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် သတင်းစာများတွင် ကြေညာခဲ့ရာ လုပ်ငန်းရှင် (၁၄)ဦးသည် ဆက်သွယ်ဆောင်ရွက်ရန် ကျန်ရှိနေပါသည်။

၃။ သို့ဖြစ်၍ ကျောက်စိမ်းအတွဲများ တင်ပြရောင်းချနိုင်ရန် ဆက်သွယ်ဆောင်ရွက်ရန် ကျန်ရှိနေသည့် ဖက်စပ်လုပ်ငန်းရှင်များသည် ကျောက်စိမ်းအရိုင်းများ အပ်နှံခဲ့သည့် မူလစာရွက်စာတမ်း အထောက်အထားများနှင့်အတူ ၃၀-၆-၂၀၁၃ ရက် နောက်ဆုံးထားပြီး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသော ကျောက်စိမ်းအရိုင်းများကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

၄။ ရတနာပြပွဲ တင်ပြနိုင်ရေး ဆောင်ရွက်ရန် ကျောက်စိမ်းတွဲများ ကျန်ရှိနေသည့် ဖက်စပ်လုပ်ငန်းရှင်များ၏ အမည်စာရင်းနှင့် မော်လုပ်ကွက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	လုပ်ငန်းရှင်အမည်	မော်/လုပ်ကွက်
၁	ဦးမောင်စိန်	အောင်စိန်(၁)လုပ်ကွက်
၂	ဦးကျော်အောင်	မောင်မောင်းလျှံ(၆၀)
၃	ဦးကျော်မင်း	မမုံ(၇)
၄	ဦးလှထွန်း	ခတ္တာ(၃)
၅	ဦးမင်းလွင်-ဦးဇော်ဇော်ဦး	နမ္မချီ(၅)-တောင်စိမ်းကလေး(၁)
၆	ဦးဇော်ဝင်း	မမုံ(၃)
၇	ဦးမောင်စိန်	ခိုမ(၃၆)
၈	ဦးသန်းစိန်	ဝေ့ခါ(၇)
၉	ဦးလှမြင့်	ဖားကန့်ကြီး(၂၀)
၁၀	ဦးဒေါ်န	ဖားပြင်(၁၄)
၁၁	ဦးစိုင်းထွန်းစိန်	ဝါဒီ(၁၈)
၁၂	ဦးလဖိုင်ဇော်နန်	ဆန်းကြွယ်(၄၄)
၁၃	ဦးအယ်ဇော်ရိန်	ဝေ့ခါ(၃)
၁၄	ဦးအင်ခွန်တူး	ဖားပြင်(၂)

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးခွဲ (ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးစခန်းရုံး(မန္တလေး)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးစခန်းရုံး(မြစ်ကြီးနား)သို့ လာရောက်ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါကြောင်း တတိယအကြိမ် အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

တင်ဒါအမှတ်	အကြောင်းအရာ
၁၁/ မမ/ ဝန်ကြီးရုံး (2013-2014)	ရထားပို့ဆောင်ရေးဝန်ကြီးဌာန (ဝန်ကြီးရုံး)၊ ရုံးအမှတ်(၂၉) နေပြည်တော်တွင် Network Cable ဖြင့် Local Area Network တည်ဆောက်ရန်

တင်ဒါပိတ်မည့်နေ့/အချိန် -၂၇ - ၅ - ၂၀၁၃(တနင်္လာနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၆ - ၅ - ၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း၊ နှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကျွန်းသည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း -294352, 291994.

ဆရာဝန်များ ဦးစီးသည့်
Since 1996
စံပြဘော်ဒါ
(၂၀၁၃ - ၁၄ အတွက်လက်ခံပြီ)
တန်သတ်လှူဦးရေဖြင့်ထိထိရောက်ရောက်သင်ကြားပေးသည်။
၇၇ (၄၀လမ်း)၊ ပုလဲမြိုင်လမ်း၊ မင်္ဂလာဒုံ၊
ဖုန်း ၀၉-၅၁၅၅၇၅၁၊ ၀၁-၆၃၈၀၅၀၊ ၀၉-၄၂၀၀၈၆၆၅၀

ဂုဏ်ယူဝမ်းမြောက်ခြင်း
Myanmar Global Business Association (MGBA) ၏
မုံရွာ-ရုံးခွဲကို မုံရွာမြို့ မုံရွာစက်မှုဇုန် အဝေးပြေးလမ်း သမစ်ထွာလမ်း
အမှတ်(၇၃၊ ၂၀၁၁)တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခြင်းအပေါ်
များစွာဂုဏ်ယူဝမ်းမြောက်ရပါကြောင်း .....
ဒေါက်တာမြသီတာအေးတင်
M.D., SI Group of Companies

Sweet Angel Nail Art & Beauty Training School
လက်သည်းနှင့်အလှအဆင်တန်ဆာ အသက်မွေးဝမ်းကျောင်းပညာသင်တန်းကျောင်း
အခမဲ့ ပညာဒါန သင်တန်းများ

ဆံပင်ညှပ်	35000	2 Months
[illegible]	60000	1 Month
မိတ်ကပ်	80000	1 Month
[illegible]	40000	1 Month
ခေါင်းလျှော်+ခေါင်းအုံးတင် ကာလာဆိုး+ ဆံပင်ကောက်	50000	1 Month
ခေါင်းလျှော်+ခေါင်းအုံးတင် ကာလာဆိုး+ ဆံပင်ဖြောင့်	50000	1 Month
ခေါင်းလျှော်+ သင် ခေါင်းအုံးတင်	35000	1 Month

09 5107347, 09 49261839, 01 538510.

အခုံသင့် Sunshade
လူကြီးမင်းတို့၏ အိမ်များ၊ တိုက်ခန်းများ၊ စက်ရုံများတွင် နေဒဏ်၊ မိုးဒဏ် မခံရအောင် အရံသင့် Sunshade များ တပ်ဆင်ရန် မှာကြားနိုင်ပါသည်။
အဆောက်အဦးတိုးချဲ့ခြင်းလုပ်ငန်းများလည်း ဆောင်ရွက် ပေးပါသည်။
Linpo Co . Ltd.
No- 17 (A), Kabarayepagoda Road, Bahan,
Ph- 543816, 545883, 0950-14912, 09430 33345

"ပိုင်ရှင်ထံမှအမြန်ဝယ်ယူလိုပါသည်"
ဖုန်း-၀၉ ၅၁၃၄၆၃၀၊ ၀၉ ၄၂၅၀၀၅၂၇၇

ဟိုးဟိုးကျော် ပေါ်ဆန်းသစ်
Ph : 01 - 687680, 687155, 686686, 681243, 681263

လူပျောက်ကြော်ငြာ

မြောင်းမြမြို့နေ ဦးထွန်းဦး၊ ဒေါ်မြင့်မြင့်ထွေးတို့၏သမီး ပဇင်ဟဦး[၁၄/ပပန(နိုင်)၁၅၅၉၇၁]သည် မိဘများ မသိရှိဘဲ ၂၃-၄-၂၀၁၃ ရက်တွင် ရွှေ၊ ငွေ၊ ပစ္စည်းများယူ၍ နေအိမ်မှ ထွက်သွားပြီး ပျောက်နေပါသဖြင့် သမီးဖြစ်သူအား တွေ့ရှိသူများမှ အကြောင်းကြားပေးပါရန် သတင်းပေးကူညီပေးသူအား ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူအား ဥပဒေအရ အရေးယူဆောင်ရွက်မည် ဖြစ်ကြောင်းလည်းအသိပေးကြေညာအပ်ပါသည်။ မိဘများမှအားလုံးခွင့်လွှတ်သည် အမြန်ပြန်ခဲ့ပါ။

ဦးထွန်းဦး
အမှတ်(၃၃)ရိုးကူးလမ်း၊
မရမ်းကုန်းနယ်မြေ၊ မြောင်းမြမြို့၊
ဖုန်း-၀၉-၄၂၂၅၇၇၉၈၂

ဖိတ်ကြားခြင်း

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်

ယနေ့ မြန်မာစာပေ အခြေအနေ အရပ်ရပ်အပေါ် ဝေဖန် သုံးသပ်ချက်နှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် နည်းလမ်း အကြံပြုချက်များကို စာတမ်းရှင် ငါးဦးတို့က ဖတ်ကြား တင်သွင်းပြီး တက်ရောက်လာသော စာပေပညာရှင်၊ ဝါသနာရှင်တို့က ဆွေးနွေးကြမည်ဖြစ်ပါ၍ စိတ်ဝင်စားသူတိုင်း ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေရာ ။ အမျိုးသားကဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ရန်ကုန်မြို့
နေ့ရက် ။ ၁၁ မေ ၂၀၁၃ (စနေနေ့)
အချိန် ။ နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ
စာတမ်းရှင်များ ။ မောင်ခင်မင် (ဓနုဖြူ)၊ ဖေမြင့်၊ ဂျူး၊ မောင်ဝေယျာ၊ ဦးထွန်းဦး (ထွန်းဦးစာပေ၊ မန္တလေး)၊ သင့်နော် (ဥတ္တရလွင်ပြင်၊ မန္တလေး)။

[အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရေးကော်မတီ၊ ဖုန်း-၀၉၇၃၂၀၂၄၁၁၊ ၀၉၄၃၀၇၃၁၄၄]

AYEYARWADY BANK
your trusted partner

Vacancy Announcement
(Local Service Only)

ဧရာဝတီဘဏ်လီမိတက် ၏ ရုံးချုပ်နှင့် အသစ်ထပ်မံဖွင့်လှစ်မည့် ရန်ကုန်ဘဏ်ခွဲများ၊ ဖျာပုံဘဏ်ခွဲ၊ ညောင်ဦးဘဏ်ခွဲ၊ အောင်လံဘဏ်ခွဲ၊ ချောက်ဘဏ်ခွဲ၊ ကလေးဘဏ်ခွဲ၊ တမူးဘဏ်ခွဲနှင့် ကျောက်ဖြူဘဏ်ခွဲများအတွက် အောက်ပါရာထူးများ လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(၁) **Manager** ကျား/မ - ၁၅ ဦး
B.Com, C.P.A၊ အသက်(၃၀-၄၀)နှစ်၊ ဘဏ်လုပ်ငန်းတစ်ခုခုတွင် သက်ဆိုင်ရာ ရာထူးဖြင့် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်နှင့်အထက်၊ Computer Literate ဖြစ်ရမည်။

(၂) **Manager (Business Unit / International Banking)** ကျား/မ - ၁၅ ဦး
M.B.A, M.P.A, M-Devs.၊ အသက် (၂၅-၃၅)နှစ်၊ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ (၅)နှစ်၊ Good in English (4)Skill, Negotiation, Cooperation and Communication Skill ကျွမ်းကျင်ရမည်။ Computer Literate ဖြစ်ရမည်။

(၃) **Deputy Manager** ကျား/မ - ၁၀ ဦး
ဘွဲ့ရ၊ B.Com, အသက်(၃၀-၄၀)နှစ်၊ ဘဏ်လုပ်ငန်းတစ်ခုခုတွင် သက်ဆိုင်ရာ ရာထူးဖြင့် ဘဏ်လုပ်သက်(၅)နှစ်နှင့်အထက် ရှိရမည်။ Computer Literate ဖြစ်ရမည်။

(၄) **Assistant Manager** ကျား/မ - ၁၀ ဦး
ဘွဲ့ရ၊ B.Com, LCCI Level III၊ အသက်(၂၅-၃၅)နှစ်၊ သက်ဆိုင်ရာ ရာထူးဖြင့် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်နှင့်အထက် ရှိရမည်။ Computer Literate ဖြစ်ရမည်။

(၅) **Supervisor/Assistant Supervisor** ကျား/မ - ၁၅ ဦး
ဘွဲ့ရ၊ LCCI Level III, Diploma in Banking၊ အသက် (၂၅-၃၅)နှစ်၊ Good in English (4 Skill) Computer Literate၊ စာရင်းအင်း လုပ်ငန်းအတွေ့အကြုံ (၂)နှစ်နှင့်အထက်ရှိသူ Foreign Exchange/Money Changer, Trading, Marketing အတွေ့အကြုံရှိသူ ဦးစားပေးမည်။

လူတွေ့စစ်ဆေးခြင်း စာမေးပွဲအား (၁၈ - ၅ - ၂၀၁၃နှင့် ၁၉ - ၅ - ၂၀၁၃)ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ပါ၍ လျှောက်ထားသူများသည် အောက်ပါလိပ်စာအတိုင်း မိမိတို့၏ ကိုယ်ရေးရာဇဝင်အကျဉ်းအား လျှောက်ထားလိုသော ရာထူးနှင့် လုပ်ငန်းအတွေ့အကြုံ ထည့်သွင်းရေးသား၍ ဓါတ်ပုံနှစ်ပုံ၊ ပညာအရည်အချင်းထောက်ခံစာမိတ္တူ၊ ရဲစခန်းထောက်ခံစာမိတ္တူ၊ လေဘာမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူတို့အား မွေးတွဲကာ (၁၅ - ၅ - ၂၀၁၃)နေ့ နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ် (၃၉) (၂)ရပ်ကွက်၊ ရွှေသရဖီရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ၀၁-၅၃၁ ၄၃၆
hr.recruit@ayabank.com.mm

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဗိုလ်မှူးဆိုင်းဝါ(ငြိမ်း)-ဒေါ်မွေးမွေးတို့၏ တူသား၊
တနင်္သာရီတိုင်းဒေသကြီးနေ (ဦးဟုတ်စွမ်)-ဒေါ်ကြင်သန်းတို့၏သား
ဗိုလ်ကြီးအောင်ကျော်စိုး B.C.Sc(D.S.A)
(တပ်မတော်နည်းပညာတက္ကသိုလ်၊ ပြင်ဦးလွင်)
နှင့်
ရန်ကုန်မြို့နေ ဦးစိုးနိုင်-ဒေါ်စောရီ တို့၏တစ်ဦးတည်းသောသမီး
မနိုင်နိုင်ခင် B.C.Sc(Q),B.Ed(Q)
[အထက(၅)၊ မရမ်းကုန်း]

တို့၏ ၃-၅-၂၀၁၃ရက်(သောကြာနေ့)တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဦးတင်ဝင်း(အဖွဲ့ခွဲမှူး-ငြိမ်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်စန်းရီအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အစမှအဆုံးထိ စိတ်ရောကိုယ်ပါကူညီပေးပါသော ဦးမောင်မောင်ညွန့် (1A/E MTM Co.,Ltd)-မမကြီး မစမ်းစမ်းဝင်းနှင့် မင်္ဂလာအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးအောင်ကျော်စိုး-မနိုင်နိုင်ခင်

NELC "Don't Worry, Just Speak!!!"
Nelson English Language Centre

- ★ Intro, Level 1,2,3
- ★ Listening & Speaking 1, 2
- ★ Grammar(Basic) + Speaking
- ★ Pre-College (Basic)
- ★ IELTS (Foundation)

Opening in May

☎ မြေနီကုန်း - 01 523 680, 526 311 ☎ ဗိုလ်အောင်ကျော် - 01 256 516, 256 517
☎ မန္တလေး - 02 658 52
Website : www.nelc-centres.com Email : nelcnocentres@gmail.com

---

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်
အမျိုးသမီးများလူနေမှုဘဝမြင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့်
ဝါဝါသန်းအလှပြင်ဆိုင်တို့ပူးပေါင်းဖွင့်လှစ်မည့်
ဆံပင်၊ မိတ်ကပ်၊ အလှပြင်သင်တန်းတက်ရောက်ခွင့်လျှောက်လွှာခေါ်ယူခြင်း

သင်တန်းစတင်ဖွင့်လှစ်မည့်ရက်	- ၂၀-၅-၂၀၁၃ရက်
သင်တန်းဖွင့်လှစ်မည့်နေရာ	- ၂၉၄၊ လမ်း(၄၀)အတက်ဘလောက်
သင်တန်းအချိန်	- နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ (အင်္ဂါနေ့မှ စနေနေ့)
သင်တန်းကာလ	- ၂လ
လက်ခံမည့်သင်တန်းသူဦးရေ	- ၄၀ဦး(အမျိုးသမီးများသာ)
လျှောက်လွှာစတင်ရောင်းချမည့်ရက်	- ၇-၅-၂၀၁၃ရက်
လျှောက်လွှာတင်ရန်နောက်ဆုံးရက်	- ၂၀-၅-၂၀၁၃ရက်
လျှောက်လွှာတင်ရမည့်နေရာ	- အမှတ်(၆၈)၊ အနော်ရထာလမ်းနှင့်ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဝါဝါသန်းအလှပြင်ဆိုင်

ဖုန်း-၂၄၅၄၉၃၊ ၃၃၄၉၈၈၊၀၉-၅၀၇၂၄၄၅၊ ၀၉-၅၄၀၀၄၁၈

သတိပြုလက်မှတ်ရောင်းပြီ
OASIS
